# ကြေးမုံ
The Mirror Daily
၁၉၅၇ ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့၊ 21, Tuesday June 2016 (၈၅၉၉)


**သတိပြုရှောင်ရှား**

မိမိပြုမိမှားခဲ့သော နှုတ်ထွက်စကားတစ်ခွန်းသည်လည်းကောင်း၊ ကိုယ်အမူအရာ၊ စိတ်အမူအရာတို့သည်လည်းကောင်း မိမိနောက်သို့ အရိပ်ပမာလိုက်၍ အကျိုးပေးသဖြင့် ထိုအမှားမျိုးမပြုမိအောင် သတိပြုရှောင်ရှားရာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၄၁၆)



# မြန်မာနိုင်ငံ၏ ကုန်သွယ်မှု ဘက်စုံလေ့လာဆန်းစစ်ခြင်း အစီရင်ခံစာထုတ်ပြန်

**နေပြည်တော် ဇွန် ၂၀**

ကမ္ဘာ့စီးပွားရေးနှင့် ပေါင်းစည်းနိုင်ရန် အဘက်ဘက်က တိုးမြှင့်ဆောင်ရွက်နေကြောင်း၊ ကုန်စည်စီးဆင်းမှုနှင့်အတူ အရင်းအနှီးစီးဆင်းမှု၊ အလုပ်အကိုင်အခွင့်အလမ်းများစီးဝင်လာမှု၊ ပို့ကုန်ကဏ္ဍမြင့်တက်လာမှုနှင့် စီးပွားရေးတိုးတက်မှုကွင်းဆက်များ တစ်ခုပြီးတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာရန် အစိုးရအနေဖြင့် အလေးထားဆောင်ရွက်နေကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ကျင်းပသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် World Bank Group တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဘက်စုံလေ့လာဆန်းစစ်ခြင်း အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားတွင် ဒုတိယသမ္မတက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

**ယခုအစီရင်ခံစာသည် မိမိတို့အစိုးရအတွက် များစွာ အထောက်အကူဖြစ်စေနိုင်မည့် အစီရင်ခံစာဖြစ်။ အစီရင်ခံစာပါ အားနည်းချက်များကို ပြင်ဆင်ပြီး အကြံပြုချက်များ၊ လုပ်ငန်းစဉ်များကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်။**

ထို့ပြင် ဒုတိယသမ္မတက မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေးနှင့် ပေါင်းစည်းနိုင်ရန် ကြိုးပမ်းလျက်ရှိရာတွင် အတားအဆီးများ၊ နည်းပညာပံ့ပိုးကူညီမှုများ၊ မူဝါဒများအား မည်သည့်ကဏ္ဍများတွင် လိုအပ်နေသည်ဆိုသည့် အချက်အလက်များကို ယခုအစီရင်ခံစာတွင် ဖော်ထုတ်ထားပါကြောင်း၊ ယခုအစီရင်ခံစာသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၏ မြန်မာနိုင်ငံနည်းတူ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း။

ကမ္ဘာ့စီးပွားရေးတိုးတက်မှုမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ကြောင်း၊ ယင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၏ စီးပွားရေးနှေးကွေးလာမှု၊ ကုန်စည်ဈေးနှုန်းများကျဆင်းလာမှု၊ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှု အားပျော့လာမှု၊ အရင်းအနှီးစီးဆင်းမှု နှေးကွေးသွားမှုတို့ကြောင့် ဖြစ်ကြောင်း၊ ထွန်းသစ်စဈေးကွက်များ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်တင်ပို့မှုများသည် ရေနံဈေးနှုန်းကျဆင်းလာမှုကြောင့် ရုန်းကန်နေရသည့် အနေအထားသို့ ရောက်ရှိလာကြောင်း၊ တိုးတက်မှုနှေးကွေးနေသော ကမ္ဘာ့စီးပွားရေး အခြေအနေ၊ စီးပွားရေးမူဝါဒ ထိန်းညှိမှုဆောင်ရွက်ချက်များကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် ကမ္ဘာ့စီးပွားရေးဖွဲ့စည်းတည်ဆောက်မှုပုံစံကို ပြုပြင်ပြောင်းလဲရန် အရေးတကြီးလိုအပ်လာကြောင်း။

ကမ္ဘာ့စီးပွားရေး နှေးကွေးလာသည်နှင့်အမျှ အာရှဒေသတွင်း စီးပွားရေးအင်အားကြီးနိုင်ငံများ၏ စီးပွားရေးသည်လည်း နှေးကွေးလာကြောင်း၊ မြန်မာနိုင်ငံသည်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒

# ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စယန်ဟီလီတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၀**

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးကိစ္စရပ်များ၊ အထူးသဖြင့် မြန်မာနိုင်ငံအစိုးရမှ ဆောင်ရွက်လျက်ရှိသည့် ရက် ၁၀၀ စီမံချက်တွင် လူ့အခွင့်အရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂ (UN)၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စယန်ဟီလီတို့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံစဉ် ထိုသို့ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် ရခိုင်ပြည်နယ်ကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကိစ္စ၊ လွတ်လပ်စွာစုဝေးခွင့်နှင့် အသင်းအဖွဲ့များဖွဲ့စည်းခွင့်ကိစ္စ၊ စီးပွားရေး၊ လူမှုရေး၊ အခွင့်အရေးများဆိုင်ရာကိစ္စ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်နိုင်ရေးကိစ္စနှင့် မြန်မာနိုင်ငံမှ ပါဝင်ရန်ကျန်ရှိသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်များသို့ ဝင်ရောက်ရေးကိစ္စရပ်များနှင့်

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ✪




# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ် မွေးနေ့ကိတ်နှင့် စားသောက်ဖွယ်ရာများကျွေးမွေး



**နေပြည်တော် ဇွန် ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၁၉ ရက်တွင် ပြည့်မြောက်ခဲ့သည့် (၇၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းက လွှတ်တော်ရုံးနှင့် သမ္မတရုံးများအတွင်း စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၎င်း၏ (၇၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် လွှတ်တော်ဝင်းအတွင်းရှိ (I-12)အဆောင်၌ လွှတ်တော်များမှ ဝန်ထမ်းများအား မွေးနေ့ကိတ်နှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတရုံးရှိ သန့်ရှင်းရေးဝန်ထမ်းများ၊ ယာဉ်မောင်းများနှင့် အောက်ခြေဝန်ထမ်းများအပါအဝင် အမှုထမ်း၊ အရာထမ်းများအားလုံးအား မွေးနေ့ကိတ်မုန့်ကိုလည်းကောင်း မျှဝေကျွေးမွေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတရုံးနှင့် လွှတ်တော်ရုံးများမှဝန်ထမ်းများကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများ၏အကျိုးကို ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း၊ ငြိမ်းချမ်းသာယာပြီး ခေတ်မီတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ်သို့ ဦးဆောင်လျှောက်လှမ်းနိုင်ပါစေကြောင်းမေတ္တာပို့သ၍ ဆုမွန်ကောင်းတောင်းခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**




မြန်မာနိုင်ငံ၏ကုန်သွယ်မှုဘက်စုံလေ့လာဆန်းစစ်ခြင်းအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

တစ်ကမ္ဘာလုံးနှင့် ပေါင်းစည်းမှုအလျင်အမြန်မြင့်မားလာရန် အရေးကြီးကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှုကဏ္ဍတွင် ကမ္ဘာကြီးနှင့် မြန်မြန်ဆန်ဆန် ပေါင်းစည်းနိုင်ရန်အရေးကြီးကြောင်း၊ မြန်မာနိုင်ငံ၏ကုန်ထုတ်လုပ်မှုတန်ဖိုးနှင့် ကုန်သွယ်မှုအချိုးမှာ ၃၀ ရာခိုင်နှုန်းခန့်အထိရှိနေကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအချက်အချာကျမှုကို အကျိုးရှိရှိထိထိရောက်ရောက်အသုံးချနိုင်ရန် ကုန်သွယ်မှုကဏ္ဍမြင့်မားလာရေးမှာ အထူးပင်အရေးကြီးနေကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် ကုန်သွယ်မှုအခြေအနေမှာ တိုက်ရိုက်ဆက်စပ်နေကြောင်း၊ ယခုအစီရင်ခံစာသည် မိမိတို့အစိုးရအတွက် များစွာအထောက်အကူဖြစ်စေနိုင်မည့် အစီရင်ခံစာဖြစ်ကြောင်း၊ အစီရင်ခံစာပါ အားနည်းချက်များကိုပြင်ဆင်ပြီး အကြံပြုချက်များ၊ လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များ လုပ်ငန်းစဉ်များကို မိမိတို့အစိုးရပိုင်းက အလေးထားပြီး စဉ်းစားသုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကုန်သွယ်မှုဆိုင်ရာဘက်စုံလေ့လာဆန်းစစ်မှုအစီရင်ခံစာ၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏အားနည်းချက်များ၊ အားသာချက်များကို သုံးသပ်ထားပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် ကုန်သွယ်မှုအခန်းကဏ္ဍမြှင့်တင်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ အကြံပြုနိုင်ရေးအတွက်ဖြစ်ကြောင်း၊ ယခုအစီရင်ခံစာကို ကုန်သွယ်မှုနှင့် ဆက်စပ်နေသော ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကဏ္ဍမှအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ကမ္ဘာ့ဘဏ်မှပညာရှင်များက အပြီးသတ်ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း။

ကုန်သွယ်မှုသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်ပြီး ကုန်သွယ်မှုကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် မိမိတို့၏အားနည်းချက်၊ အားသာချက်များသိရှိမှသာ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် သဘာဝသယံဇာတနှင့် စိုက်ပျိုးရေးဆိုင်ရာအရင်းအမြစ်များ၊ လုပ်သားအင်အားများ၊ မဟာဗျူဟာတည်နေရာ အနေအထားတို့အရ အားသာချက်ရှိပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများအပါအဝင် ဒေသတွင်းအနေအထားအရ ကမ္ဘာ့လူဦးရေ ၄၀ ရာခိုင်နှုန်း၏ ဗဟိုချက်တွင်တည်ရှိသည့်အတွက် ဈေးကွက်ကြီးတစ်ခုကိုလည်း ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရန် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၊ လူ့အရင်းအမြစ်များ၊ အရည်အသွေးစစ်ဆေးရေးနည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာကဏ္ဍများတွင် စွမ်းဆောင်ရည်များမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အမှုဆောင်အတွင်းရေးမှူး Dr. Ratnakar Adhikari၊ ကမ္ဘာ့ဘဏ် မြန်မာနိုင်ငံဆိုင်ရာ မန်နေဂျာ Mr. Abdoulaye Seck၊ ဥရောပနှင့် ထိုင်းနိုင်ငံဆိုင်ရာ လေ့လာရေးအဖွဲ့ စီးပွားရေးနှင့်ကုန်သွယ်ရေးဌာန အကြီးအကဲ Mr. Philipp Dupuis တို့က အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများ၊ ဥရောပသမဂ္ဂမှ တာဝန်ရှိသူများက အစီရင်ခံစာအပေါ် ရှင်းလင်းခြင်း၊ ဆွေးနွေးခြင်းနှင့် မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

**(သတင်းစဉ်)**

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၀**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ဦးဆောင်၍ ယနေ့မွန်းလွဲ ၁ နာရီတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က ကော်မတီစတင်ဖွဲ့စည်းချိန်မှ ယနေ့အချိန်ထိ ကုလသမဂ္ဂလက်အောက်ခံ Country Task Force on Monitoring and Reporting (CTFMR) နှင့်ပူးပေါင်းပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြကာ ကော်မတီဝင်များကလည်း ဖြည့်စွက်ဆွေးနွေးကြသည်။

အဆိုပါကော်မတီအနေဖြင့် CTFMR နှင့် ပူးပေါင်း၍ တပ်ရင်း/တပ်ဖွဲ့ ၁၅၅ တပ်သို့ Monitoring Visit သွားရောက်စိစစ်နိုင်ခဲ့ပြီး လုပ်ငန်းစီမံချက် (Plan of Action) လက်မှတ်ရေးထိုးသည့် ၂၀၁၂ ခုနှစ် ဇွန်လ ၂၇ ရက်မှ ယနေ့အထိ တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ၇၄၄ ဦးအား မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့သည့်အပြင် စုဆောင်းမှု နည်းလမ်းမမှန်ဘဲ မှားယွင်းစုဆောင်းခဲ့သည့် တပ်မတော်သားအရာရှိ/စစ်သည် စုစုပေါင်း ၃၈၂ ဦးအား စစ်စည်းကမ်းအရ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ ၂၀၁၂ ခုနှစ် ဇွန်လမှ ၂၀၁၆ ခုနှစ် မတ်လအထိ ညှိနှိုင်းအစည်းအဝေး (၄၂)ကြိမ် ကျင်းပနိုင်ခဲ့ပြီး တိုင်း၊ တပ်မ၊ တပ်ရင်း/တပ်ဖွဲ့များတွင် တပ်သားသစ်စုဆောင်းရေးနှင့်ပတ်သက်၍ အရွယ်မရောက်သေးသူများ ဝင်ရောက်တာဝန်ထမ်းဆောင်ခြင်း မရှိစေရေးအတွက် အသိပညာပေးဟောပြောပို့ချခြင်း၊ စစ်သားစုဆောင်းရေးတပ်များတွင် လစဉ်အသိပညာပေးသင်တန်းနှင့် စုဆောင်းရေးလုပ်ငန်းစဉ်များ ဟောပြောပို့ချခြင်း၊ ပြည်သူလူထုအသိပညာပေးမှုအနေဖြင့် ပိုစတာ၊ လက်ကမ်းစာစောင်၊ ဘေလ်ဘုတ်၊ ရေဒီယို၊ ရုပ်သံ၊ သတင်းစာတို့မှလည်း အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

❂ **ပြည်ထောင်စုဝန်ကြီးမှ**

စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

မစ္စယန်ဟီလီသည် မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းရန် ၂၀၁၄ ခုနှစ် ဇွန်လက စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလနှင့် ဩဂုတ်လများအတွင်းက မြန်မာနိုင်ငံသို့ လာရောက်ခဲ့ရာ ယခုခရီးစဉ်သည် စတုတ္ထအကြိမ်ဖြစ်သကဲ့သို့ အစိုးရသစ် စတင်တာဝန်ယူစဉ် ပထမဆုံးအကြိမ် လာရောက်သည့် ခရီးစဉ်လည်း ဖြစ်သည်။

ယခုခရီးစဉ်သည် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် နယူးယောက်မြို့၌ကျင်းပမည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းမည့် အစီရင်ခံစာ ပြုစုရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# ကမ္ဘာတစ်ဝန်း အိုးအိမ်များကိုစွန့်ခွာကာ ထွက်ပြေးရသူ ၆၅ ဒသမ ၃ သန်းအထိ စံချိန်တင်မြင့်တက်



**ဂျီနီဗာ ဇွန် ၂၀**

ကမ္ဘာတစ်ဝန်း၌ လွန်ခဲ့သည့်နှစ်က မိမိတို့၏ နေအိမ်များကို စွန့်ခွာ၍ ထွက်ပြေးခိုလှုံရသူဦးရေမှာ ၆၅ ဒသမ ၃ သန်းအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ ဖော်ပြပါ ဦးရေအနက် အများအပြားမှာ စစ်ဘေးအန္တရာယ်များကြောင့် ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရသူများဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ဇွန် ၂၀ ရက်တွင် ပြောကြားသည်။

၂၀၁၅ ခုနှစ် နှစ်ကုန် အခြေပြစာရင်းအရ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသူ ၆၅ ဒသမ ၃ သန်းရှိကြောင်း ကမ္ဘာ့ဒုက္ခသည်များနေ့တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ထုတ်ပြန်သောအစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြသည်။

ကမ္ဘာတစ်ဝန်း၌ အိုးပစ်အိမ်ပစ် ထွက်ပြေးလာခဲ့ကြသော ဒုက္ခသည်ဦးရေမှာ ပထမဆုံးအကြိမ် သန်း ၆၀ ကျော်လွန်ခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအကြီးအကဲ ဖီးလစ်ပိုဂရန်ဒီက ပြောကြားသည်။

ကမ္ဘာပေါ်တွင် လူဦးရေ ၇ ဒသမ ၃၄၉ ဘီလီယံ ရှိသည့်အနက် ၁၁၃ ဦးလျှင် တစ်ဦးမှာ အိုးအိမ်ပစ်ထွက်ပြေးနေကြရသူများဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

အိုးအိမ်များကို စွန့်ခွာထွက်ပြေးရသူဦးရေ တရိပ်ရိပ်တိုးလာနေမှုမှာ စိုးရိမ်ဖွယ် အဆင့်သို့ ရောက်ရှိနေရာ ကမ္ဘာ့နိုင်ငံများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

**ရိုက်တာ။**



# ပင်လယ်ရေကြောင်းသင်္ဘောများ ဘေးကင်းလုံခြုံရေး အရှေ့တောင်အာရှ သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည်

**မနီလာ ဇွန် ၂၀**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ စစ်သွေးကြွများ၏ ပြန်ပေးဆွဲမှုဖြစ်ရပ်များ မကြာခဏပေါ်ပေါက်တတ်သော ပင်လယ်ရေကြောင်းဇုန်နယ်မြေကို ဖြတ်သန်းမည့် ပင်လယ်ရေကြောင်း သင်္ဘောများ လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် အရှေ့တောင်အာရှဒေသ သုံးနိုင်ငံက ဇွန် ၂၀ ရက်တွင် သဘောတူညီလိုက်ကြသည်။

ယခုနှစ်အတွင်း အင်ဒိုနီးရှားနှင့် မလေးရှားတွန်းသင်္ဘောများမှ သင်္ဘောသား ၂၀ ခန့်ကို အဘူဆေယက်သူပုန်အဖွဲ့က ပြန်ပေးဆွဲခဲ့သည်။ အရှေ့တောင်အာရှဒေသ၏ ပင်လယ်ဓားပြဘေးအန္တရာယ်မှာ ဆိုမာလီ ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ပေါ်ပေါက်ခဲ့သော ပင်လယ်ဓားပြဘေးအန္တရာယ်မျိုးအထိ ဆိုးရွားလာနိုင်သဖြင့် ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် ဒေသတွင်းနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီကြခြင်းဖြစ်သည်။

ပင်လယ်ရေကြောင်း သင်္ဘောများလုံခြုံရေးအတွက် ပင်လယ်ဓားပြ ထူပြောသောနေရာတွင် စစ်သင်္ဘောများက ပူးတွဲကင်းလှည့်စောင့်ကြပ်ပေးမည်ဖြစ်ပြီး သင်္ဘောများဘေးကင်းစွာ သွားလာနိုင်မည့် ရေကြောင်းစင်္ကြံလမ်းတစ်ခုကို သတ်မှတ်ပေးရန် မြို့တော်မနီလာ၌ အဆိုပါ သုံးနိုင်ငံမှကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးပြုလုပ်ခဲ့ပြီးနောက် ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ကျောက်မီးသွေးတင်ပို့သည့် အကြီးဆုံးနိုင်ငံဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ၏ ကျောက်မီးသွေးတင်သွင်းမှု၏ ၇၀ ရာခိုင်နှုန်းအတွက် ထောက်ပံ့ပေးသောနိုင်ငံဖြစ်သည်။

**ရိုက်တာ။**

# တရုတ်နိုင်ငံတောင်ပိုင်းတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် လူ ၂၂ ဦး သေဆုံး

**ပေကျင်း ဇွန် ၂၀**

တရုတ်နိုင်ငံ တောင်ပိုင်းတွင် ဇွန် ၁၈ ရက်မှ စတင်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများနှင့် ရွှံ့ညွန်များ စီးကျမှုတို့ကြောင့် လူ ၂၂ ဦး သေဆုံးခဲ့ပြီး ဒေသခံပြည်သူ ၁၉၇၀၀၀ ခန့်အား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ပြည်သူ့ရေးရာဝန်ကြီးဌာနက ဇွန် ၂၀ ရက်တွင် ပြောကြားသည်။

ဟူပေ၊ ဆီချွမ်နှင့် ချုံကင်း မြူနီစီပယ်ဒေသအပါအဝင် ပြည်နယ်ခုနစ်ခုတွင် ရေဘေးဒဏ်သင့်သူဦးရေ ၃ ဒသမ ၇ သန်းခန့်ရှိကြောင်း၊ လူ ၂၀ ခန့် ပျောက်ဆုံးနေကြောင်း ယင်းဝန်ကြီးဌာနက ဇွန် ၂၀ ရက် နံနက် ၉ နာရီ ထုတ်ပြန်ချက်အရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေအိမ်အလုံး ၂၄၀၀ ကျော် ပျက်စီးခဲ့ပြီး စိုက်ပျိုးမြေဧရိယာ ဟက်တာ ၂၀၉၀၀ ခန့်တွင် စိုက်ပျိုးထားသော သီးနှံများပျက်စီးခဲ့သည်။ စီးပွားရေးအရ တိုက်ရိုက်ထိခိုက်ပျက်စီးမှု ယွမ် ၂ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၀၇ ဒသမ ၉ သန်း)ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ရှင်ကျန်းအူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပြင်းထန်ဆိုးရွားသော ရာသီဥတုဖြစ်စဉ်ကျရောက်ခဲ့ရာ ဇွန် ၁၆ ရက်မှ ၁၉ ရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေလွှမ်းမှုများကြောင့် လူနှစ်ဦးသေဆုံးပြီး လူ ၁၃၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ပြည်သူ့ရေးရာဝန်ကြီးဌာန၏ စာရင်းအင်းထုတ်ပြန်ချက်များ၌ ဖော်ပြသည်။

**ဆင်ဟွာ။**

# ကဘူးမြို့တွင် အသေခံဗုံးဖောက်ခွဲမှုကြောင့် ၁၄ ဦးသေဆုံး

**ကဘူးလ် ဇွန် ၂၀**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော်တွင် နီပေါလူမျိုးလုံခြုံရေးအလုပ်သမားများ စီးနင်းလိုက်ပါလာသည့် မီနီဘတ်စ်တစ်စီးကို အသေခံဗုံးဖောက်ခွဲရေးသမားတစ်ဦးက ဗုံးခွဲတိုက်ခိုက်သောကြောင့် ၁၄ ဦး သေဆုံးခဲ့ရသည်။ တာလီဘန်အဖွဲ့က အဆိုပါဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် ၎င်းတို့၏ လက်ချက်ဖြစ်ပြီး နိုင်ငံခြားကုမ္ပဏီများအတွက် လုံခြုံရေးတာဝန်ယူဆောင်ရွက်ပေးသူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် လုံခြုံရေးအလုပ်သမားများ စုပေါင်းအိမ်ရာမှ မီနီဘတ်စ်ဖြင့် ထွက်ခွာလာချိန် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ မီနီဘတ်စ်အနီးသို့ အမျိုးသားတစ်ဦးက ချဉ်းကပ်လာပြီး ၎င်းဝတ်ဆင်လာသည့် ဗုံးဖောက်ခွဲရေးဝတ်စုံဖြင့် ရုတ်တရက်ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

နီပေါလူမျိုးအလုပ်သမားများသည် ကဘူးမြို့တွင် နိုင်ငံခြားကုမ္ပဏီများနှင့် သံရုံးများတွင် လုံခြုံရေးဝန်ထမ်းများအဖြစ် လုပ်ကိုင်လျက်ရှိကြသည်။ လွန်ခဲ့သည့်လက အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် တာလီဘန်ခေါင်းဆောင် မူလာအက်ခ်တာမိုဟာမက်မန်ဆော သေဆုံးခဲ့ရသည့်အတွက် တာလီဘန်တို့၏ လက်တုံ့ပြန်တိုက်ခိုက်လာနိုင်ဖွယ်ရှိမှုကြောင့် ရဲတပ်ဖွဲ့က လုံခြုံရေးအခြေအနေကို တိုးမြှင့်ထားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



# အင်ဒိုနီးရှားတွင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၄၇ ဦးအထိရှိလာ

**ဂျကာတာ ဇွန် ၂၀**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း ဂျဗား ပြည်နယ်တွင် ရေကြီးရေလျှံမှုနှင့် မြစ်ရေလျှံမှုများကြောင့် သေဆုံးသူ ၄၇ ဦးရှိပြီး ၁၅ ဦး ပျောက်ဆုံးလျက်ရှိကြောင်း အမျိုးသားသဘာဝဘေးဒဏ် စီမံခန့်ခွဲရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ဇွန် ၂၀ ရက်တွင် ပြောကြားသည်။

တည်ငြိမ်စိတ်ချရမှုမရှိသည့် မြေအနေအထားနှင့် မိုးအဆက်မပြတ်ရွာသွန်းမည့် အလားအလာများကြောင့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများမှာ အခက်တွေ့နေရကြောင်း အမျိုးသားသဘာဝဘေးဒဏ် စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပူရ်ဝိုးနူဂရိုဟိုက ပြောကြားသည်။ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို နောက်ထပ် ခုနစ်ရက်ခန့် ဆက်လက်ပြုလုပ်သွားဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူ ၁၄ ဦး ပျောက်ဆုံးပြီး အိမ်ခြေရာပေါင်းများစွာ ဆိုးဆိုးရွားရွား ပျက်စီးသွားခဲ့ရသည်ဟု အဆိုပါအေဂျင်စီက အစောပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် မိုးရာသီတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကို မကြာခဏ ကြုံတွေ့ရသည့် နိုင်ငံဖြစ်သည်။

**ဆင်ဟွာ။**

# အညာဒေသတွင် မိုးဦးစော၍ဆည်ကန်များ ရေဝင်နေသဖြင့် တောင်သူများ ဝမ်းသာပျော်ရွှင်နေ

**မိတ္ထီလာ ဇွန် ၂၀**



အညာဒေသ အထက်မြန်မာပြည် မြောက်ပိုင်း မြင်းခြံခရိုင်တွင် မုတ်သုံရာသီဝင်လာပြီး မိုးဦးစော၍ မိုးရွာရက်များကာ ရေပါသဖြင့် မြင်းခြံခရိုင်တွင်းရှိ ဆည်ကန်များ ရေဝင်လာပြီဖြစ်၍ တောင်သူများသောက်သုံးရေဖူလုံစွာ ရရှိနေကြသဖြင့် ပျော်ရွှင်နေကြသည်။

မြင်းခြံခရိုင်တွင် ဆည်ကန် ၁၉ ကန်၊ တောင်သာမြို့နယ်တွင် ၂၇ ကန်၊ နွားထိုးကြီးမြို့နယ်တွင် ၁၂၁ ကန်၊ ငါးဇွန်းမြို့နယ်တွင် ၂၄ ကန်၊ ကျောက်ပန်းတောင်း မြို့နယ်တွင် ၃၇ ကန်၊ ညောင်ဦးမြို့နယ်တွင် ၆၅ ကန် မြင်းခြံခရိုင်တွင် စုစုပေါင်း ဆည်ကန် ၂၉၃ ကန်ရှိသည်။ မြင်းခြံခရိုင်တွင် ဇွန်လဆန်းမှစ၍ မုတ်သုံဝင်လာပြီး မိုးရွာရက် ၁၁ ရက်တွင် မိုးရေချိန်ပေါင်း ၇ လက်မခန့်ရရှိ၍ ဆည်ကန်ငယ်များတွင် ရေများဝင်ရောက်လာပြီဖြစ်ကာ တောင်သူများအတွက် သောက်သုံးရေနှင့် ကျွဲ၊ နွား တိရစ္ဆာန်ရေလုံလောက်စွာ ရရှိနေကြသဖြင့် ဝမ်းသာပျော်ရွှင်နေကြသည်။

မုတ်သုံမိုးဝင်လာပြီး မိုးအဆက်မပြတ် ရွာသွန်းနေသဖြင့် အယ်နီညို၏ အပူဒဏ်ကိုခံနိုင်ကာ ရေရှားပါးသည့် ပြဿနာလည်း ဖြေရှင်းသွားနိုင်ပြီဖြစ်သည်။ မိုးဦးစောသဖြင့် တောင်သူများ စိုက်ပျိုး ထွန်ယက်နေကြပြီဖြစ်သည်။

မြင်းခြံခရိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရက် ၁၀၀ အတွင်း နွားထိုးကြီးမြို့နယ် ပဲချက်ရွာအနီး ဘုတ်ကန်ကို အလျား ပေ ၁၂၀၀၊ အမြင့် ၂၅ ပေ၊ ထိပ်ပြင်အကျယ် ၁၈ ပေ၊ ရေပိုလွှဲတစ်ခု၊ ရေထုတ်ပြွန်တစ်ခု တည်ဆောက်နေပြီး ရေသောက်ဧရိယာ ဧက ၂၂၀ သောက်သုံးနိုင်ကာ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျပ်သိန်း ၁၄၅၀ အကုန်အကျခံ၍ တည်ဆောက်နေသည်။

မြင်းခြံခရိုင် ငါးဇွန်းမြို့နယ် ပန်းရွာရှိ စီထိန်းကန်မှာနှစ်ကာလကြာပြီဖြစ်၍ သဲနုန်းများပို့နေပြီး ကောနေသဖြင့် သဲနုန်းတူးဖော်ပြီးပါက ကန်အတွင်း ရေဂါလန် ၁ ဒသမ ၉၅ သန်းသိုလှောင်နိုင်သဖြင့် ကျေးရွာသောက်သုံး ရေဖူလုံစေမည်ဖြစ်ပြီး ပတ်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်လာမည်ဖြစ်သည်။

မြင်းခြံခရိုင် ငါးဇွန်းမြို့နယ် ညောင်ချင်းကျေးရွာ အနီးရှိ ညောင်ချင်းကန်မှာ နှစ်ပေါင်းများစွာကြာမြင့်လာပြီဖြစ်၍ သဲနုန်းပို့ချကာ ကောနေသဖြင့် အသစ်ပြန်လည်တူးဖော်နေရာပြီးစီးပါက ကန်အတွင်း ရေဂါလန် ၁ ဒသမ ၇၅ သန်းသိုလှောင်နိုင်ပြီဖြစ်ရာ ကျေးရွာသောက်သုံးရေဖူလုံစွာရရှိပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာမည်ဖြစ်သည်။

ညောင်ဦးခရိုင် တောင်တောကျေးရွာအနီးရှိ ကန်ငယ်ကြီးကန်မှာ သဲနုန်းများပို့ချ၍ ကောနေသဖြင့် သဲနုန်းတူးဖော်ခြင်း လုပ်ငန်းပြီးပါက ကန်အတွင်း ရေဂါလန် ၁ ဒသမ ၈ သန်း သိုလှောင်နိုင်မည်ဖြစ်၍ ကျေးရွာလူထုသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်သည်။

ညောင်ဦးခရိုင် ငါးသရောက်မြို့ ပျဉ်းပင်ရွာအနီးတွင် ကျေးရွာလူထုနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ သောက်သုံးရေအပြင် စိုက်ပျိုးရေရရှိရန်အတွက် ပပြားဆည်ကို တည်ဆောက်နေသည်။ ပပြားဆည်မှာ ကန်ပေါင်အလျား ပေ ၁၅၀၀၊ ကန်ပေါင်အမြင့် ပေ ၂၀၊ ကန်ပေါင်ထိပ်ဝအကျယ် ၁၂ ပေ ရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ၂၃၁ ဧကပေဖြစ်သည်။ ပပြားဆည်ရေသောက် ဧက ၃၀ နှင့် ကျေးရွာသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်သည်။

မြင်းခြံခရိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက နွားထိုးကြီး၊ ငါးဇွန်း၊ ညောင်ဦးခရိုင်အတွင်းရှိ ဆည်ကန်ငယ်ခြောက်ကန်ကို ရက် ၁၀၀ အတွင်း ပြီးစီးရန် စက်ယန္တရားဖြင့် ဆည်ဖို့တူးဖော်နေသည်။

မြင်းခြံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်လွင်က ရက် ၁၀၀ အတွင်း နွားထိုးကြီး၊ ငါးဇွန်းနှင့် ညောင်ဦးခရိုင်အတွင်းရှိ ဆည်ကန်ငယ်ခြောက်ခုကို အပြီးဆောင်ရွက်ရန် တူးဖော်နေသကဲ့သို့ မြင်းခြံခရိုင်အတွင်းရှိ ဆည်ကန်ငယ်များကိုလည်း ဒေသခံပြည်သူများက ရေကျော်ခြင်း၊ တူးပေါက်ခြင်း လုပ်ငန်းများကိုလည်း ဝိုင်းဝန်းထိန်းသိမ်း ပြုပြင်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

**(တင်လှိုင်)**

# ပေါင်းလောင်းဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လု

**နေပြည်တော် ဇွန် ၂၀**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် "ပေါင်းလောင်းဒိုင်း" ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေက ပျဉ်းမနားမြို့နယ် ပေါင်းလောင်းပြည်သူ့အားကစားကွင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင်များ၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ အလှူရှင် "စိုး" လျှပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစိုးတင့်နှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဘောလုံးဝါသနာရှင်များ စည်ကားသိုက်မြိုက်စွာ တက်ရောက်အားပေးကြသည်။

ယင်း "ပေါင်းလောင်းဒိုင်း" ပြိုင်ပွဲမှာ ယခင်အစဉ်အလာကြီးမားခဲ့ပြီး (၄၃)နှစ်ကြာ တိမ်မြုပ်ပျောက်ကွယ်ခဲ့ပြီးနောက် ယခုနှစ်မှစ၍ "စိုး" လျှပ်စစ်ဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် ပြန်လည်စတင်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး ပထမရရှိသော ပျဉ်းမနားမြို့နယ်အသင်းအား "ပေါင်းလောင်းဒိုင်း" ကြီးကို "စိုး" လျှပ်စစ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးစိုးတင့်က ပေးအပ်ချီးမြှင့်လိုက်သည်။ **(ဇော်မင်းအောင်)**




# လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး မြေစိုက်ပိုစတာစိုက်ထူ

**အေးမြသာယာ ဇွန် ၂၀**

ရက်(၁၀၀) စီမံချက်ဖြင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သာယာဝတီခရိုင် အေးမြသာယာမြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းကို အေးမြသာယာ ဘုန်းတော်ကြီးကျောင်းလမ်း (၁၀၀)ကေဗွီအေထရန်စဖော်မာဝင်းခြံ၊ အမှတ်(၉) ရပ်ကွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာဝင်းခြံအနီးတို့၌ မြို့လျှပ်စစ်မှူး ဦးကျော်စံလင်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဇွန် ၁၀ ရက်တွင် စိုက်ထူခြင်းဖြစ်ပြီး လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သော ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(၁၄၃)**

# နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒ ဘဝနတ်ထံ ပျံလွန်တော်မူ

**ရန်ကုန် ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒသည် သက်တော် (၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါအရ ၁၃၇၈ ခုနှစ် နယုန်လဆန်း(၁၄)ရက်(၁၉-၆-၂၀၁၆) တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မှန်လုံယာဉ်များဖြင့် ကျောင်းကြို/ပို့ ပြေးဆွဲမှု လုံခြုံစိတ်ချသော်လည်း စနစ်မကျသော အခြေအနေများကြောင့် အခက်အခဲဖြစ်နေ

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများသို မှန်လုံယာဉ်များဖြင့် ကြို/ပို့ပြေးဆွဲမှု တွင်ကျယ်လာသော်လည်း အချို့သော ယာဉ်များတွင် စနစ်မကျသည့်လုပ်ဆောင်မှုများကြောင့် ယာဉ်စီး ကျောင်းသား ကျောင်းသူများအတွက် အခက်အခဲများဖြစ်နေကြောင်း သိရသည်။

အဆိုပါကြို/ပို့ပြေးဆွဲမှုကို လိုက်ထရပ်၊ ဒိုင်နာ စသော နောက်ပွင့်အမျိုးအစားယာဉ်များဖြင့် လုပ်ကိုင်လျက်ရှိရာ ယခု ၂၀၁၆-၁၇ ပညာသင်နှစ်တွင် မှန်လုံယာဉ်ငယ်များဖြင့် ပြောင်းလဲမှုကို ယာဉ်ပိုင်ရှင်အများစုက လုပ်ဆောင်ပေးလာကြသည်။ သို့ရာတွင် ယာဉ်တစ်စီးတွင် တင်ဆောင်သည့် လူဦးရေသတ်မှတ်ချက်မျိုးမထားဘဲပြွတ်သိပ်၍ တင်ဆောင်ကြသော ယာဉ်များရှိလာကာ ထိုယာဉ်များ၌ လိုက်ပါစီးနင်းကြသော ကျောင်းသား ကျောင်းသူများသည် ပင်ပန်းနွမ်းနယ်ခြင်း၊ အချို့သော အရွယ်ငယ်သူများမှာ မူးဝေအော့အန်ခြင်းများလည်း ကြုံတွေ့လာရသည်။

"ကားတစ်စီးမှာ ဘယ်နှယောက်ပဲ တင်သင့်တယ်လို့ သတ်မှတ်သင့်ပါတယ်။ ကားသေးသေးလေးကို ခုံတွေထပ်ဖြည့်ပြီးတင်တော့ ကလေးတွေဟာ သက်သောင့်သက်သာမဖြစ်တဲ့အပြင် ကျောင်းရောက်တော့ မောပန်းနွမ်းနယ်ပြီး ကျောင်းစာသင်ကြားရေးကို ထိခိုက်စေတယ်။ ကျွန်မကလေးဆိုရင် ကျောင်းကားပေါ်မှာခေါင်းမူးလာလို့ အိမ်ရောက်တာနဲ့ ချက်ချင်းစာပြန်မလုပ်နိုင်သေးဘူး၊ အခုတော့ လူနည်းတဲ့ ကျောင်းကားကိုရှာပြီး ပြောင်းစီးရပါတယ်"ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ထိုမှန်လုံယာဉ်ငယ်များတွင် ဟွန်ဒိုင်းမီနီဘတ်စ်များ၊ စူပါကာစတမ်(ခေါင်နိမ့်)(ခေါင်မြင့်) အမျိုးအစားကားများကို ဖယ်ရီအဖြစ်ပြုလုပ်ပြေးဆွဲနေကြပြီး ယာဉ်စီးနင်းခမှာလည်း ကျောင်းရှိရာနှင့် အကွာအဝေးပေါ်မူတည်၍ ကျပ် ၂၅၀၀၀ မှ ၃၀၀၀၀ ကြား ပေးကြရသည်။ ယခင်ကကြို/ပို့ ပြုလုပ်သော လိုက်ထရပ်နှင့် ဒိုင်နာယာဉ်များ၌ ကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ ကြားသာ ကျသင့်သော အခြေအနေမှ မှန်လုံယာဉ်များ၏ ဝန်ဆောင်မှုက အခကြေးငွေနှစ်ဆလောက် မြင့်မားသွားရခြင်းလည်းရှိခဲ့သည်။ ထိုငွေကြေးပမာဏနှုန်းသည် ကလေးနှစ်ဦးရှိသော လခစားဝန်ထမ်းတစ်ဦးအဖို့ပင် လစာ၏ တစ်ဝက်နီးပါးလောက် ကျသင့်သောအခြေအနေမျိုးဖြစ်လာစေကြောင်း သိရသည်။

"အရင်ကစီးနေတဲ့ကားက မှန်လုံပြောင်းမယ်၊ ကားခကလည်းနှစ်စလောက်တက်မယ်ဆိုတော့ အဆင်မပြေတာနဲ့ပဲ ကိုယ်တိုင်ကျောင်းပို့နေရတယ်။ အစိုးရအကြီးအကဲတွေအနေနဲ့ ဒီအပေါ်မှာ လျစ်လျူရှုမထားဘဲ ဆောင်ရွက်ပေးနိုင်ရင် ကောင်းပါတယ်"ဟု ကြည့်မြင်တိုင်မြို့နယ် ထီးတန်းစက်မြေရပ်ကွက်အတွင်းနေထိုင်သော အရာထမ်းတစ်ဦးက ပြောသည်။ အချို့သော ကြို/ပို့ယာဉ်များတွင် စူပါကာစတမ် ခေါင်နိမ့်များကို လူ ၂၀လောက်အထိဆံ့ရန် ထိုင်ခုံများကို ပြန်လည်ပြုပြင်ကြသလို စူပါကာစတမ်ခေါင်မြင့်များကို ၂၅ ဦးလောက်အထိ တင်ဆောင်မှုများလည်းရှိသည်။ ထို့ကြောင့် ယာဉ်စီးခမှာလည်း ယခင်ကထက် မြင့်မားသလို စီးနင်းရသည့်အခြေအနေကလည်း မသက်မသာဖြစ်ရသော အခြေအနေမျိုးရှိလာခဲ့သည်။

အခြေခံပညာကျောင်းများတွင် မှန်လုံယာဉ်များဖြင့် ယင်းကဲ့သို့ ပြေးဆွဲပေးမှုက Safety ပိုင်းအတွက် အဆင်ပြေလှသော်လည်း ကြုံတွေ့နေရသည့် အဆိုပါဆိုးကျိုးများကလည်း အများအပြားရှိနေကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကြို/ပို့ယာဉ်ပြေးဆွဲသည့် ကျောင်းပေါင်း ၁၀၀ ကျော်ရှိပြီး အထက်တန်းကျောင်းများတွင် ပျမ်းမျှအစီး ၂၀ မှ ၃၀ ကြား ပြေးဆွဲမှုများရှိကြောင်း မထသ(ဗဟို)မှ သိရသည်။ **(စနိုး)**

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးအားလျော့နည်းနေမည်။

# မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတို့အကြောင်း

လက်ဘ်ရည်ကျော်

အရှင် ဓမ္မဂဂ်ါက ဘာသာရေးဆောင်းပါးတစ်ပုဒ်ရေးဖို့ တိုက်တွန်းထားသည်။ သည်ဆောင်းပါးကို ဘာသာရေး ဆောင်းပါးဟု ယူလည်းရမည်ထင်သည်။ သို့သော် ပုထုဇဉ်ကရေးတာဆိုတော့ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ သာမန်အတွေ့အကြုံနှင့် အတွေးလောက်ပဲ ဖြစ်ချင်လည်း ဖြစ်လိမ့်မည်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတာ ဗြဟ္မစိုရ် တရားလေးပါးမှန်း ဗုဒ္ဓဘာသာဝင်တိုင်းသိသည်။ ဗြဟ္မာဘုံ လားရာတရားဟု ဆိုသော်လည်း နိဗ္ဗာန်ရောက်ကြောင်း မှာလည်း အထောက်အပံ့ကောင်း ဖြစ်သည်။ ဘုရား၊ ရဟန္တာတို့ နှလုံးသွင်းတော်မူသော တရားတွေလည်း ဖြစ်သည်။ ဘာသာရေးစာပေတွေကို ဖတ်ရှုမှတ်ရှုသာ မကဘဲ စပ်စပ်စုစုမေးခွန်းထုတ်တတ်သည့် ဆယ်ကျော် သက်အရွယ်က သိပ်သဘောမပေါက်ခဲ့။ သံသရာ၏ လက်သမား အနှောင်အဖွဲ့ သံယောဇဉ်တို့ကို ရိုက်ချိုးဖြတ် တောက်ခဲ့တော်မူကြပြီဖြစ်သော ဘုရား၊ ရဟန္တာတို့မှာ သံသရာဝဲထဲမှာ တဝဲလည်လည်ကျန်ခဲ့ကြမည့် ပုထုဇဉ် တွေကို ဘာကြောင့်များ မေတ္တာတွေ၊ ကရုဏာတွေထားနေ ကြပါသနည်း။ စိတ်မဝင်စားဘဲ နေလိုက်လျှင်ကော မရ ဘူးလား။ ဥပေက္ခာဆိုတာ အဲဒါမဟုတ်ဘူးလား။သည်သို့ ထင်မိသည်။

ယခုတော့ မဟုတ်ကြောင်း သိပါပြီ။



ပြီးခဲ့သည့် ဆောင်းတွင်းတုန်းက လေးစားရာကနေ ချစ်ခင်၊ ချစ်ခင်ရာကနေ သမီးအရင်းလို သံယောဇဉ်တွယ် နေမိခဲ့သည့် လူငယ်ပရဟိတ သူရဲကောင်းမလေး ခင်နှင်း ကြည်သာက ပွင့်ဖြူမှာ စာပေဟောပြောပေးဖို့ ပြောလာ သည်။ သူ့ဖခင် စာရေးဆရာကြီး (ဦး)ကြည်မင်းနှင့် အတူဟောပြောရမည်ဖြစ်သည်။ ကျွန်တော်က အလုပ် တာဝန်များကြောင့် ငြင်းခဲ့ပြီး ဇွန်လထဲလောက်ဆိုရင် တော့ ဖြစ်မယ်သမီးဟု ဖြေခဲ့သည်။ သူကလည်း ရန်ကုန် ပြန်ရောက်ပြီး မကြာခင် မွန်ပြည်နယ် ဖားအောက်တောရ စခန်းတွင် တရားသွားဝင်မည်ဟုဆိုသည်။ သူကူညီ နေရာ တောင်တန်းဒေသက ပြန်ရောက်ပြီး ချက်ချင်း ဆက်ဆင်းသွားတာဖြစ်သဖြင့် ရက်အနည်းငယ်ဝင်တာ မျိုးဟုသာ ထင်ခဲ့မိသည်။ နောက်မှသိရတာက သူက သူ့အမှတ်သရုပ်အဖြစ် လူတိုင်းသိသော ဆံပင်ရှည်တို့ကို ဖြတ်၍ လမ်းခင်းရန် လှူဒါန်းလိုက်ပြီး သီလရှင်ဝတ်နှင့် တရားစခန်း ဝင်သွားတာဖြစ်သည်။ ဘွဲ့က သူနှင့်လိုက်ပါ ပေ့။ ဒေါ်ကရုဏာတဲ့။

မကြာခင် သူ့မိခင် မကျန်းမာတော့ သူခဏပြန်လာ သေးသည်။ ထိုအချိန်အထိ သူ့ကို ဆရာလေးဟု နှုတ် မကျိုးသေး။ သမီးဟုသာ ခေါ်မိသည်။ ဘယ်တော့ လူပြန် ထွက်မှာလဲဆိုတော့ မေလကုန်မှ စဉ်းစားမည်တဲ့။ လခ ရနေသည့် အလုပ်ကိုလည်းထွက်လိုက်သည်။ အမေရိကန် ပြည်ထောင်စုက ဖိတ်ကြားထားသည့် ခရီးစဉ်ကိုလည်း ရွှေ့လိုက်သည်။ မိခင်ကြီးကိုပြုစုပြီး သူပြန်သွားသည်။

မေလကုန်တော့လည်း သူမထွက်ပါ။ ဆရာတော်ကို ခွင့်ပန်၍ သီလရှင်ဝတ်နှင့်ပင် ရန်ကုန်၊ မြိုင်၊ ပွင့်ဖြူတို့သို့ တက်လာပြီး ပရဟိတအလုပ်တွေ ဆက်လုပ်လိုက်၊ တရား စခန်းပြန်ဝင်သွားလိုက်လုပ်နေသည်။ အမေရိကန်ခရီးစဉ် က ဝါကျွတ်မှတဲ့။ ဝါကျွတ်ရင် ထွက်မှာလားဆိုတော့လည်း သီလရှင်ဝတ်နဲ့ပဲ သွားဖို့များသည်တဲ့။ လက်ရှိနေနေ ရသည့် ဘဝကလေးမှာ စိတ်နှလုံး ငြိမ်းအေးနေတာက လွဲလျှင် ရှေ့ဘဝခရီးကို တော်တော်ဥပေက္ခာ ခိုင်မာနေ သည့်ပုံ။ တစ်ကိုယ်တော် ပရဟိတသမားများကွန်ရက်က ဆရာလေးကိုနိုင်တူးတို့၊ မောင်ရဲဝင်းတို့ကပါ ဆရာ ကူပြောပေးပါဦး၊ ပြောရလွန်းလို့ ကျွန်တော်တို့လည်း ငရဲကြီးလှပြီဟု ဆိုကြသည်။ ကျွန်တော်မပြောပါ။ ကိုယ့်အသက်ထက်ဝက်မျှငယ်သော ဒီသေးသေးပိန်ပိန် မိန်းမပျိုကလေးသည် လူ့ဘဝကတည်းက ကိုယ့်ထက် ပိုရင့်ကျက်တည်ငြိမ်တာ သိပြီးသားလေ။ သူပျော် သလောက်သာနေပေရော့ဟု သဘောထားရသည်။ သူ့ကို ဆရာလေးဟု အသိအမှတ်ပြု ခေါ်ရတော့သည်။

သူက ကျွန်တော်ပေးဖူးသော ကတိကိုမမေ့။ ပွင့်ဖြူက ဆရာတော်အရှင် ဣန္ဒြာလင်္ကာရနှင့် ညှိ၍ စာပေဟောပြော ပွဲကို ဇွန်လထဲမှာ စီစဉ်သည်။ ကျွန်တော်၊ ဒေါက်တာ သန်းမင်းထွန်း(ပင်းတယ မီးအိမ်ရှင်)နှင့် စာရေးဆရာ ကိုရွှေအောင်သင်းတို့ကို ဖိတ်သည်။

ကျွန်တော်က စာမေးပွဲစစ်နေရာ မကွေးကနေ ပွင့်ဖြူ ကို ကားနှင့်လာရသည်။ ကိုသန်းမင်းထွန်းက ပင်းတယကနေ ဟဲဟိုး-ညောင်ဦး လေယာဉ်နှင့် လာသည်။ ဆရာလေးက ရန်ကုန်ကနေ ကားနှင့်တက်လာပြီး ညောင်ဦးမှာ ကိုသန်း မင်းထွန်းကို သွားကြိုသည်။ ဆရာ ကိုရွှေအောင်သင်းက ရန်ကုန်ကနေ သူ့ကားသူမောင်း၍ တက်လာသည်။

တကယ်တော့ ကိုသန်းမင်းထွန်းဆိုတာက ပရဟိတ သမား ခင်နှင်းကြည်သာကို လူထုဂုဏ်ရည် အထူးဆုပေး ဖူးသော အဖွဲ့အစည်းက လူထုဂုဏ်ရည်ဆုပေးထားသူ။ ကိုရွှေအောင်သင်းက 'ဟိုက်ပါ' စစ်ဘေးရှောင်ဒုက္ခသည် စခန်းမှာ ခင်နှင်းကြည်သာ ပရဟိတလုပ်ငန်းတွေ စွန့်စွန့် စားစားသွားလုပ်နေတုန်းက ပါသွားဖူးသူ။ ကျွန်တော်က ခင်နှင်းကြည်သာ 'ပုံတောင်' တောင်တန်းဒေသမှာ ဆောင်ရွက်နေသည့် ပရဟိတလုပ်ငန်းတွေကို အခြေခံ၍ 'ပန်းဒေါင်း' ဝတ္ထုကိုရေးခဲ့သူ။

တိုက်တိုက်ဆိုင်ဆိုင်ပင် ပန်းဒေါင်းထဲက ခင်နွယ်စိုး အဖြစ် သရုပ်ဆောင်မည့် ပိုင်ဖြိုးသုနှင့် ဦးမြသွေးအဖြစ် သရုပ်ဆောင်မည့် ကိုလူမင်းတို့က အဲသည်အပတ်ထဲမှာ တင် ပန်းဒေါင်းကို ကျွန်တော်ကိုယ်တိုင် ရေးပေးလိုက် သော ဇာတ်ညွှန်းနှင့် အောင်ပန်းမှာ ရုပ်ရှင်ကြီးသွားရိုက် နေကြသည်။ ကျွန်တော့်ကိုလိုက်ခဲ့ဖို့ ခေါ်ကြသော်လည်း ကျွန်တော်မလိုက်ဖြစ်။

'ပန်းဒေါင်း' အစစ်ဖြစ်သည့် ဆရာလေး ဒေါ်ကရုဏာ ခေါ်ရာ စာပေဟောပြောပွဲတော့ ရောက်အောင်သွားခဲ့သည်။

ကျွန်တော်နှင့်အတူ ကလေးအထူးကု ဆရာဝန်တွေ အများကြီး ခေါ်သွားသည်။ ရန်ကုန်ကရော၊ မြိတ်ကရော၊ ဟင်္သာတကရော စုံလို့ပါပဲ။ ၁၅ ယောက်လောက်ရှိသည်။

စာပေဟောပြောမည့် ဖလံတောရွာတစ်ဝိုက်က ကလေးလေးတွေကို ဆေးစစ်ပေးတာ၊ ဆေးကုပေးတာ၊ ကျန်းမာရေးပညာပေးတာတွေ အရင်လုပ်သည်။ လာကြ တာမှ အများကြီးပါပဲ။ ဆေးတွေလည်း အလှူရထားတော့ ပျော်စရာကြီး။

ကိုသန်းမင်းထွန်းကလည်း ကျွန်တော်တို့နှင့် ပူးပေါင်း၍ လူကြီးတွေကို ကုပေးသည်။ ဆရာလေး ဒေါ်ကရုဏာ ကတော့ ထုံးစံအတိုင်း စာကြည့်တိုက် ဆောက်လုပ်ရေး ကိစ္စတွေ လိုက်ကြည့်သည်။ ပရဟိတ စာပေသမားတို့၏ ပရဟိတခရီးစဉ်စစ်စစ်။

စာပေဟောပြောပွဲမှာ ဆရာလေးပါ တစ်ခုခုပြောရ မည်ဟု ကျွန်တော်က အရေးဆိုသည်။ ပွဲကို စီစဉ်သည့် ပွင့်ဖြူ ပရဟိတအဖွဲ့များ ကွန်ရက်မှာလည်း တွဲဖက်အတွင်း ရေးမှူးတာဝန်ယူထားသည့် ဆရာလေးက ခဏတော့ တက်၍ ပြောပေးသည်။ သည်ကွန်ရက်က အဖွဲ့သုံးဆယ် ကျော် ဖွဲ့ထားတာတဲ့။ အားရစရာ။ ဆရာလေးက အဖွဲ့ သုံးဆယ်ကျော်သည် ဆုံးဖြတ်ချက်သုံးဆယ်ချ၍ ငြင်းခုံ နေကြလျှင် ခရီးတွင်မည်မဟုတ်ကြောင်း၊ လက်သီးဆုပ် လိုက်လျှင် လက်ချောင်းကလေးတွေ ပြိုင်တူလှုပ်ရှားသလို ဖြစ်နေမည်ဖြစ်ကြောင်း တိုတိုနှင့်ရှင်းရှင်း ပြောသွားသည်။

ဘုရား ဘုရား။

ဒါ တစ်ချိန်က စကားထစ်နေ၍ ပုံပြောသူများအဖွဲ့မှာ သရုပ်ဆောင်ပြခဲ့ရသည့် မိန်းမငယ်ကလေးလေ။ ယခု ဆရာလေးဘဝမှာတော့ စကားမထစ်တော့ရုံမက ပရိသတ် ကို လွှမ်းမိုးနိုင်စွမ်းပါအပြည့်။

ဆရာလေး ဥက္ကဋ္ဌလုပ်နေသော တစ်ကိုယ်တော် ပရဟိတသမားများကွန်ရက်မှ ပွင့်ဖြူ ဖလံတောရွာ စာကြည့်တိုက် ဆောက်လုပ်ရေးအတွက် သိန်း ၅၀ ကျော် တစ်ခါတည်းလှူသည်။

မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းက ကျွန်တော်တို့ကို ကြိုဆိုစကားပြောသည်။ မကွေးတိုင်းဒေသကြီး ဥပဒေချုပ်လည်းလာသည်။ ယခင် ခေတ်နှင့် မတူတော့တာတော့ သူတို့အားလုံး ကိုယ့်ဆိုင် ကယ်ကိုယ်စီး၍ ရောက်လာကြတာပဲ ဖြစ်သည်။

ကိုသန်းမင်းထွန်းက 'သူမြတ်တို့အကြောင်း' ခေါင်းစဉ် ဖြင့် ဟောပြောသည်။ ကိုယ်ကျိုးမဖက် အများအတွက် ဆောင်ရွက်သူက သူမြတ်တဲ့။ ကိုယ်ကျိုးလည်း ဖက်သူများ အတွက် ဆောင်ရွက်သူက သူလတ်တဲ့။ ကိုယ်ကျိုးသက်သက် ဆောင်ရွက်ပြီး အများအတွက် မငဲ့ကွက်သူက သူယုတ်မာ တဲ့။ စာဖတ်များသူတွေ ကြားဖူးနေကျဖြစ်ချင်ဖြစ်နေမှာ ဖြစ်သော်လည်း ကိုသန်းမင်းထွန်းလို ပရဟိတသူရဲကောင်း တစ်ဦးက ပြောတာဆိုတော့ ကြက်သီးထလောက်အောင် ရင်ထဲထိသည်။

ကိုရွှေအောင်သင်း ရောက်လာသည်။ သူကတော့ နိုင်ငံရေးစာပေတွေ ရေးသူပီပီ နိုင်ငံရေးမပြောပါဘူး။ မပြောပါဘူးနှင့် တော်တော်ပြောသွားသည်။

ကဲ ကျွန်တော့်အလှည့်။

ဘာပြောမှာလဲ။

ကျွန်တော်က ပရဟိတ အလုပ်တွေကို တစ်ပိုင်တစ်နိုင် ဆောင်ရွက်လေ့ရှိသော်လည်း ကိုသန်းမင်းထွန်းနှင့် ယှဉ်လျှင် သာတာဆိုလို့ အသက်သာရှိသည်၊ ကိုရွှေအောင် သင်းလိုလည်း နိုင်ငံရေးမလုပ်ဖူး။

သည်တော့ ရသအကြောင်းပဲ ပြောရမည်။

အဲသည်မှာ ကျွန်တော် စောစောက ဗြဟ္မစိုရ်တရား လေးပါးကို သွားသတိရတာပါ။ ဘုရား၊ ရဟန္တာ စသော အရင့်အမာ ပုဂ္ဂိုလ်များသည် လောကီသံယောဇဉ် အားလုံး ပြတ်ပြီဖြစ်သော်လည်း မေတ္တာကို မစွန့်၊ ကရုဏာကို မစွန့်၊ မုဒိတာကိုမစွန့်။ ဥပေက္ခာဆိုတာက တကယ်တော့ ကျွန်တော်ထင်သလို လူတွေကို ဥပေက္ခာထားနေတာ မဟုတ်။ မိမိမေတ္တာထားသူ မိမိအပေါ် မေတ္တာ ပြန်မထား တာ၊ မိမိကရုဏာ ထားသူတွေက ကရုဏာနှင့် တန်တာ မတန်တာ၊ မိမိလို သူများ မုဒိတာ ပွားတာမပွားတာတွေကို စိတ်မဝင်စားသည့် ဥပေက္ခာဖြစ်သည်။



အလိုလေး။ တွေးကြည့်ရတာနှင့် ကြည်နူးစရာ ကောင်းလိုက်တာ။

ဒါ ဘုရား၊ ရဟန္တာ အရင့်အမာပုဂ္ဂိုလ်တွေမှ ပွားများရ မည့် တရားလား။ တကယ်တော့ ဘုရားအဆုံးအမ၊ တရား အဆုံးအမ၊ သံဃာအဆုံးအမမှာ ခိုလှုံနေကြသည့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် အားလုံးနိုင်သမျှ ကြိုးစား ပွားများရမည့် တရားတွေမဟုတ်ဘူးလား။

ခင်နှင်းကြည်သာကို ကျွန်တော်ပင်လျှင် သမီးအရင်း လိုချစ်လျှင် သူ့ဖေဖေ ဒေါက်တာ မောင်မောင်စံ (ခေါ်) စာရေးဆရာကြည်မင်း ဘယ်လောက်ချစ်ရှာမလဲ။ မကျန်း မမာဖြစ်နေသည့် အမေကရော ဘယ်လောက် တမ်းတရှာ မလဲ။ အထွေးဆုံး၊ အသေးဆုံး၊ အထင်ရှားဆုံး သမီးကလေး လေ။ ဒါတွေကို ဥပေက္ခာ ပြုနိုင်လို့ သူထွက်သွားခဲ့တာ။ ဥပေက္ခာပြုနိုင်လို့ ခုချိန်ထိ သူဘယ်တော့ လူထွက်မည်ဆို တာ မဖြေသေးတာ။

သို့သော် မေတ္တာကိုမစွန့်၊ ကရုဏာကို မစွန့်၊ မုဒိတာ ကို မစွန့်၊ ဘာသာ၊ လူမျိုး၊ ဒေသ၊ အစွဲအားလုံးကို ကျော်လွန်သည့် မေတ္တာတရားနှင့် ချင်းပြည်နယ်၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်၊ အညာ ဒေသစုံနေအောင် ပရဟိတလုပ်ငန်းတွေ မမောနိုင်မပန်းနိုင် ဆောင်ရွက် နေသည် မဟုတ်ပါလား။

ဒေါ်ကရုဏာ၏ မေတ္တာလက်နက်

အဲဒါကိုပဲဟောမည်။ ကျွန်တော်နာမည်ပေးလိုက် သည်။ 'ဘဝထဲက ဇာတ်လမ်း၊ ဇာတ်လမ်းထဲကဘဝ'။ အဲသည်ကစလို့ ကျွန်တော် ပန်းဒေါင်းထဲက ခင်နွယ်စိုးကို ဖော်ထုတ်သည်။

'မြန်မာနိုင်ငံဟာ လူဦးရေ သိပ်များတဲ့ အိမ်နီးချင်း နိုင်ငံကြီးတွေနဲ့ ကပ်နေတဲ့အတွက် တိုင်းပြည်ကာကွယ် ရေးအတွက် လူဦးရေအများကြီးရှိဖို့လိုတယ်လို့ ဆိုရှယ် လစ်ခေတ်က ခေါင်းဆောင်တွေ သတ်မှတ်ခဲ့ကြတဲ့ အတွက် ပဋိသန္ဓေတားဆီးဖို့ ခွဲစိတ်မှုကို အစိုးရဖွဲ့ပေးတဲ့ ဆေးအဖွဲ့က သဘောတူမှ လုပ်နိုင်တဲ့ ဥပဒေပေါ်ခဲ့တာ အခုအထိ ကျင့်သုံးနေဆဲဖြစ်ပါတယ်။ တကယ်တော့ အလားတူ ဥပဒေမျိုးရှိတာ ကမ္ဘာပေါ်မှာ နိုင်ငံစုစုပေါင်း ငါးခုပြည့်အောင် မရှိတော့ပါဘူး။ မိမိကလေးလိုချင်တာ၊ မလိုချင်တာကို နိုင်ငံတော်က ဝင်ဆုံးဖြတ်ပိုင်ခွင့်ရှိနေတဲ့ အတွက် လူ့အခွင့်အရေးနဲ့ ဆက်နွယ်စဉ်းစားစရာလည်း ဖြစ်နေပါတယ်။ တစ်ချိန်တုန်းက ကျန်းမာရေးဝန်ကြီး တစ်ဦးက သားကြောဖြတ်ဖို့စောင့်နေတဲ့ အိမ်ထောင်သည် အမျိုးသမီးတစ်ဦးကို 'မွေးဖို့က ခင်ဗျားတို့တာဝန်၊ ကျွေးဖို့ နိုင်ငံတော်က တာဝန်ယူတယ်'လို့ ပြောလိုက်လို့ အဲဒီ အမျိုးသမီး သားကြောဖြတ်ခွင့် ပြန်ဆုံးရှုံးရတာလည်း တွေ့ခဲ့ဖူးပါတယ်။ လက်တွေ့မှာတော့ ဆင်းရဲလို့ ကလေး ထပ်မမွေးနိုင်တဲ့ မိဘတွေ တရားမဝင် ကိုယ်ဝန်ဖျက်ချ ကြရာက အသက်ဆုံးရှုံးမှုတွေဟာ သားဖွားဆောင် မိခင် သေဆုံးတွေရဲ့ ထက်ဝက်ထိ ရောက်နေပြီး ကျွန်တော်တို့ ကလေးဆရာဝန်တွေဟာလည်း စွန့်ပစ်ကလေးငယ်များ အပါအဝင် အာဟာရချို့တဲ့ကလေးငယ်များစွာကို စောင့်ရှောက်ပေးနေရတာ ဖြစ်ပါတယ်။ ပရဟိတအဖွဲ့ တွေဟာလည်း ချို့တဲ့မိဘတွေရဲ့ ကလေးတွေ ပညာရေး၊ ကျန်းမာရေးတွေကို မနိုင်မနင်းလိုက်ကူနေကြရပါတယ်။ ဒါဟာ တိုင်းပြည်အင်အားဟာ လူဦးရေအပေါ်မှာ တည်နေတယ်လို့ ယူဆခဲ့ကြတဲ့အတွက် ဖြစ်ပါတယ်။ တကယ်တော့ ၂၁ ရာစုနှစ်ကြီးမှာ စစ်မက်ဖြစ်ပွားရင် တောင်မှ နည်းပညာမြင့်သူက အနိုင်ရနေပြီး လူဦးရေ အင်မတန် နည်းပါးတဲ့ ဩစတြေးလျနိုင်ငံလိုမျိုး၊ မြေနဲ့ စာရင် လူဦးရေ မြန်မာပြည်ထက် လေးဆလောက် သိပ်သည်းမှုနည်းတဲ့ အမေရိကန်နိုင်ငံလိုမျိုးတွေ အင်အား ကြီးနိုင်ငံ ဖြစ်နေကြတာ အများအသိပါပဲ။ ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်မယ်ဆိုရင်တော့ တကယ့်အင်အားအစစ်က ဘယ်တည်သလဲလို့မေးရင် မေတ္တာတရားအပေါ်မှာ တည်ပါတယ်။ မြတ်စွာဘုရား လည်း ဒီအတိုင်းဟောပါတယ်။ ဘုရားဟောကို ကျွန်တော် တို့ မယုံစရာအကြောင်း မရှိပါဘူး။ အခုရှေ့ဆုံးတန်းမှာ ထိုင်နေတဲ့ အင်မတန် ပိန်ပိန်သေးသေး မိန်းမငယ်ကလေး ဘဝကနေ သီလရှင်ဆရာလေးဖြစ်နေတဲ့ သူကအင်မတန် ကျယ်ပြန့်တဲ့ ပရဟိတလုပ်ငန်းတွေကို အောင်မြင်အောင် လုပ်နိုင်ခဲ့တာ ဒီမေတ္တာတရားကြောင့်ပါပဲ။ တစ်ကိုယ် တော် ပရိဟိတသမားများကွန်ရက်ရဲ့ အောင်မြင်မှုတွေ ဟာလည်း မေတ္တာတရားကြောင့်ပါပဲ။ ပွင့်ဖြူပရဟိတ ကွန်ရက်ရဲ့ အောင်မြင်မှုဟာလည်း မေတ္တာတရား ကြောင့်ပါပဲ။ နောက်ဆုံး ဒီနေ့ စာပေဟောပြောပွဲရဲ့ အောင်မြင်မှုဟာလည်း မေတ္တာတရားကြောင့်ပါပဲလို့ ကျွန်တော်ပြောချင်ပါတယ်။

စာပေဟောပြောပွဲက တကယ်လည်း အောင်မြင်ပါ သည်။ ထောင်ချီသော လူအုပ်ကြီး သန်းခေါင်ကျော်သည် အထိ ဘယ်သူမှ ထမပြန်ပါ။ ခုံတွေမလောက်တာတောင် မြက်ခင်းပေါ်မှာ ထိုင်၍ အားပေးကြပါသည်။

ကျွန်တော်တို့ ပျော်ရွှင်စွာ ပြန်ခဲ့ကြသည့်တိုင် ဆရာ လေးက မနားရရှာသေးပါဘူး။ သူနှင့် လာတွေ့သည့် အဖွဲ့တွေ ထပ်ရောက်လာ၍ ဖြစ်ပါသည်။

နောက်တစ်နေ့ မနက်သုံးနာရီမှာ သူက တောင်တန်း ဒေသကို ဆက်ထွက်ခွာသွားပြီး နောက်တစ်နေ့မှာ ကျွန်တော်တို့ မကွေးကနေ ရန်ကုန်ကို ပြန်ပါသည်။

ကန်ပြားလမ်းအဖြတ်တောင်ပေါ်မှာ ယာဉ်တိုက်မှု ဖြစ်ပါသည်။ ယာဉ်က မောင်းမရအောင် ကြေမွသွားသော် လည်း လူတွေဘာမှမဖြစ်ပါ။ အဲဒါလည်း မေတ္တာနှင့်လာခဲ့ သော ခရီးဖြစ်၍ဟု ကျွန်တော်ယုံကြည်ပါသည်။ ။

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# နိုင်ငံ့အကျိုးစီးပွားနှင့် နိုင်ငံခြားသားဆရာဝန်များ

**ဒေါက်တာခင်မောင်ဖြိုး (ခွဲစိတ်အထူးကု-အင်္ဂလန်)**

ဇွန် ၁၅ ရက်ထုတ် ကြေးမုံသတင်းစာမှာပါတဲ့ ဆောင်းပါးရှင် မောင်နေ (ဆေးမန်း)ရဲ့ "နိုင်ငံခြားသား ဆရာဝန်များနှင့် ကန့်သတ်ဆေးကုသခွင့်လိုင်စင်" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးလေးကို ဖတ်လိုက်ရပါတယ်။ တကယ်တော့ ဒီပြဿနာကို အစောကြီးကြိုမြင်လို့ ၂၀၁၃ ခုနှစ်မှာ **"မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှု၊ နိုင်ငံခြားသားအထူးကုဆရာဝန်များ"**ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးခေါ်ခေါ် ဝေဖန်သုံးသပ်ရေးခေါ်ခေါ် စာတစ်ပုဒ်ရေးခဲ့ပါတယ်။ အဲဒီဆောင်းပါးကို The Voice (Vol. 9 No.14 )နဲ့ မန္တလေးက "ရွှေမန္တလေး" ဂျာနယ်မှာ ဖော်ပြခြင်းခံခဲ့ရပါတယ်။ ဒီဆောင်းပါးက အရင်အစိုးရလက်ထက်မှာရယ်၊ ဆောင်းပါးဖော်ပြခဲ့တဲ့ဂျာနယ်နှစ်ခုကလည်း အစောင်ရေကန့်သတ်ချက်ရှိနေတော့ အများပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိမယ်မထင်ပါဘူး။ ဒါကြောင့် အဲဒီဆောင်းပါးမှာပါတဲ့ အဓိကကျတဲ့အချက်အလက်တွေနဲ့ ယနေ့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်ပြောင်းလဲသွားတဲ့ အစိုးရနဲ့ နိုင်ငံရေးအခြေအနေတွေအပေါ် မူတည်ပြီး ဒီပြဿနာကို ဆွေးနွေးတင်ပြသွားပါမယ်။

ဆောင်းပါးရှင် မောင်နေ(ဆေးမန်း) ပြောတဲ့အချက်တွေဟာ အလွန်မှန်ကန်သင့်တော်တဲ့ အချက်တွေပါ။ ဒါတွေကို ကျွန်တော်အကုန်လက်ခံပါတယ်။ ထောက်လည်း ထောက်ခံပါတယ်။ ဒါပေမယ့် သူ့အနေနဲ့ မြန်မာနိုင်ငံဆေးကောင်စီကိုပဲ အဓိကထားပြီး ပြောထားပါတယ်။ သေသေချာချာစဉ်းစားကြည့်ရင် ဒီပြဿနာဟာ ဒီထက်ပိုပြီးနက်နဲကျယ်ပြန့်ပါတယ်။ မြန်မာနိုင်ငံဆေးကောင်စီတစ်ခုတည်းသက်ဆိုင်တာ မဟုတ်ပါဘူး။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့နဲ့လည်း သက်ဆိုင်ပါတယ်။ နောက်ဆုံး တရားဥပဒေစိုးမိုးရေးမရှိမှုနဲ့ ကျွန်တော်တို့မြန်မာနိုင်ငံအပေါ် မလေးမစားပြုမှုဆိုတဲ့ လုပ်ရပ်တွေအကုန်ပါပါတယ်။

ကျွန်တော်ပြောမယ့် နိုင်ငံခြားသားဆရာဝန်များတွင် အစိုးရဆေးတက္ကသိုလ်၊ ဆေးရုံကြီးများနဲ့ချိတ်ဆက်ပြီး မြန်မာဆရာဝန်ငယ်များကို လာရောက်သင်ကြားပေးနေသောဆရာဝန်များ၊ သီတဂူဆေးရုံကဲ့သို့ လူမှုအသင်းအဖွဲ့များကခေါ်ဆောင်လာပြီး မေတ္တာ၊ စေတနာနဲ့ ခွဲစိတ်ကုသပေးနေသောဆရာဝန်များ မပါဝင်ပါ။ အရှင်းဆုံးပြောရရင် ငွေကြေးလုံးဝယူခြင်းမရှိဘဲ စေတနာနဲ့ အခမဲ့လာရောက်ကုသစောင့်ရှောက်ပေးနေသော နိုင်ငံခြားသားဆရာဝန်များ ဒီသုံးသပ်ချက်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါ။ ဒီနေရာမှာ တစ်ခုသတိပြုရမှာကတော့ နိုင်ငံခြားသားဆရာဝန်ကိုခေါ်သွင်းလာတဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေနဲ့ အခမဲ့ဆေးကုသခြင်းကို ဗန်းပြပြီး အဲဒီနိုင်ငံခြားသားဆရာဝန်နဲ့ သူ့နောက်မှာရှိနေတဲ့ဆေးရုံ ဒါမှမဟုတ် အဖွဲ့အစည်းတွေကို ကြော်ငြာမပေးမိဖို့၊ မိမိအဖွဲ့အစည်းကို သူတို့အကျိုးစီးပွားအတွက် အသုံးချခံမဖြစ်စေဖို့ သတိထား ဆင်ခြင်ပြီး လုပ်ကိုင်ရပါမယ်။

ကျွန်တော် အဓိကဆိုလိုသည့် နိုင်ငံခြားသားဆရာဝန်များဆိုသည်မှာ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ ရုံးခန်းများတွင် အခကြေးငွေယူပြီး လာရောက်စမ်းသပ် စစ်ဆေးတိုင်ပင်ပြီး ခွဲစိတ်ကုသနေသည့် နိုင်ငံခြားသားဆရာဝန်များကို ဆိုလိုပါသည်။

ယေဘုယျအားဖြင့် ပြောမယ်ဆိုရင် နိုင်ငံခြားသားဆရာဝန်တစ်ယောက်ဟာ တခြားနိုင်ငံတစ်နိုင်ငံကို သွားရောက်အလုပ်လုပ်ကိုင်မယ်ဆိုရင် ဖြတ်သန်းရမယ့် အတားအဆီးသုံးခုရှိပါတယ်။

၁။ ပထမအဆင့်ကတော့ အဲဒီသွားလုပ်မယ့်နိုင်ငံရဲ့ ဆေးကောင်စီ (Medical Council) ကနေ ကျွန်တော်တို့ရထားတဲ့ဆေးပညာနဲ့ ဘွဲ့လွန်ဒီဂရီတွေကို အသိအမှတ်ပြုရပါမယ်။ United Kingdom မှာတော့ General Medical Council ကနေ အသိအမှတ်ပြုပြီး လက်မှတ်ထုတ်ပေးပါတယ်။

အဲဒီလို အသိအမှတ်ပြုလက်မှတ်ရရင် ဆေးကုသခွင့်လိုင်စင် (Annual Practicing Certificate) မြန်မာနိုင်ငံမှာတော့ ဆမလို့လူသိများတဲ့စာအုပ်ကို လျှောက်ရပါတယ်။ UK မှာတော့ GMC က အသိအမှတ်ပြုတာနဲ့ ဒီလိုင်စင်ပါ တစ်ခါတည်းရပါတယ်။ ဒါပေမယ့် အခုနောက်ပိုင်းမှာ GMC Registration နဲ့ Practicing License ကို ခွဲထုတ်လိုက်ပါပြီ။ GMC က အသိအမှတ်ပြု လက်မှတ်ရှိပေမယ့်လည်း ဆေးကုသခွင့်လိုင် စင် ( Practicing License ) မရှိရင် ဘယ်လူနာကိုမှ ထိပိုင်ခွင့်၊ ဆေးကုသခွင့်မရှိတော့ပါ။ ဘယ်ဆေးရုံကမှလည်း အဲဒီဆရာဝန်ကို အလုပ်မပေးတော့ပါ။ အသက် (၇၀) ကျော်သွားတဲ့ ခွဲစိတ်ဆရာဝန်တွေ ဘာခွဲစိတ်ကုသမှုကိုမှ လုပ်ပိုင်ခွင့်မရှိတော့ပါ။ ဆေးကုသခွင့် လိုင်စင်ရနေအောင်လည်း တစ်နှစ်တစ်ခါ Appraisal လုပ်ရပါတယ်။ ငါးနှစ်တစ်ခါ Revalidation ရှိပါတယ်။

> **နိုင်ငံတိုင်းမှာ သူ့နိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ဆရာဝန်နဲ့ သူနာပြုဆရာမတွေကို ကျင့်ဝတ်နဲ့အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ၊ မရှိ၊ စစ်မှန်တဲ့ အရည်အချင်းနဲ့အရည်အသွေး ရှိ၊ မရှိ အမြဲတမ်းစောင့်ကြပ်ကြည့်ရှုပြီး စည်ကမ်းတကျထိန်းသိမ်းပေးရန်အတွက် ဆေးကောင်စီတွေကို ဖွဲ့စည်းပေးလေ့ရှိ။**
>
> **မြန်မာနိုင်ငံဆေးကောင်စီကိုလည်း လွတ်လပ်သော၊ အားကောင်းသော၊ အစိုးရရဲ့လက်အောက်ခံမဟုတ်သော အဖွဲ့အစည်းကြီးတစ်ခုအဖြစ် ဖွဲ့စည်းပေးသင့်။**

၂။ အဲဒီဆေးကောင်စီက အသိအမှတ်ပြုလက်မှတ်ရပြီဆိုရင်တော့ ဒီနိုင်ငံခြားသားဆရာဝန်အနေနဲ့ သူ့ကိုအလုပ်ပေးမယ့် ဆေးရုံကိုဆက်သွယ်ပြီး အလုပ်ရှာရပါတယ်။ နိုင်ငံခြားသားဆရာဝန်အနေနဲ့ ဆေးရုံက အလုပ်ခန့်ပေမယ့် အလုပ်လုပ်ပိုင်ခွင့်မရှိသေးပါ။ လူဝင်မှုကြီးကြပ်ရေးဌာန (Immigration Department) ကို အလုပ်လုပ်ခွင့်ဗီဇာ ( Work Permit ) လျှောက်ရပါတယ်။ အဲဒီအလုပ်လုပ်ခွင့်ကိုလည်း တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်ဆိုပြီး ကန့်သတ်ပေးပါတယ်။ တစ်သက်လုံး လုပ်ခွင့်မရှိပါ။

ဒီနေရာမှာ အများပြည်သူအနေနဲ့ ကွဲကွဲပြားပြား ခွဲခြားပြီး သိမြင်ရမှာက မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးထားတဲ့ ကန့်သတ်ဆေးကုသခွင့်လက်မှတ် ( Limited Registration ) ဟာ အလုပ်လုပ်ခွင့် လက်မှတ် (Work Permit) မဟုတ်ဘူးဆိုတာပါပဲ။ ဒီကန့်သတ်ဆေးကုသခွင့်လက်မှတ်ဟာ ဒီနိုင်ငံခြားသားဆရာဝန်အနေနဲ့ မြန်မာနိုင်ငံဆေးကောင်စီက သတ်မှတ်လက်ခံထားတဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံတယ်။ ဒါကြောင့် သတ်မှတ်ပေးထားတဲ့ ဆေးရုံနဲ့ သတ်မှတ်ထားတဲ့ရောဂါတွေကို ကုသပေးနိုင်တယ်ဆိုတဲ့ ထောက်ခံစာသာဖြစ်ပါတယ်။ မြန်မာနိုင်ငံဆေးကောင်စီအနေနဲ့ အလုပ်လုပ်ခွင့်လက်မှတ် ( Work Permit ) ထုတ်ပေးရန် အခွင့်အာဏာမရှိပါဘူး။ ဒီအဖွဲ့အစည်းရဲ့ အလုပ်လည်း မဟုတ်ပါဘူး။ အလုပ်လုပ်ခွင့်လက်မှတ် ( Work Permit ) ကို ထုတ်ပေးနိုင်တာက လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနပဲ ဖြစ်ပါတယ်။ ဆေးကောင်စီကထုတ်ပေးထားတဲ့ ကန့်သတ်ဆေးကုသခွင့်လက်မှတ်ကိုင်ဆောင်ထားတဲ့ နိုင်ငံခြားသားဆရာဝန်ဟာ မြန်မာနိုင်ငံအတွင်းမှာ အလုပ်လုပ်ချင်တယ်ဆိုရင် ဒီလက်မှတ်ကို ပူးတွဲတင်ပြပြီး လူဝင်မှုကြီးကြပ်ရေးရုံးမှာ အလုပ်လုပ်ခွင့်လက်မှတ် ( Work Permit ) လျှောက်ထားရမှာဖြစ်ပါတယ်။ ဒီလိုလျှောက်ထားလို့ အလုပ်လုပ်ခွင့်လက်မှတ်( Work Permit ) ရလာပြီဆိုရင် ဒီနိုင်ငံခြားသားအနေနဲ့ ဆေးကောင်စီက သတ်မှတ်ပေးထားတဲ့ ဆေးရုံမှာပဲအလုပ်လုပ်ခွင့်ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသားဆရာဝန်တွေလို ဆေးရုံ နှစ်ရုံ၊ သုံးရုံမှာသွားပြီး အလုပ်လုပ်၍ မရပါ။ ရန်ကုန်ကဆေးရုံမှာပဲ အလုပ်လုပ်ရန် ခွင့်ပြုထားရင် မန္တလေးကဆေးရုံမှာသွားပြီး အလုပ်လုပ်ခွင့်မရှိပါ။ အဲဒီလိုသွားလုပ်ရင်တော့ ဥပဒေကိုချိုးဖောက်တာပါ။ အစိုးရက ဖမ်းဆီးအရေးယူရပါမယ်။

၃။ ကျွန်တော်တို့အလုပ်လုပ်နေပြီး လစာတွေလည်း ပုံမှန်ရနေပြီဆိုရင် ကျွန်တော်တို့လစာတွေထဲကနေ အမြတ်တော်ခွန် (Income Tax) ဆောင်ရပါတယ်။ ဒါက နိုင်ငံခြားသားဆရာဝန်တစ်ယောက်က တခြားနိုင်ငံမှာသွားပြီး အလုပ်လုပ်မယ်ဆိုရင် ဖြတ်သန်းရမယ့် အဆင့်တွေပါ။

ဒီတော့ ကျွန်တော်စောစောကပြောခဲ့တဲ့ စင်ကာပူ၊ မလေးရှား၊ ထိုင်းနဲ့ အိန္ဒိယကလာတဲ့ အထူးကုဆရာဝန်ကြီးများလက်ထဲမှာ မြန်မာနိုင်ငံဆေးကောင်စီကထုတ်ပေးတဲ့ ကန့်သတ်လိုင်စင်ရှိလို့ လူနာတွေကို ဆေးကုသခွင့်ရှိတယ်ထားဦး၊ သူတို့ဘယ်လိုနည်းနဲ့မှ မြန်မာနိုင်ငံမှာ အလုပ်လုပ်ခွင့် ( Work Permit ) မရှိနိုင်ပါဘူး။ ကျွန်တော်ကြားသိနားလည်သလောက်တော့ ဒီနိုင်ငံခြားသားဆရာဝန်တွေဟာ မြန်မာနိုင်ငံကို သုံးလေးရက်လာအလုပ်လုပ်ပြီး ပြန်သွားကြတာပါ။ အဲဒီတော့ သူတို့ မြန်မာနိုင်ငံအတွင်းမှာ မနေထိုင်ဘဲ သူတို့ကိုဘယ်သူက အလုပ်လုပ်ခွင့် (Work Permit) ထုတ်ပေးမှာလဲ။ သူတို့မှာ Work Permit ရှိတယ်ဆိုရင် သူတို့ကို ဘယ်သူက အလုပ်လုပ်ခွင့်ဗီဇာ ထုတ်ပေးပါသလဲ။ ဘယ်လိုဥပဒေ လုပ်ထုံးလုပ်နည်းတွေနဲ့ ထုတ်ပေးပါသလဲ။ ဒါကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပြည်သူတွေသိရှိအောင် ထုတ်ပြန်ရှင်းပြပေးစေလိုပါတယ်။ အစိုးရကပြောပြောနေတဲ့ ပွင့်လင်းမြင်သာမှု (Transparency) ဆိုတာ ဒါမျိုးကို ဆိုလိုတာပါ။ သူတို့က ရှင်းမပြရင်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ပြည်သူများကိုယ်စား ဒီကိစ္စကို ပြည်သူ့လွှတ်တော်မှာ မေးပေးစေလိုပါတယ်။

သူတို့မှာ အလုပ်လုပ်ခွင့် ခွင့်ပြုချက်လက်မှတ် (Work Permit) မရှိဘဲနဲ့ မြန်မာနိုင်ငံထဲဝင်လာကာ အခကြေးငွေယူပြီး အလုပ်လုပ်မယ်ဆိုရင် တရားမဝင်ခိုးပြီးအလုပ်လုပ်တာပါ။ ဒါဆိုရင် ဘာကြောင့် လူဝင်မှုကြီးကြပ်ရေးတို့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က သူတို့ကိုမဖမ်းပါသလဲ။ ဒီနေရာမှာ တစ်ခု သတိပြုရမှာက သူတို့လက်ထဲမှာ Business Visa ရှိနိုင်ပါတယ်။ ဒါပေမယ့် Business Visaနဲ့ Work Permit လုံးဝမတူပါ။ Business Visa က မြန်မာနိုင်ငံတွင်းစီပွားရေးကိစ္စများအတွက် လွယ်လွယ်တကူဝင်နိုင်၊ ထွက်နိုင်အောင် ထုတ်ပေးတာပဲဖြစ်ပြီး လုံးဝအလုပ်လုပ်ပိုင်ခွင့်မရှိပါ။ (Work Permit ) မရှိသရွေ့ ဘယ်နိုင်ငံခြားသားမှ မြန်မာနိုင်ငံအတွင်း အလုပ်လုပ်ပိုင်ခွင့်မရှိပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ စင်ကာပူ၊ မလေးရှား၊ ထိုင်း ဘယ်နိုင်ငံမှာမဆို Work Permit မရှိဘဲ တရားမဝင်ခိုးအလုပ်လုပ်ရင် အဖမ်းခံရမှာပါ။ ဒါဆို ဘာကြောင့် တရားမဝင်ခိုးအလုပ်လုပ်နေတဲ့ ဒီနိုင်ငံခြားသားဆရာဝန်တွေကို ဒီမှာမဖမ်းပါသလဲ။ အခုဖြစ်နေတာက မြန်မာနိုင်ငံရဲ့ နယ်စွန်နယ်ဖျားမှာဖြစ်နေတာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံရဲ့ အကြီးဆုံးမြို့ကြီးတွေဖြစ်တဲ့ ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ ဖြစ်နေတာပါ။

ဒီလိုတရားမဝင် လာအလုပ်လုပ်တာကလည်း ခိုးကြောင်ခိုးဝှက် လုပ်နေတာမဟုတ်ပါဘူး။ နိုင်ငံပိုင်သတင်းစာနဲ့ ပုဂ္ဂလိကဂျာနယ်တွေကတစ်ဆင့် ပြောင်ပြောင်တင်းတင်းကြော်ငြာပြီး အလုပ်လုပ်နေတာပါ။ ဒါဟာ ဘာကိုပြသလဲဆိုရင် ဒီနိုင်ငံခြားသားဆရာဝန်တွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရနဲ့ ပြည်သူပြည်သားတွေ ပြဋ္ဌာန်းထားတဲ့ဥပဒေ စည်းမျဉ်း စည်းကမ်းတွေကို လေးစားစရာမလိုဘူး။ သူတို့လုပ်ချင်သလို လုပ်လို့ရတယ်ဆိုတဲ့ ပုံစံမျိုးဖြစ်နေပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွင်းကို တံခါးမရှိ၊ ဓားမရှိ ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက် ဆိုတဲ့သဘော ဖြစ်နေပါတယ်။ ကျွန်တော်စကားလုံးသုံးတာ ရိုင်းရင်ခွင့်လွှတ်ပါ။ ဝမ်းသွားချင်မှ အိမ်သာထဲဝင်သလို သူတို့လည်းငွေလိုချင်ရင် ကျွန်တော်တို့နိုင်ငံကို လာတယ်လို့ သဘောထားရပါမယ်။

သူတို့အနေနဲ့ အင်္ဂလန်တို့၊ အမေရိကားတို့မပြောနဲ့ အရှေ့တောင်အာရှက တခြားနိုင်ငံတွေကိုသွားပြီး ဒီလိုလုပ်လို့မရပါဘူး။ လုပ်လည်းမလုပ်ရဲပါဘူး။ တစ်ခါတည်း ထောင်ထဲထည့်လိုက်မှာပါ။ ဒါကြောင့် **ဆောင်းပါးရှင် မောင်နေ (ဆေးမန်း)**က သူ့ဆောင်းပါးထဲမှာ **(ဒီလောက်အချိန်တို၊ရက်တိုလာကုပြီး ပြန်ကြသည်မှာ ကမ္ဘာမှာမြန်မာကလွဲပြီး ရှိမည်မထင်။)** ဆိုပြီး ရေးထားပါတယ်။

အခုပါဝင်ပတ်သက်နေသူတွေဟာ တောထဲက ဘာပညာမှမတတ်တဲ့ သစ်ခိုးထုတ်နေတဲ့သူ တွေ မဟုတ်ပါဘူး။ အသိဉာဏ်ရင့်မာတဲ့၊ နိုင်ငံတကာကို သွားလာကူးလူးဆက်ဆံနေတဲ့ ပညာတတ်တွေပါ။ သူတို့ကိုယ်တိုင်လည်း ဒီမှာလာပြီး ဒီလိုအလုပ်လုပ်တာ တရားမဝင်ဘူးဆိုတာ သိပါတယ်။ သိရက်နဲ့ မြန်မာနိုင်ငံဥပဒေကို ချိုးဖောက်တာပါ။

ကဲဒီနိုင်ငံခြားသား အထူးကုဆရာဝန်တွေ ရန်ကုန်လာပြီး ဝင်လိုက်၊ ထွက်လိုက်နဲ့ အခကြေးငွေယူပြီး ဆေးကုသနေကြတာ ကြာလှပါပြီ။ သူတို့ရတဲ့ငွေတွေထဲက နိုင်ငံတော်ကို အမြတ်တော်ခွန်ဘယ်လောက်ပေးဆောင်ပါသလဲ။ သူတို့အမြတ်တော်ခွန် (Income Tax) မပေးဆောင်ရင် သူတို့ကို အမြတ်တော်ခွန်ထိမ်ချန်မှုနဲ့အရေးယူရပါမယ်။ ကျွန်တော့်အမြင်ပြောရရင် တစ်ယောက်မှ အမြတ်တော်ခွန်ပေးလိမ့်မယ် မထင်ပါ။ ဘာဖြစ်လို့လည်းဆိုတော့ ဒီလိုအမြတ်တော်ခွန် ဆောင်လိုက်ခြင်းအားဖြင့် သူတို့ တရားမဝင်ခိုးအလုပ်လုပ်တာကို ဝန်ခံလိုက်သလိုဖြစ်သွားစေလို့ပါ။

နောက်ဆုံးအနေနဲ့ မြန်မာနိုင်ငံဆေးကောင်စီအကြောင်း အနည်းငယ်ထည့်သွင်း ဆွေးနွေးလိုပါတယ်။ နိုင်ငံတိုင်းမှာ သူ့နိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ဆရာဝန်နဲ့ သူနာပြုဆရာမတွေကို ကျင့်ဝတ်နဲ့အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ၊ မရှိ၊ စစ်မှန်တဲ့ အရည်အချင်းနဲ့အရည်အသွေး ရှိ၊ မရှိ အမြဲတမ်းစောင့်ကြပ်ကြည့်ရှုပြီး စည်ကမ်းတကျ ထိန်းသိမ်းပေးရန်အတွက် ဆေးကောင်စီတွေကို ဖွဲ့စည်းပေးလေ့ရှိပါတယ်။ မြန်မာနိုင်ငံဆေးကောင်စီကိုလည်း United Kingdomက General Medical Council ကဲ့သို့လွတ်လပ်သော၊ အားကောင်းသော၊ အစိုးရရဲ့လက်အောက်ခံမဟုတ်သော အဖွဲ့အစည်းကြီးတစ်ခုအဖြစ် ဖွဲ့စည်းပေးသင့်ပါသည်။ ကိုယ်ကျိုးစီးပွားဝိရောဓိဖြစ်ခြင်း (Conflict of Interest ) မှ ကာကွယ်ရန် ဒီဆေးကောင်စီမှာပါဝင်တဲ့ အဖွဲ့ဝင်များအနေနဲ့ မည်သည့်ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ ဆေးကုမ္ပဏီများနဲ့မှ ဆက်သွယ်ပတ်သက်နေသူများ မဖြစ်သင့်ပါ။ ကျွန်တော်ဆိုလိုသည်မှာ အမှုဆောင်ဒါရိုက်တာ၊ အကြံပေး၊ အစုရှယ်ယာပိုင်ဆိုင်သူများ မဖြစ်သင့်ပါ။ ဒါမှလည်း မြန်မာနိုင်ငံဆေးကောင်စီရဲ့ပေါ်လစီနဲ့ ဆုံးဖြတ်ချက်များ ချမှတ်တဲ့အခါမှာ ဘယ်သူ့မျက်နှာမှမထောက်ဘဲ မြန်မာနိုင်ငံနဲ့ ပြည်သူများအကျိုးစီးပွားအတွက် ပြတ်ပြတ်သားသား ဆုံးဖြတ်ပေးနိုင်မှာဖြစ်ပါတယ်။ ။

# စီအယ်လ်အမ်ဗွီတီ ဖိုရမ် ၂၀၁၆ ကျင်းပ

**နေပြည်တော် ဇွန် ၂၀**
ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း (CLMVT) ဖိုရမ် (၂၀၁၆)ကို “အောင်မြင်မှုများ မျှဝေခြင်း” ခေါင်းစဉ်ဖြင့် ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Dusit Thani Hotel ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းတို့ တက်ရောက်ခဲ့ကြသည်။

ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် စီအယ်လ်အမ်ဗွီတီ ဖိုရမ် (၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် H.E General Prayut Chan-0-Cha က အဖွင့်အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အဆိုပါဖိုရမ်တွင် CLMVT ၏ အလားအလာများ အပေါ် ကမ္ဘာလုံးဆိုင်ရာအမြင် (Global Perspective on CLMVT Potentials)၊ ချောမွေ့သည့် ဒေသတစ်ခုကို ဖန်တီးခြင်း (Creating a Single, Seamless Region)၊ ဒေသတွင်း နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ (Cross Border Trade and Investment for Seamless CLMVT)၊ ရင်းနှီးမြှုပ်နှံမှုတွင် CLMVT ၏ အခွင့်အလမ်းများနှင့်ပတ်သက်၍ အားသာချက်များအား မြှင့်တင်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များနှင့် ချိတ်ဆက်ခြင်း (CLMVT opportunities in Investment: Enhancing our strengths and joining the global value chain) စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဆွေးနွေးပြောကြားရာတွင် CLMVT နိုင်ငံများအနေဖြင့် ညီအစ်ကို မောင်နှမများဖြစ်၍ အတူပူးပေါင်းဆောင်ရွက်ပါက ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း၊ CLMVT နိုင်ငံများ ပူးပေါင်းပြီး နိုင်ငံတစ်နိုင်ငံတည်းအသွင် ဖြစ်လာမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် ကုန်ပစ္စည်းအမျိုးအစားအများအပြား ရောင်းဝယ်သည်ထက် ကုန်ပစ္စည်းအရည်အသွေးကို ရောင်းဝယ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ကုန်ထုတ်လုပ်မှုနှင့် ကုန်ပစ္စည်းများကို ပြောင်းလဲရမည်ဖြစ်ကြောင်း၊ မိတ်ဖက်နိုင်ငံများအနေဖြင့် အခွင့်အလမ်းများ ရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံပိုင် ကုန်ထုတ်စက်ရုံများရှိနေသော်လည်း ကောင်းစွာ ကုန်ထုတ်လုပ်နိုင်ခြင်း မရှိသေးကြောင်း၊ ယင်းတို့ကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံရမည့် လုပ်ငန်းအမျိုးအစားများစွာရှိကြောင်း၊ မိမိတို့အနေဖြင့် ဂေဟစနစ်များ မပျက်စီးအောင် စိုက်ပျိုးသည့်နည်းလမ်းများ ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်အချို့ ပျက်စီးနေမှုများ ရှိသော်လည်း ရှိနေသည့်သဘာဝပတ်ဝန်းကျင်ကို အခြေတည်ကာ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများစွာလည်း ရှိနေကြောင်း၊ ကဏ္ဍများပိုမိုတိုးတက်လာစေရန် ကာကွယ်မှုထက် ထောက်ပံ့ပေးမှုများ ပြုလုပ်သွားရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့် ဦးတည်ချက်ပန်းတိုင်သို့ ရောက်ရှိနိုင်ရေးအတွက် မှန်ကန်သောလမ်းကြောင်းကို ရွေးချယ်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး မွန်းလွဲပိုင်းတွင် ကောင်းမွန်သော စီးပွားရေးဝန်းကျင်နှင့် နေထိုင်မှုတစ်ခုဖန်တီးခြင်း (Creating a Vibrant Business Environment and Good Living) နှင့် စပ်လျဉ်း၍လည်းကောင်း၊ CLMVT တွင် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံအား ထောက်ပံ့ပေးခြင်း (Supporting Digital Infrastructure in CLMVT) နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်

**ရန်ကုန် ဇွန် ၂၀**
နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးခဲ့ရာတွင် ခေတ်စနစ်နှင့်လျော်ညီသော သင်ရိုးသစ်များပါဝင်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း (၃၇/၂၀၁၆) ကို ဇွန် ၂၀ ရက် နံနက်က ရန်ကုန်မြို့ ပြည်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပခဲ့သည်။

နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာနှင့် ပိုမိုကျယ်ပြန့်စွာ ဆက်ဆံဆောင်ရွက်လာသည်နှင့်အမျှ သံတမန်ရေးရာကိစ္စရပ်များ အထူးအရေးပါလာပြီး ဝန်ထမ်းနယ်ပယ်တွင်သာမက ပြင်ပ၊ ပုဂ္ဂလိက နယ်ပယ်အသီးသီးတွင်လည်း အထောက်အကူပြုသည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်ဟု သိရသည်။

“သင်တန်းမှာ ပို့ချနေတဲ့ ဘာသာရပ်တွေကိုလည်း ပြောင်းလဲလာတဲ့ခေတ်အခြေအနေနဲ့အညီ ကိုက်ညီစေဖို့ သင်တန်းသားတွေကလည်း ထိထိမိမိနားလည်စေဖို့ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ အထူးသဖြင့် သံတမန်ရေးရာနည်းနာတွေ၊ နိုင်ငံတကာရေးရာကိစ္စရပ်တွေ၊ နိုင်ငံအဖွဲ့အစည်းများမှ မြန်မာနိုင်ငံရဲ့သဘောထားရပ်တည်ချက်များနဲ့ တာဝန်ယူဆောင်ရွက်နေမှုတွေ၊ စေ့စပ်ညှိနှိုင်းမှု ဘာသာရပ်တွေ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနဲ့ ပတ်သက်တဲ့ သိသင့်သိထိုက်တဲ့အချက်အလက်တွေ၊ အပြည်ပြည်ဆိုင်ရာအစည်းအဝေးတွေမှာ မြန်မာကိုယ်စားလှယ်အဖွဲ့တွေရဲ့ တာဝန်ယူဆွေးနွေးနေတဲ့အချက်တွေ၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်တွေသာမက လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်တွေ၊ စီးပွားရေးဆိုင်ရာ ဘာသာရပ်တွေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စရပ်တွေ၊ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ သိသင့်သိထိုက်တဲ့အချက်အလက်တွေ၊ နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ ကိစ္စရပ်တွေကို ဖြည့်စွက်ပို့ချ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အဲဒီဘာသာရပ်များနဲ့ အပြည်ပြည်ဆိုင်ရာအစည်းအဝေးတွေနဲ့ ညီလာခံတွေမှာ စေ့စပ်ဆွေးနွေးခြင်းနဲ့ပတ်သက်တဲ့ ဘာသာရပ်တွေ လက်တွေ့သရုပ်ပြလေ့ကျင့်မှုတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း (၃၇/၂၀၁၆) ကို သုံးလကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး နံနက်ပိုင်းနှင့် ညနေပိုင်းတန်းခွဲဟူ၍ နှစ်ချိန်ဖွင့်လှစ်ကာ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၈၀ ကျော် တက်ရောက်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို အငြိမ်းစား သံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ ဥပဒေ၊ စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေးတို့မှ တာဝန်ရှိသူများ အပြင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံအမတ်ကြီးများကလည်း လာရောက်၍ သင်တန်းပို့ချမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**(ဝဝ၁)**

# မီဒီယာသည် မဏ္ဍိုင်ကြီး(၃)ရပ်ကို စောင့်ကြည့်ထောက်ပြပြီး စတုတ္ထမဏ္ဍိုင်ပီသစေရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်

နေပြည်တော် ဇွန် ၂၀

**အစိုးရအနေဖြင့် မီဒီယာများမှတစ်ဆင့် အများပြည်သူကိုအသိပေးနိုင်ခြင်းဖြင့် ပိုမိုအကျိုးကျေးဇူးရှိနိုင်ပြီး နိုင်ငံ၏ပုံရိပ်လည်းပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားလိုက်သည်။** (အောက်ပုံ)




ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ မီဒီယာဆက်ဆံရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက ပြန်ကြားရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အစိုးရအနေဖြင့် အများပြည်သူနှင့်ဆက်ဆံရန် မလွဲမသွေလိုအပ်သဖြင့် မီဒီယာများနှင့် ဆက်ဆံရေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ မီဒီယာသည် မဏ္ဍိုင်ကြီး(၃)ရပ်ကို စောင့်ကြည့်ထောက်ပြပြီး စတုတ္ထမဏ္ဍိုင်ပီသစေရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများအနေဖြင့် ယုံကြည်မှုပိုမိုရရှိစေရန်၊ စိတ်ဓာတ်နှင့် အရည်အသွေးပိုင်း အလေ့အကျင့်ပိုမိုရရှိစေရန် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများသည် သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူများနှင့် ထိတွေ့ဆက်ဆံသည့်အလုပ်ကို ပုံမှန်အလုပ်ကဲ့သို့ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည် ဖြစ်ပါကြောင်းနှင့် ယနေ့ပြုလုပ်သည့် လေ့ကျင့်ခန်းသည် ယင်းအတွက် ကြိုတင်ပြင်ဆင်သည့် လေ့ကျင့်ခန်းဖြစ်သည့်အတွက် အလေးအနက်ထား လိုက်ပါဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သင်တန်းနှင့်စပ်လျဉ်းသည့် ခြုံငုံသုံးသပ်ချက်၊ လူ့အခွင့်အရေး၊ လွတ်လပ်စွာရေးသားဖော်ပြခြင်းနှင့် သတင်းထုတ်ပြန်ခြင်း၊ တာဝန်ယူမှုနှင့် တာဝန်ခံမှု စသည့် အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအခြေစိုက် ယူနက်စကိုနှင့် အီးယူအဖွဲ့တို့ပူးပေါင်း၍ ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ပြီး ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများနှင့် မီဒီယာဆက်ဆံရေး၊ ပဋိပက္ခသတင်းဆိုင်ရာများစီမံခန့်ခွဲမှု၊ မီဒီယာများနှင့် တွေ့ဆုံမေးမြန်းရာတွင် လက်ကိုင်ထားရမည့်အချက်များ၊ သတင်းစာရှင်းလင်းပွဲကျင်းပခြင်း စသည့် အကြောင်းအရာများကို ဆက်လက်ဆွေးနွေးကြမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးဌာနများမှ ပြောရေးဆိုခွင့်ရှိသူ ၄၇ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဆင်း

**ရန်ကုန် ဇွန် ၂၀**
လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ကြီးမှူးဖွင့်လှစ်သော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ် ၂/၂၀၁၆ သင်တန်းဆင်းပွဲ အခမ်းအနားအား ရန်ကုန်မြို့ အလယ်ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး သင်တန်းခန်းမ၌ ဇွန် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးဥပဒေကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ မူကြိုကျောင်းများ၊ နေ့ကလေးထိန်းကျောင်းများကို ဖွင့်လှစ်မည်ဆိုပါက ဥပဒေနှင့် နည်းဥပဒေများတွင် ပါရှိသည့်အတိုင်း ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ကလေးဖွံ့ဖြိုးမှု အရေးကြီးပုံ၊ ကစားခြင်းဖြင့်သင်ကြားခြင်း၊ ကလေးများနှင့်အတူ လုပ်ကိုင်ခြင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာ၊ သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်း၊ သင်ထောက်ကူပစ္စည်းများပြုလုပ်၍ သင်ခန်းစာ၊ ခေါင်းစဉ်များဖြင့် ချိတ်ဆက်သင်ကြားခြင်း စသည့် ကလေးများ ဘက်စုံဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သည့် ဘာသာရပ်များကို သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ သင်တန်းသူ ၇၁ ဦး တက်ရောက်ခဲ့ကာ သင်တန်းကာလမှာ ခုနစ်ပတ်ကြာမြင့်ကြောင်း သိရသည်။

**(သီသီမင်း)**

## ပြည်တွင်းရေးရာ

✿ မဟာသမယအခါတော်နေ့မှ

ဟောကြားတော်မူသောနေ့ဖြစ်၍ ထူးခြားခြင်း၊ ဘိက္ခုနီ သာသနာ့လမ်းစပေါ်သောနေ့ဖြစ်၍ ထူးခြားခြင်း စသည့် ထူးခြားချက်များနှင့် ပြည့်ဝသော နေ့ထူးနေ့မြတ် အခါသမယတစ်နေ့ဖြစ်သည်။

နယုန်လပြည့် မဟာသမယအခါတော်နေ့တွင် ဗုဒ္ဓဘာသာဝင်များသည် ဘုရားပုထိုး စေတီကျောင်းကန်များ၌ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဒါန၊ သီလ၊ ဘာဝနာတရားများကို လှုံ့လဥဿာဟဖြင့် ဆည်းပူး အားထုတ်လေ့ရှိကြသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ နယုန်လပြည့် မဟာသမယအခါတော်နေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီမှ စတင်၍ စေတီတော်ရင်ပြင်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးအသင်းအဖွဲ့များက ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီးတင် ဆက်ကပ်ကြပြီး ရောင်တော်ပွင့် တန်ဆောင်းတွင် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များကို အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော် တန်ဆောင်း၌ နယုန်လပြည့် မဟာသမယနေ့ ရေစက်ချအခမ်းအနားကို ကျင်းပရာ အလှည့်ကျသဘာပတိ အဖွဲ့ဝင် ဦးကျင်အောင်က အဖွင့်မင်္ဂလာစာတမ်း ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး သိင်္ဂီဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ အနုမောဒနာတရားနာကြားပြီး ရေစက်ချအမျှပေးဝေကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တန်ဆောင်းမှ စတင်၍ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက မဟာသမယအခါတော်နေ့ ဖြစ်ပေါ်လာခြင်းကို ဖော်ကြူးသော အခမ်းအနားအဆောင်အယောင်များဖြင့် အုပ်စုနှစ်စုခွဲ၍ စေတီတော်ကြီးအား လက်ဝဲရစ်၊ လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်းတွင် မဟာသမယအခါတော်နေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့သည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ နယုန်လပြည့်နေ့(မဟာသမယနေ့) အခမ်းအနားကို စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းသူ အသင်းသားများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

# လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး မဟာသမယအခါတော်နေ့ပူဇော်ပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၏ တတိယအကြိမ်မြောက် နယုန်လပြည့်နေ့ (မဟာသမယအခါတော်နေ့) ပူဇော်ပွဲကို ဂေါပကအဖွဲ့ကကြီးမှူး၍ ဘုရားကြီး၏ ဂန္ဓကုဋိတိုက်တွင် ယနေ့နံနက် ၇ နာရီက ကျင်းပခဲ့သည်။

နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး စိန်ရောင်ခြည်ဘုရားပင့်ဂါထာကို ဓမ္မရတနာ ဝတ်ရွတ်အဖွဲ့က ဘုရားပင့်ခြင်း၊ မိခင်နှင့် ကလေးဝတ်ရွတ်အဖွဲ့က သမ္မာဒေဝနတ်များကို ပင့်ဖိတ်ခြင်း၊ ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော် အရှင်သူမြတ်ကိုးပါးထံမှ သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ နာကြားခြင်း၊ ဝတ်အဖွဲ့ဝင်များစုပေါင်း၍ မဟာသမယအခါတော်အကြောင်း ရှစ်လုံးဘွဲ့ကဗျာများ ရွတ်ဖတ်ပူဇော်ခြင်း၊ မဟာသမယသုတ် ရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းတို့ ပြုလုပ်ကြောင်း သိရသည်။ **ဉာဏ်ဟိန်း(အင်းစိန်)**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေမူကြမ်းရေးဆွဲခြင်းဆိုင်ရာကိစ္စများ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မေခလာခန်းမ၌ ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား Gender Equality Network အဖွဲ့အစည်းမှ ဒေါ်မေစပယ်ဖြူဦးဆောင်သည့် ပဲ့ကိုင်ကော်မတီဝင်များ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်တို့ ၂၀၀၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေမူကြမ်းရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ သုတေသနဆောင်ရွက်မှုနှင့်ပတ်သက်သည့်ကိစ္စရပ်များ၊ ကျား၊ မ ရေးရာနည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများပေးခြင်းကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

❍ ကျောဖုံးမှ

အားဖြည့်ရွေးချယ်ခဲ့သည်။ ဂတ်ဖရိုင်းဒရစ်၏လူရွေးချယ်မှုနှင့်ပတ်သက်၍ ဝေဖန်မှုများရှိနေဆဲဖြစ်ပြီး လိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြနေသူအချို့ ပါဝင်လာခြင်းမရှိသေးပေ။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် ဧပြီလနောက်ဆုံးပတ်က စတင်လေ့ကျင့်ပြင်ဆင်ခဲ့ပြီး မေလအတွင်း၌ MNL နိုင်ငံခြားသားများ ညွန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲတွင် တစ်ဂိုးစီ သရေ၊ မလေးရှားလက်ရွေးစင်အသင်းနှင့်ခြေစမ်းပွဲတွင် ဂိုးမရှိ သရေကျခဲ့သည်။ ဇွန်လဆန်းပိုင်းက ကျင်းပခဲ့သည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာလက်ရွေးစင်အသင်းမှာ ချန်ပီယံဆု ရယူနိုင်ခြင်းမရှိခဲ့သော်လည်း တတိယနေရာရယူနိုင်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် အာဆီယံဒေသတွင်းပြိုင်ဘက် စင်ကာပူအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း တတိယနေရာလုပွဲတွင် ဟောင်ကောင်အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းလိဂ်ပွဲစဉ်များမှာ အပတ်စဉ်ကျင်းပနေသကဲ့သို့ ကြားရက်များတွင် ရှုံး၊ ထွက်ပြိုင်ပွဲကျင်းပနေသောကြောင့် မြန်မာ့လက်ရွေးစင်အသင်း၏ အပတ်စဉ် လေ့ကျင့်မှုမှာ လူစုံဖွယ်မရှိဘဲ ကစားသမားအချို့ဖြင့်သာ လေ့ကျင့်ရဖွယ်ရှိနေသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးကြည်လွင်၊ ဦးဇော်ဝင်းထွန်း၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ ကြံ့ခိုင်ရေးနည်းပြ မီဂိုဆလပ်၊ အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ အားကစားသမားများအဖြစ် ဂိုး-ကျော်ဇင်ဖြိုး(မကွေး)၊ ရန်အောင်လင်း(ရတနာပုံ)၊ ပြည့်ဖြိုးအောင်(Southern)၊ မျိုးမင်းလတ်(ရှမ်း)၊ နောက်တန်း-ဟိန်းသီဟဇော်၊ ဇော်လင်း(ရှမ်း)၊ နန္ဒကျော်၊ ကျော်ဇင်လွင်၊ နိုင်လင်းထွဋ်(မကွေး)၊ အောင်ဇော်(ဟံသာဝတီ)၊ ဇော်မင်းထွန်း၊ သီဟထက်အောင်(ရန်ကုန်)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီ)၊ ကိုကိုဟိန်း(ဇွဲကပင်)၊ မျိုးကိုထွန်း(ရတနာပုံ)၊ အလယ်တန်း-ရန်အောင်ကျော်၊ ကြည်လင်း၊ ဒေးဗစ်ဒန်း(ရန်ကုန်)၊ ရဲကိုဦး၊ လှိုင်းဘိုဘို(ရတနာပုံ)၊ ဇင်ဖြိုးအောင်(ဇွဲကပင်)၊ ရန်နိုင်ဦး(ရှမ်း)၊ သီဟဇော်(ဧရာဝတီ)၊ မောင်မောင်လွင်(ဟံသာဝတီ)၊ ရှေ့တန်း-အောင်သူ၊ ဝင်းနိုင်စိုး(ရတနာပုံ)၊ သန်းပိုင်၊ ကျော်ကိုကို(ရန်ကုန်)၊ ဆောင်လမန်(ချင်း)တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ ဥရောပနှင့် တောင်ကိုရီးယားခြေစမ်းခရီးစဉ်များ သွားရောက်မည်ဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# ဇူလိုင် ၁ ရက်မှစတင်၍ ခရီးသွားလုပ်ငန်းဆိုင်ရာလိုင်စင်များ အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးမည်

**ရန်ကုန် ဇွန် ၂၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာလိုင်စင် လျှောက်ထားမှုတွင် ပိုမိုလွယ်ကူအဆင်ပြေစေရန်အတွက် လာမည့် ဇူလိုင် ၁ ရက်မှစတင်ကာ အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းလိုင်စင် လေးမျိုးကို ခွင့်ပြုပေးလျက်ရှိရာ ဟိုတယ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းလိုင်စင်၊ ခရီးသွားကုမ္ပဏီများကို ပေးအပ်လျက်ရှိသည့် ခရီးသွားလုပ်ငန်းလိုင်စင်၊ ဧည့်လမ်းညွှန်များအတွက် ဧည့်လမ်းညွှန်လိုင်စင်၊ Tourist Transport Business ဖြစ်သည့် ခရီးသွားသယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းလိုင်စင်တို့ကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးလျက်ရှိပြီး လုပ်ငန်းဆောင်ရွက်လိုသူများ လိုင်စင်လျှောက်ထားရာတွင် အဆင်ပြေလွယ်ကူချောမွေ့စေရန်အတွက် အွန်လိုင်းမှ လိုင်စင်လျှောက်ထားခြင်းကို ဆောင်ရွက်ပေးသွားမည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဇွန် ၁၉ ရက် ညပိုင်းတွင် အင်းလျားလိတ်ဟိုတယ်၌ ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

"၂၀၁၆ ဇူလိုင် ၁ ရက်ကနေစပြီး အွန်လိုင်းကနေ လိုင်စင်ထုတ်ပေးနိုင်ဖို့အတွက် စမ်းသပ်ဆောင်ရွက်ဖို့ ပြင်ဆင်ထားရှိပြီးဖြစ်ပါတယ်။ ဝန်ကြီးဌာနမှာ လိုင်စင်လျှောက်ထားတဲ့သူတွေအတွက် ပိုမိုလွယ်ကူအဆင်ပြေအောင် အွန်လိုင်းကနေ လိုင်စင်ပေးဖို့ ရည်ရွယ်ချက်ရှိပြီးတော့ ဇူလိုင် ၁ ရက်ကစတင်ပြီး စီမံဆောင်ရွက်မယ်ဆိုတာကို ရှင်းလင်းပြောကြားလိုတာပါ။ e-Government လုပ်ငန်းစဉ်တွေအားလုံးကို နိုင်ငံတော်က မူချမှတ်ပြီး အကောင်အထည်ဖော်နေတာဖြစ်တဲ့အတွက် ဝန်ကြီးဌာနကလည်း ကိုယ်နဲ့ဆိုင်တဲ့လုပ်ငန်းတွေအားလုံးကို တောက်လျှောက်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ဖြည့်စွက်ရှင်းလင်းပြောကြားခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသောခရီးသွားများ ခရီးသွားဆိုင်ရာ သတင်းအချက်အလက်များ ပေးအပ်နိုင်ရန်အတွက် Tourist Card အသုံးပြုနိုင်ရန်အတွက်လည်း သက်ဆိုင်ရာကဏ္ဍအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။

မြန်မာ့ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတကာကသိရှိစေရန် ခရီးသွားမြှင့်တင်မှုများကို ဆောင်ရွက်လျက်ရှိပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း ငါးနိုင်ငံ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ တက်ရောက်ပြီးနောက် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာစဉ် အင်းလျားလိတ်ဟိုတယ်တွင် သတင်းမီဒီယာများနှင့်တွေ့ဆုံကာ ဝန်ကြီးဌာန၏ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် အနာဂတ်လုပ်ငန်းစဉ်များအပေါ် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**(ဆုနှင်းလဲ့)**

# မင်းဘူး(စကု)မြို့နယ် မန်းချောင်းတံတား တိုးချဲ့တည်ဆောက်ဖွင့်လှစ်

**မင်းဘူး ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းချောင်းတံတားကို တိုးချဲ့၍ ဇွန် ၁၉ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ပေးခဲ့သည်။

မန်းချောင်းတံတားသည် ယခင်က ဘေလီသံပေါင်တံတား (တစ်လမ်းသွား)ဖြစ်ပြီး ယခုအခါ တံတားအထူးအဖွဲ့(၃)ပခုက္ကူမှ တာဝန်ယူတည်ဆောက်ပေးခဲ့ရာ အရှည်ပေ ၉၀၀ ရှိ သံကူကွန်ကရစ် (နှစ်လမ်းသွား) တံတားအဖြစ် တိုးချဲ့တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

စကုမြို့ မန်းချောင်းတံတားအနီးရှိ ဉယျာဉ်ဇင်ကျေးရွာနေ ဒေသခံပြည်သူတစ်ဦးက "အရင်တံတားကနိမ့်ပြီး တစ်လမ်းသွားတံတား၊ တံတားကရှည်ပြီး ခရီးသည်တင်ကားတွေ တံတားအလယ်မှဆုံကာ ပြဿနာ ခဏခဏဖြစ်လို့ နေ့စဉ်ဖြေရှင်းပေးနေရတယ်။ မန်းရေကြီးချိန်ဆို တံတားကြမ်းခင်းထိလုနီးပါးထိ ရေတက်လာတတ်တယ်။ အခုတံတားက ကွန်ကရစ်တံတားလည်းဖြစ်၊ တံတားအမြင့်ကိုလည်း ထပ်မြှင့်ပေးထားတယ်။ လူသွားလမ်းလည်းပါတော့ ကျောင်းတက်ရတဲ့ ကလေးငယ်တွေလည်း ယာဉ်အန္တရာယ်ကင်းဝေးစွာ သွားလာနိုင်ပြီ။ နှစ်လမ်းသွားဆိုတော့ ခရီးသည်တင်ကားတွေရော ခရီးသွားပြည်သူတွေပါ အဆင်ပြေချောမွေ့စွာသွားလာနိုင်ပါပြီ"ဟု ပြောသည်။

အဆိုပါ မန်းချောင်းတံတားသည် မကွေး-မင်းဘူး-ပွင့်ဖြူ-စလင်းသွားကားလမ်းပေါ်တွင်တည်ရှိပြီး ကားလမ်းများကိုလည်း နှစ်လမ်းသွားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။ တံတားများကိုလည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ ပွင့်ဖြူမြို့အနီးရှိ မုန်းချောင်းတံတားကိုလည်း ဆက်လက်တိုးချဲ့တည်ဆောက်သွားမည်ဟု သိရသည်။ **သူရထွန်း(ပွင့်ဖြူ)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက်မွေးနေ့အထိမ်းအမှတ် ပန်းချီ၊ ဓာတ်ပုံပြပွဲဖွင့်လှစ်

**မန္တလေး ဇွန် ၂၀**
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ပန်းချီ၊ ဓာတ်ပုံပြပွဲ ဖွင့်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မင်္ဂလာ မန္တလေး အနုပညာလမ်းရှိ သီရိ အနုပညာခန်းမ၌ ကျင်းပသည်။

ပြပွဲကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးတင်ထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မွေးနေ့အထိမ်းအမှတ် အမှာစကားပြောကြားသည်။

ဓာတ်ပုံ၊ ပန်းချီပြပွဲကို ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပြသမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲအဖြစ် ဇွန် ၁၉ ရက်တွင် ခွပ်ဒေါင်းကြယ်ဖြူအငြိမ့်၊ ဇွန်၂၀ ရက်တွင် မြို့မတူရိယာအသင်း၊ ဇွန်၂၁ ရက်တွင် ဂီတမိတ်အဖွဲ့တို့က ဖျော်ဖြေကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# မြို့ခံပြည်သူများအား နေ့စဉ်စိတ်အပန်းပြေမှုပေးနိုင်သည့် မန္တလေးကန်တော်ကြီး

**မန္တလေး ဇွန် ၂၀**
ဖွံ့ဖြိုးတိုးတက်သော မြို့ပြများတွင် မြို့နေပြည်သူလူထု စိတ်ချမ်းသာရေးကိုအထူးအလေးပေးဆောင်ရွက်လေ့ရှိသည်။ ဖွံ့ဖြိုးတိုးတက်နေသော မန္တလေးမြို့တွင် မြို့နေပြည်သူလူထုအတွက် အားကစားကွင်းများ၊ အနားယူအပန်းဖြေစရာ နေရာများနှင့် အခြားမြို့ပြအင်္ဂါရပ်များကို ဖြည့်စွမ်း ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့နေ ပြည်သူလူထု စိတ်ချမ်းသာစွာ မိသားစုလိုက်အနားယူအပန်းဖြေနိုင်သော နေရာအဖြစ် ထင်ရှားသော နေရာတစ်ခုမှာ မန္တလေးကန်တော်ကြီးပင်ဖြစ်သည်။ ကန်တော်ကြီးရေပြင်သည် လှပတင့်တယ်သလိုပင် ကန်တော်ကြီး တစ်ဝိုက်မှာ ရှုချင်စဖွယ်မြင်ကွင်းများစွာရှိသည်။ ခေတ်မီစားသောက်ဆိုင်များစွာရှိပြီး စိမ်းစိုသောမြက်ခင်းပြင်တွင် ဧည့်ခံပွဲများပြုလုပ်လေ့ရှိသည်။ ကန်တော်ကြီးပတ်လည်တွင်စိမ်းစိုနေပြီး ပျိုးပင်မျိုးစုံရနိုင်သည့်လှပသည့် မြေပဒေသာကျွန်းရှိသည်။ ကလေးငယ်များ ဆော့ကစားနိုင်ရန် အထူးတလည် စီမံဖန်တီးပေးထားသော အလှရှုခင်းများ၊ တိရစ္ဆာန်ရုပ်လေးများစွာကို ဖန်တီးပေးထားပုံမှာစိတ်ဝင်စားဖွယ်ပင် ဖြစ်သည်။

လှပသောရှုခင်းများ ကျယ်ဝန်းသောရေပြင်နှင့်အတူ လှပတင့်တယ်သော ကရဝိက်ပုံပြည်ကြီးမွန်ဖောင်တော်လည်း ရှုချင်စဖွယ်လှပစွာ တည်ရှိသည်။ လှပသောကန်တော်ကြီးကို ၁၉၉၇ ဇူလိုင် ၁၀ ရက်တွင် တက်သေးအင်းအမည်မှ ပြောင်းလဲခေါ်ခဲ့ပြီး မြို့နေလူထုအပန်းဖြေနိုင်ရန် ပြုလုပ်ပေးထားခြင်းဖြစ်သည်။ ကန်တော်ကြီးသည် တောင်မြောက်အလျားပေ ၁၂၀၀၀၊ အနံပေ ၃၂၀၀ ခန့် ကျယ်ဝန်းကြောင်း သိရသည်။

မန္တလေးမြို့ရောက် ဘုရားဖူးဧည့်သည်များနှင့်အတူ မြို့နေလူထုအပန်းဖြေအနားယူသွားရောက်ရန် ကောင်းမွန်သောနေရာအဖြစ် ထင်ရှားသည်။ နှစ်သစ်ကူးပွဲများ၊ ရုံးပိတ်ရက်များနှင့် အခါကြီးရက်ကြီးများတွင် လာရောက်အပန်းဖြေသူ များပြားလျက်ရှိသည်။ မန္တလေးကန်တော်ကြီးသည် အနားယူအပန်းဖြေစရာ နေရာတစ်ခုဖြစ်သလိုပင် ကန်တော်ကြီးရေပြင် မြေပဒေသာကျွန်း ကရဝိက်ပုံပြည်ကြီးမွန်ဖောင်တော်တို့၏ အလှများသည် စိတ်ကိုလွတ်လပ်ပေါ့ပါးစေကာ ရွှင်လန်းကြည်နူးစေသည်အထိ စွမ်းဆောင်ပေးကာ မန္တလေးမြို့ ဂုဏ်ဆောင်လျက်ရှိနေသည်။

လက်ရှိကာလ အမရပူရဘက်မှ ကန်ပတ်လမ်း ပြီးသွားသည့်နောက်ပိုင်းတွင် ပိုမိုလှပတင့်တယ်သော ရှုခင်းများအဖြစ် ပြောင်းလဲသွားသည်။ ကန်ပတ်လမ်းကန်ပေါင်ပေါ်တွင် လာရောက်အပန်းဖြေသူ များပြားလျက်ရှိသည်။ ကန်တော်ကြီးမှာ မန္တလေးမြို့၏ လှပသောနေရာ၊ စိတ်ချမ်းသာမှုများစွာ ပေးသောနေရာ၊ စိတ်လွတ်လပ်ပေါ့ပါးကာ လန်းဆန်းသွားစေသော လှပသည့်နေရာအဖြစ် တည်ရှိနေပြီး နေ့စဉ် လူစည်ကားလျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**



# အသိပေးခြင်း၊ သတိပေးခြင်းနှင့်အရေးယူခြင်း

စနစ်ဆိုးကြောင့် တိုင်းပြည်သည် စီးပွားချွတ်ခြုံကျပြီး ဆင်းရဲမွဲတေမှုဖြစ်တည်ခဲ့သည်။ ထိုဆင်းရဲမွဲတေမှုက ပုံပန်းမကျ လူမှုဘဝများ ဆင့်ပွားဖြစ်ပေါ်စေခဲ့သည်။ စနစ်ကောင်းအောင် ပြုပြင်ပြောင်းလဲခွင့်ရသဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်နေစဉ်မှာပင် တစ်ဖက်က ဆင်းရဲမွဲတေမှုကိုလည်း တိုက်ဖျက်နေရသည်။ တစ်ပြိုင်တည်းလိုမှာပင် ပုံပန်းမကျ လူမှုဘဝများစွာလည်း စနစ်တကျ လှပအောင် လုပ်နေကြရသည်။ ထိုသို့ လုပ်ရာတွင် "တန်း" လုပ်နိုင်သည်များ ရှိသလို မရှိသည်များလည်းရှိမည်။

သို့နှင့် အနီးအပါးရှိ ပုံပန်းမကျ လူမှုဘဝများဖြစ်သော လမ်းဘေးဈေးသည်၊ ကျူးကျော်အိမ်ရာ၊ ကလေးအလုပ်သမား၊ ကွမ်းတံတွေးထွေးခြင်းစသည်မျှလောက်ကို စဉ်းစားမိရာ ထိုလူမှုဘဝများသည် သဘာဝဘေးအန္တရာယ်၊ ကပ်ဘေး၊ စစ်ဘေး၊ လယ်ယာမြေအသိမ်းခံရမှု၊ အလုပ်လက်မဲ့ဖြစ်မှု၊ ဝင်ငွေနိမ့်ပါးမှု၊ မြေယာဈေးမြင့်မှု၊ အိမ်ဈေးကြီးမှု၊ လူဦးရေတိုးပွားမှု၊ ကျန်းမာရေးညံ့ဖျင်းမှု၊ ပညာရည်နိမ့်ကျမှုစသည့် ပြဿနာရပ်များနှင့် အကြောင်းအကျိုး၊ အပြန်အလှန် မီးခိုးကြွက်လျှောက် ဆက်စပ်နေသည်။

ထိုသို့ အကြောင်းတရားများစွာ ပေါင်းစုံလျက် တစ်နွယ်ငင်တစ်စင်ပါဖြစ်နေသော အထူးသဖြင့် အများပြည်သူဘဝ ဆက်စပ်ထင်ဟပ်သော လူမှုဘဝများကို စနစ်တကျ လှပအောင် ပြုပြင်ကြရာဝယ် (၁) အသိပေးခြင်း၊ (၂) သတိပေးခြင်းနှင့် (၃) အရေးယူခြင်းဆိုသည့် အဆင့်သုံးဆင့်ရှိလျှင် ညင်ညင်သာသာ ထိထိရောက်ရောက် ဖြစ်နိုင်ကောင်းဖြစ်နိုင်သည်။

**(၁) အသိပေးခြင်း**

ဘာဆိုးကျိုးဖြစ်ပေါ်နေကြောင်း၊ ဘာကောင်းကျိုး ဖြစ်ဖွယ်ရှိကြောင်း၊ ဘယ်ပုံဘယ်နည်းကြိုးစားပေးမည်ဖြစ်ကြောင်း၊ သဘောပေါက်နားလည်အောင်၊ ကျေနပ်လက်ခံအောင်၊ ပူးပေါင်းဆောင်ရွက်ချင်လာအောင် အသိပေးသင့်သည်။

**(၂) သတိပေးခြင်း**

အချိန်အတိုင်းအတာတစ်ခုအထိ အသိပေးပြီးပါက မည်သို့ အရေးယူဆောင်ရွက်တော့မည်ကို သတိပေးသင့်သည်။ သတိပေးရာမှာလည်း ပထမအကြိမ်၊ ဒုတိယအကြိမ်၊ နောက်ဆုံးအကြိမ်စသည့် အကြိမ်အတိုင်းအတာတစ်ခုအထိ သတိပေးသင့်သည်။

**(၃) အရေးယူခြင်း**

အသိပေး၊ သတိပေးထားလျက် ကျူးလွန်ဖောက်ဖျက်နေပါက မလွဲသာ မရှောင်သာ အရေးယူရမည်သာ ဖြစ်သည်။ အရေးယူရာတွင်လည်း ပဏာမအရေးယူခြင်း၊ စံပြအရေးယူခြင်း၊ ထိရောက်စွာ အရေးယူခြင်း၊ ပြတ်ပြတ်သားသား အရေးယူခြင်းစသည်ဖြင့် လိုအပ်သလို အရေးယူသင့်သည်။

ကွမ်းတံတွေးထွေးခြင်းကို ဖော်ပြပါ သုံးဆင့်နှင့် ချိန်ထိုးမကြည့်မီ ကွမ်းအပေါ်ရှိသော မေတ္တာနှင့်စိုးရိမ်မှု ဤသို့ဖြစ်ပါသည်။ 'ကွမ်းဓလေ့' အကြောင်းကို ဖတ်ဖူးကြားဖူးခြင်း၊ အများသူငါ စွဲလမ်းနှစ်သက်စွာ ဝါးခြင်းကြောင့် ကွမ်းစားခြင်းအပေါ် မလေးမစား သဘောထားမရှိပါ။ ကွမ်းနံ့မခံလိုသော ဂျပန်ကိုပင် ကွမ်းဝါးခြင်းကြောင့် အဝေးပြေးကားမောင်းသူများ မငိုက်ကြကြောင်း 'တို့အသက်ကယ်ဆေး'ဟု တင်စားရှင်းပြရင်း လက်ခံကျေနပ်စေခဲ့ပါသည်။ သို့သော် ကွမ်းစားလျှင် ကွမ်းတံတွေး မဖြစ်မနေ ထွေးရမည်။ သို့သော် ပရမ်းပတာထွေးသူများကို မဆိုထားနှင့်၊ စည်းကမ်းတကျ ထွေးသူများပင် ထွေးသင့်သည့်နေရာ အလွယ်မရလျှင် ရသလိုထွေးကြသည်မို့ 'အမျိုးသားစည်းကမ်းပျက်ခြင်းအစ ကွမ်းတံတွေးထွေးခြင်းက' လောဟု ဆန့်ဆွဲတွေးမိပါသည်။ ကွမ်းဝါးခြင်းကြောင့် ဖြစ်ပေါ်လာမည့် ရောဂါဘယများနှင့်အတူ ငွေကြေးကုန်ကျမှုက မိသားစုဘဝအပေါ် သက်ရောက်မှုတွေလည်းရှိပါသည်။

သို့သော် ကွမ်းတံတွေးထွေးခြင်း၊ ကွမ်းဝါးခြင်း၊ ကွမ်းနှင့်ဆက်စပ်ကုန်စည်စီးဆင်းမှု၊ ကွမ်းနှင့်ဆက်စပ်နိုင်ငံခြားသွင်းကုန် (အိမ်နီးချင်းကုန်သွယ်ရေးနှင့်ဆက်ဆံရေး)၊ ကွမ်းနှင့် ဆက်စပ်စိုက်ပျိုး ထုတ်လုပ်မှုစသဖြင့် ကွမ်းတံတွေးနှင့်အတူ ဘဝများစွာ ဆက်စပ်ရှင်သန်နေ ပါသည်။

သို့နှင့် ကွမ်းစားသုံးမှုကိုလျှော့ခြင်း၊ ပပျောက်စေခြင်းများ ပြုလုပ်မည်ဆိုလျှင် ဦးစွာပထမ အသိပေးခြင်း ပြုလုပ်စေချင်ပါသည်။ ကွမ်းကြောင့် ကောင်းကျိုး၊ ဆိုးကျိုးကို စစ်တမ်းကောက်သည်ဟု ဖတ်လိုက်ရပါသည်။ ဤသို့ စစ်တမ်းကောက်ခြင်းသည် ပိုမိုပြည့်စုံကောင်းမွန်သည့် အသိပေးခြင်းများအတွက် အထောက်အကူပြုသလို စစ်တမ်းကောက်ခြင်းကိုယ်၌ပင် အသိပေးခြင်းတစ်မျိုးဖြစ်ပါသည်။

ချုပ်ရလျှင် အများပြည်သူဘဝတွေ ဆက်စပ်နေပါက-

တဝီဝီ အသိပေးခြင်း၊ တကျိကျိ သတိပေးခြင်း၊ တလီလီ အရေးယူခြင်းဖြင့် ဘဝများ ပုံကျပန်းကျ သာယာချမ်းမြေ့ကြပါစေသား။

**(မိုးထွန်း)**

# သီတဂူအာရောဂျဒါန ဆေးရုံတွင် မျက်စိအခမဲ့ကုသပေးမည်

**ထားဝယ် ဇွန် ၂၀**
သီတဂူဆရာတော်ကြီး၏ သဒ္ဒါ၊ မေတ္တာ၊ ကရုဏာ၊ ပညာပြဋ္ဌာန်း၍ စီစဉ်ဆောင်ရွက်ခဲ့သော တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သီတဂူအာရောဂျဒါန ဆေးရုံကြီးတွင် သီတဂူဆရာတော်ကြီး၏အစီအစဉ်ဖြင့် သီတဂူရွှေပြည်ဟိန်းဆရာတော်ကြီးကဦးဆောင်၍ သမားတော်ကြီး ဒေါက်တာမြအောင်ဦးဆောင်သော သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံကြီးမှ အထူးကုဆရာဝန်များ၊ အထောက်အကူပြုအဖွဲ့များ၊ ထားဝယ်မြို့ သီတဂူအကျိုးဆောင်အဖွဲ့၊ ဝိဝဋ္ဋဒါနအလှူရှင်များ၊ အထူးကုဆရာဝန်များပူးပေါင်း၍ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးကာ အလင်းဒါနလှူဒါန်းပေးမည်ဖြစ်ကြောင်းသိရသည်။

မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ သီတဂူအာရောဂျဒါန ဆေးရုံကြီးတွင် ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့အား ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ မျက်စိစမ်းသပ်ပေးမည်ဖြစ်ပြီး ဇူလိုင် ၈ ရက်မှ ၁၀ ရက်အထိ ခွဲစိတ်ကုသပေးမည်ဖြစ်ကာ မျက်စိစမ်းသပ်ခြင်း၊ ပါဝါမျက်မှန်လှူဒါန်းခြင်းတို့ကို PTC လျှပ်စစ်ဝန်ဆောင်မှု ကုမ္ပဏီက လှူဒါန်းမည်ဖြစ်သည်။

မျက်စိဝေဒနာရှင်များအနေဖြင့် လူမျိုးမရွေး၊ ဘာသာမရွေး သီတဂူအာရောဂျဒါနဆေးရုံ ရုံးခန်း ဖုန်း ၀၉-၈၇၅၀၁၇၉၊ ၀၉-၈၇၄၁၁၁၅၊ ၀၉-၄၅၀၉၉၀၇၄၉ သို့ ကြိုတင်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သီတဂူအာရောဂျဒါနဆေးရုံ အကျိုးဆောင်ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ထန်းတပင် ဇွန် ၂၀**
၂၀၁၆ ခုနှစ် ဇွန် ၁၉ ရက်တွင် ကျရောက်သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက် မွေးနေ့ အထိမ်းအမှတ်အဖြစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူခရိုင်မြို့နယ် ဆိပ်ကြီးရပ်ကွက် သာယာအေးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းရွှေနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သစ်တောဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ထွေးနှင့်သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်ပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ယင်းမာ၊ ယူကလစ် အပါအဝင်ပျိုးပင်ပေါင်း ၂၅၀ကို စုပေါင်းသစ်ပင်စိုက်ပျိုး ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇွန် ၂၀**

၂၀၁၆ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို အကဲဖြတ်ရွေးချယ်ရေးအဖွဲ့များက စိစစ်ရွေးချယ်ပြီး ဆုရသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ဒေါ်မြမြစန်း(နန်းရော)၏ "ဖေဖေ မြန်မြန်ပြန်လာပါ" ဝတ္ထုတိုက ပထမ၊ ကိုစန်းလွင်(ထန်းတပင် စန်းလွင်) ၏ "စီးပွားကျန်းမာလူမှုဘဝ မူးယစ်ရှောင်မှ လွန်လှပ" ဝတ္ထုတိုက ဒုတိယ၊ မအိဖြူစံ(ပန်းအိဖြူဖြူ)၏ "ကြယ်ကြွေညရဲ့ အလင်းတစ်စ"ဝတ္ထုတိုက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်မြင့်မြင့်သန်း (မေကျော်-ပြန်/ဆက်) ၏ "မူးယစ်အန္တရာယ် ကာကွယ်ဖို့ တွဲလက်တွေမြဲမြဲစို့"၊ ဦးအေးကြူ(မောင်ငြိမ်းမွန်-ချောင်းဦး)၏ "စွန်းထင်းသွားသော"၊ ဦးဇင်ပိုင်ဖြိုး(ကံမ)၏ "မူးယစ်အန္တရာယ် တားဆီးကာကွယ်" ဝတ္ထုတိုတို့က အသီးသီးဆုများရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲတွင် ဦးအောင်သန်း (အောင်ခန့်ဖြိုးဝေ-တောင်ငူ) ၏ "မူးယစ်ကင်းစင် ဒို့ဘဝအသွင် အစဉ်ဖွံ့ဖြိုးကြီးပမ်းစို့" ဆောင်းပါးက ပထမ၊ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး) ၏ "မူးယစ်ကင်းစင် ဒို့ဘဝအသွင် အစဉ်ဖွံ့ဖြိုးကြိုးပမ်းစို့" ဆောင်းပါးက ဒုတိယ၊ မလှိုင်းဇာလီသိမ့် (ပုသိမ်သူ)၏ "တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကိုရှောင်ရှားစို့" ဆောင်းပါးက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်ခင်အုန်းမြင့် (နန္ဒာခင်-သက္ကလမြေ)၏ "တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကိုရှောင်ရှားစို့"၊ ဦးဇော်လင်း (လင်းထက်-အင်းတော်ကြီး)၏ "လူ့ဘောင်လောကလှပဖို့ မူးယစ်ဆေးကို ရှောင်ရှားစို့"၊ ဒေါ်လွင်လွင်သန်း(ပန်းသစ္စာ-ဥဿာမြေ)၏ "တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကိုရှောင်ရှားစို့"ဆောင်းပါးတို့က အသီးသီးဆုများ ရရှိကြသည်။

ကဗျာပြိုင်ပွဲတွင် ဦးတင်မြင့်(ပုဏ္ဏဝတီတင့်နှောင်း)၏ "မူးယစ်ကင်းမှ လူ့လောက အလှဝေမည်သာ" ကဗျာက ပထမ၊ ဦးသိန်းမြင့် (မောင်သီတာ-အသုတ်)၏ "တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကို ရှောင်ရှားစို့" ကဗျာက ဒုတိယ၊ ဦးဖုန်းကျော် (မောင်ဘုန်းကြွယ်-အေးရွာ) ၏ "စီးပွားကျန်းမာလူမှုဘဝ မူးယစ်ရှောင်မှ အလွန်လှပ" ကဗျာက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မမူမူအေး(အေးမြင့်အေး-တပ်ကုန်း)၏ "ထုဆစ်ပုံဖော် ပဝင်းဖို့ မူးယစ်ဆန့်ကျင်ကြပါစို့"၊ ဦးစောလွင် (မဟူရာစောလွင်- ပခုက္ကူ)၏ "မြဲအစဉ် လွဲကြဉ်မနေး မူးယစ်ဆေးဝေးကြစေ"၊ ဦးမြင့်ငွေ (ကြိုင်ပျံ့ဦး-မောမြေမြင့်)၏ "လူတိုင်းကိုယ်စီ ရှောင်ကြဉ်ခြင်း တစ်ပြည်လုံးမှာ မူးယစ်ကင်း" ကဗျာတို့က အသီးသီးဆုများ ရရှိကြသည်။

တေးသီချင်းပြိုင်ပွဲတွင် ဗိုလ်ကြီးဉာဏ်ပိုင်စိုး(စစ်သူ)၏ "ကိုယ်တိုင်ရှောင်ကြဉ်ကာကွယ် မူးယစ်ဆေးအန္တရာယ်" တေးသီချင်းက ပထမ၊ ဦးသန်းကိုကိုထွန်း(ဂစ်တာကိုငယ်)၏ "မူးယစ်အန္တရာယ် တို့ရန်စွယ် မျိုးချစ်စိတ်နဲ့ ချေမှုန်းမယ်" တေးသီချင်းက ဒုတိယ၊ ဒေါ်ခင်မိုးထွေး (မိုးသူ-သုခမ) ၏ "အမိမြေ မူးယစ်ကင်းစင်စေ" တေးသီချင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်ခင်စန္ဒီစိမ့်(အလင်္ကာမေ)၏ "လူဖြစ်ကျိုးနပ်ဖို့ မူးယစ်ဆေးကို တားဆီးစို့"၊ ဦးထွန်းထွန်းလတ်(ဘခက်)၏ "ပန်းများပွင့်စေသား" နှင့် မမြင့်မြင့်စိုး (စိုးစိုး-မြန်မာစာ)၏ "တိုက်ဖျက်ကာကွယ် မူးယစ်အန္တရာယ်" တို့က အသီးသီး ဆုများရရှိကြသည်။

ခတ်ပုံပြိုင်ပွဲတွင် ပြည်စိုးထွန်း(ပန်းချီ)က ပထမ၊ မင်းဇာနည်ဇော်က ဒုတိယ၊ အောင်ဆန်း(တောင်ကြီး)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် အေးလွင်ဦး(ရွှေပန်းချီ-ရမည်းသင်း)၊ ယမင်းဝင်းလှိုင်နှင့် ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)တို့က အသီးသီးဆုများရရှိကြသည်။

ကွန်ပျူတာပိုစတာအလွတ်တန်းအဆင့် ပြိုင်ပွဲတွင် မောင်ဝေယံ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ဦးမောင်မောင်ကျော်ဝင်း ရန်ကုန်တိုင်းဒေသကြီးက ဒုတိယနှင့် မောင်ပိုင်စိုးထွန်း မန္တလေးတိုင်းဒေသကြီးက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းထက်ဟိန်း ရန်ကုန်တိုင်းဒေသကြီး၊ မောင်အောင်နိုင်ဦး တနင်္သာရီတိုင်းဒေသကြီးနှင့် မနန်းဇူလိုင်ထွန်း ရှမ်းပြည်နယ် (ကျိုင်းတုံ)တို့က အသီးသီးဆုများရရှိကြသည်။

ပန်းချီမူလတန်းအဆင့်ပြိုင်ပွဲတွင် မရွှန်းသစ်သစ်ဦး အမက(၄) နန်းရှေ့ မန္တလေးက ပထမ၊ မောင်မြတ်ထူးခန့် ကောင်းစုစံပညာ့ရိပ်မွန်ကိုယ်ပိုင်အထက်တန်းကျောင်း ရွှေပြည်သာက ဒုတိယနှင့် မောင်အောင်ကောင်းခန့် အထက(၁၂) မော်လမြိုင်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်မင်းဟိဏ်းခန့် အထက(၁) မုဒုံ၊ မောင်ကိုကိုချစ် အထက(၁)ဒဂုံနှင့် မမေပန်းချီ အထက(ခွဲ) လ(၁) ပုသိမ်တို့က အသီးသီး ဆုများ ရရှိကြသည်။

ပန်းချီအလယ်တန်းအဆင့် ပြိုင်ပွဲတွင် မောင်ဘုန်းပြည့်ကျော် အထက(၂) သန်လျင်က ပထမ၊ မောင်မြင့်မြတ်ထွန်းနိုင် အထက(၄) သန်လျင်က ဒုတိယနှင့် မခိုင်နှင်းသက် အထက(၂) စမ်းချောင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်အောင်ဘုန်းခန့် အထက(၄) လှိုင်၊ မောင်မင်းခန့်ကျော် ထ-ခွဲ လ(၅)လားရှိုးနှင့် မောင်နောင်နောင်မင်းသန့် အမက(၂)မူလွန် လှိုင်မြို့နယ်တို့က အသီးသီးဆုများရရှိကြသည်။

ပန်းချီအထက်တန်းအဆင့်ပြိုင်ပွဲတွင် မနေခြည်မြင့်မြတ်နိုင် အထက(၂) သန်လျင်က ပထမ၊ မဝင့်ကေခိုင်မြင့် အထက(၂) စမ်းချောင်းက ဒုတိယနှင့် မောင်စောဆောင်းဆည်းဆာ အထက ကျုံပျော်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်စောလထက်သာ Tip Top Education Center ကိုယ်ပိုင်အထက်တန်းကျောင်း သန်လျင်၊ မဖြူဖြူကျော် ထ- ခွဲ လ(၅) လားရှိုးနှင့် မောင်ရဲမြတ်မင်း အထက(၁၆) ချမ်းအေးသာစံတို့က အသီးသီးဆုများ ရရှိကြသည်။

ကာတွန်းမူလတန်းအဆင့်ပြိုင်ပွဲတွင် မအိအိတုံ အမက(၂၀) ပုသိမ်က ပထမ၊ မမေပန်းချီ ထ-ခွဲ လ(၁) ပုသိမ်က ဒုတိယနှင့် မယွန်းဝတီ မြန်မာ့ပညာရေးအောင်မြေ ကိုယ်ပိုင်အထက်တန်းကျောင်း မင်္ဂလာဒုံက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်စိုင်းသော်ဇင်ကို မြို့မ အလက(ခွဲ) တောင်ငူမြို့၊ မောင်အာကာဟိန်း အထက(၂) ကျောက်တန်းနှင့် မစုအိမ့်နဒီ အမက(၃) ဗိုလ်တထောင်တို့က အသီးသီးဆုများရရှိကြသည်။

ကာတွန်းအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မနှင်းအိဝင့်လွှာ အထက(ခွဲ) လ(၁) ပုသိမ်က ပထမ၊ မစန္ဒကူးဇော် အထက(၂) ကျောက်တန်းက ဒုတိယနှင့် မောင်ကျော်ခန့်သူ အထက(၁)ဒဂုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဖူးပြည့်စုံအောင် မြို့မမူလွန် တောင်ငူ၊ မဖြိုးမြင့်သူ ပင်မကိုယ်ပိုင်အထက်တန်းကျောင်း ချမ်းအေးသာစံနှင့် မကြည်ဖြူသန့် အထက(၇) တောင်ငူ တို့က အသီးသီး ဆုများရရှိကြသည်။

ကာတွန်းအထက်တန်းအဆင့်ပြိုင်ပွဲတွင် မသက်ထားဆွေ အထက(၁) ဒဂုံက ပထမ၊ မောင်မြင့်မိုးအောင် အထက(၆)ပုသိမ်က ဒုတိယနှင့် မောင်သူရဟိန်း အထက(၂) ကျောက်တန်းက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မယမင်းသူ အထက(၁) တောင်ငူ၊ မဝင့်ဝါအောင် အထက(ခွဲ)စက်ရုံမြိုင်ကလေးကျေးရွာ ဘားအံနှင့် မကြေးငုံညို အထက(၁) စစ်ကိုင်းတို့က အသီးသီးဆုများ ရရှိကြသည်။

ပိုစတာမူလတန်းအဆင့်ပြိုင်ပွဲတွင် မောင်အောင်ဖြိုးဇော် အထက(၂) ကျောက်တန်းက ပထမ၊ မနှင်းနန္ဒာအေး အမက(နမီးစု) မိုးညှင်းက ဒုတိယနှင့် မောင်နန္ဒကြယ်စင် အမက(၂၀) ပုသိမ်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်အာကာဟိန်း အထက(၂) ကျောက်တန်း၊ မမဒီခြိမ့် အထက(၃)ပဲခူးနှင့် မရွှန်းသစ်သစ်ဦး အမက(၄)နန်းရှေ့ မန္တလေးတို့က အသီးသီးဆုများ ရရှိကြသည်။

ပိုစတာအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မောင်ရဲမင်းခန့် အထက(၂) ကျောက်တန်းက ပထမ၊ မောင်ကျော်ခန့်သူ အထက(၁) ဒဂုံက ဒုတိယနှင့် မယဉ်မြင့်မြတ်အောင် အထက ရေတာရှည် ပဲခူးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဆုမြတ်ဖြိုး အထက(၃) ဒဂုံမြောက်၊ မထက်ရတီအောင် အမက(၃) မူလွန်နေပြည်တော်နှင့် မောင်ပြည့်ပြည့်မြင့်ထက် အထက(၁) ပြည် တို့က အသီးသီးဆုများ ရရှိကြသည်။

ပိုစတာအထက်တန်းအဆင့် ပြိုင်ပွဲတွင် မောင်သူရဟိန်း အထက(၂) ကျောက်တန်းက ပထမ၊ မောင်ရန်ဟိန်းအောင် အထက(၂) ဗဟန်းက ဒုတိယနှင့် မဆုလတ်ရွှေရည်ဇော် Yangon Advertist Seminary ရန်ကုန်မျှော်လင့်ခြင်းကျမ်းစာကျောင်း ဗဟန်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မမြဝတ်ရည် အထက(၃) ဒဂုံမြောက်၊ မသက်ထားဆွေ အထက(၁) ဒဂုံနှင့် မချောအိခင် The Great Success ကိုယ်ပိုင်အထက်တန်းကျောင်း ဒဂုံမြောက်တို့က အသီးသီးဆုများရရှိကြသည်။

ကွန်ပျူတာပန်းချီအလယ်တန်းအဆင့် ပြိုင်ပွဲတွင် မအိမ့်သူသူမွန် အထက(၈) မော်လမြိုင်က ပထမ၊ မဖူးသစ်ဟေမာန်မျိုးဝင်း အထက(၈) မော်လမြိုင်က ဒုတိယနှင့် မရွှေရည်ပပဖြိုး အထက(၁၄) မန္တလေးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မစုပြည့်သွယ် အထက(၇) ပဲခူး၊ မောင်ဟန်ထူးအောင် အထက(၁)ဒဂုံနှင့် မကြယ်စင်နှင်း လေ့ကျင့်ရေးကျောင်း တောင်ငူ တို့က အသီးသီးဆုများ ရရှိကြသည်။

ကွန်ပျူတာပန်းချီအထက်တန်းအဆင့်ပြိုင်ပွဲတွင် မောင်ခန့်ဇော်နိုင် အထက(၁)ရေးက ပထမ၊ မဝင့်ကေခိုင်မြင့် အထက(၂) စမ်းချောင်းက ဒုတိယနှင့် မနန်းရွက်ဟွမ်မိန်း EC ပညာ့ရိပ်သာ ကိုယ်ပိုင်အထက်တန်းကျောင်း တာမွေက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မနေခြည်သင်း ထ-ခွဲ လ(၄) မော်လမြိုင်၊ မောင်ရဲမြတ်မင်း အထက(၁၆) မန္တလေးနှင့် မောင်အောင်မင်းအောင် အထက(၁) ဘားအံတို့က အသီးသီးဆုများရရှိကြကြောင်း သိရသည်။ **(ကြေးမုံ)**

## မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် အဆိုပြုလွှာများခေါ်ယူ

**နေပြည်တော် ဇွန် ၂၀**

မြန်မာ-ဂျပန် အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် (၂၀၁၆) ကို မြန်မာ-ဂျပန်အသင်းက တတိယအကြိမ်အဖြစ် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ဂျပန်နှစ်နိုင်ငံ ပြည်သူအချင်းချင်းအကြား ချစ်ခင်ရင်းနှီးမှုကို ကျောင်းသားလူငယ်ချင်း ချစ်ခင်ရင်းနှီးမှုမှတစ်ဆင့် တိုးမြှင့်ဖော်ဆောင်နိုင်ရန်၊ အနာဂတ်နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန်၊ ပညာရေးကဏ္ဍမှ ဘက်စုံထူးချွန်သည့် မျိုးဆက်သစ်လူငယ်များကို ရွေးချယ်ပြီး နိုင်ငံတော်ကိုယ်စား၊ မိဘပြည်သူများကိုယ်စား အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်ဂုဏ်ပြုချီးမြှင့်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် "မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံ လေ့လာရေးအစီအစဉ် (MJA Outstanding Students Award Japan Exchange Visit)"ကို တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဘက်စုံထူးချွန်သည့် ကျောင်းသား ကျောင်းသူ ၂၀ စီအား ရွေးချယ်ပြီး ဂျပန်နိုင်ငံသို့ ခုနစ်ညအိပ် ရှစ်ရက် လေ့လာရေးခရီးစဉ်ကို ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များက စီစဉ်ဆောင်ရွက်ခဲ့သည်။

ယခုနှစ်ဆောင်ရွက်မည့် အစီအစဉ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူအချို့နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL) ဂျပန်ဘာသာ အဓိကသင်ကြားနေသူများမှ ထူးချွန်ကျောင်းသား ကျောင်းသူအချို့ကို ရွေးချယ်ပေါင်းစပ်ဖွဲ့စည်းပြီး ဂျပန်နိုင်ငံသို့ ခုနစ်ညအိပ်ရှစ်ရက် လေ့လာရေးခရီးစဉ်အား ယခုနှစ် အောက်တိုဘာလဆန်းတွင် စေလွှတ်သွားမည်ဖြစ်သည်။

ယခုနှစ်အတွက် အဆိုပြုလွှာများကို ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၂၅ ဦး၊ ဝိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရှိသူ ၂၅ ဦးနှင့် YUFL သတ်မှတ်အတန်းများမှ ပဏာမအဆင့် ရွေးချယ်မှုတွင် အောင်မြင်သူ ၆၀ စုစုပေါင်း ၁၁၀ တင်သွင်းခွင့်ရရှိမည် ဖြစ်သည်။

အဆိုပြုလွှာများကို မြန်မာ-ဂျပန်အသင်း၊ CENTRAL TOWER အမှတ် (၇၉-၈၁) ပထမထပ် အခန်း (၁၀၂) အနော်ရထာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း ၀၁-၂၅၆၀၇၄၊ ၂၅၆၀၇၅ သို့ ဆက်သွယ်ပြီး အခမဲ့ထုတ်ယူနိုင်ကြောင်း၊ မြန်မာ-ဂျပန်အသင်းရုံးသို့ ဇူလိုင် ၁၈ ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း၊ အသေးစိတ်ကို ဒေါက်တာငွေလွင်(အသင်းအတွင်းရေးမှူး) ဖုန်း ၀၉ ၂၆၂၇၇၂၇၀၅ နှင့် ဦးနေဝင်းထက်(ရုံးအဖွဲ့) ဖုန်း ၀၉ ၄၂၁၁၆၂၃၃၁ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် အမှတ်(၆)ရပ်ကွက် ကျည်တောင်ကန်မြို့ပတ်လမ်းပေါ်ရှိ ကွင်းကြီးချောင်းမှ နုန်းသဲ၊ အမှိုက်များပိတ်ဆို့၍ ရေကျော်မှုကို ဥတ္တရခရိုင် မီးသတ်ဦးစီးမှူး ဦးလှိုင်ဝင်းအောင်၊ ပုဗ္ဗသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းတို့ ဦးဆောင်၍ ဇွန် ၁၉ ရက် နံနက် ၈ နာရီက နုန်းသဲ၊ အမှိုက်များကို မြေထိုးစက်ဖြင့် ကွင်းဆင်းဆောင်ရွက်စဉ်။**

ကိုကိုရှုပ(နေပြည်တော်)

## နွေရာသီ ရေရှားပါးကျေးရွာများတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**ညောင်လေးပင် ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း နွေရာသီရေရှားပါးခဲ့သော ကျေးရွာများ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းလွင်နှင့် ဝန်ထမ်းများသည် ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဇွန် ၁၅ ရက်က ကျဘန်းကျေးရွာအုပ်စု၊ အနောက်ဇီးကန်ကျေးရွာအုပ်စုတို့၌ ဆောင်ရွက်နေသည့် တွင်းတိမ် နှစ်တွင်း၊ လက်တူးတွင်းကျယ် ငါးတွင်းတို့အား ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြသည်။ တွင်းတိမ်တစ်တွင်းလျှင် ငွေကျပ် သိန်း ၄၀ ခန့် ကုန်ကျကြောင်း သိရသည်။

အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ရက် ၁၀၀ အတွင်းဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများပြီးစီးပါက ကျေးရွာအုပ်စုတွင်ရှိသော ကျေးရွာများရှိ အိမ်ခြေ ၁၀၀၀ ခန့်၊ လူဦးရေ ၅၀၀၀ ခန့်အား သောက်သုံးရေ ဖူလုံရေးအတွက် များစွာအထောက်အကူပြုသွားမည် ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

❑

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၁- ၆ -၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-ပြည်သူ့နီတိ
"ရိုးရိုးကျင့်မြင့်မြင့်ကြံ"
၆း၂၀ -ကာတွန်းအစီအစဉ်
"Despicable me"
(အပိုင်း-၂)
၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ"
(အပိုင်း-၂၃)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"နင်. . . စေလိုရာစေ"
(အပိုင်း-၃)
၈း၅၀ MRTV-4
Entertainment Music
၉း၀၀ ဆံရစ်ဝိုင်းနဲ့
မိန်းကလေးများ
၉း၃၀ နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၉း၄၀ ခြင်းလုံးအားကစား မေဖူးဟန်
၉း၅၀ တေးဂီတအစီအစဉ်
၁၀း၀၀ ပန်းချီဆရာ သန်းကြွယ်
၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း
"မြူခိုးလွင်ပြင်"
၁၂း၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၄၀ "မဃဒေဝတောသို့ကြွ"
တရားတော်
(ဆရာတော် အရှင်ကုမာရ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရ ချစ်သူသည်သာ"
(အပိုင်း-၉၉)
၇း၅၀ ရခိုင်ပြည်နယ် စစ်တွေမြို့
မင်းဂံရပ်ကွက်၌ ကျင်းပသော
မဟာဗောဓိပရဟိတ
ဘုန်းတော်ကြီးသင်ပညာရေး
ကျောင်းဖွင့်ပွဲ အခမ်းအနား
(အပိုင်း-၂)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာတည်စေသော်"
(အပိုင်း-၂၆)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ သွားမယ် စားမယ် (The TAJ)
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"နက္ခတ်ပညာရှင်
(ဂျန်းယောလ်ရှီးလ်)
(အပိုင်း-၂၀)
၁၂း၃၅ အနုပညာမိုးကောင်းကင်
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"လူရည်ချွန်" (အပိုင်း-၄၉)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရချစ်သူသည်သာ"
(အပိုင်း-၉၉)
၄း၀၀ Cartoon Series
(Go Go Giggles)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရချစ်သူသည်သာ"
(အပိုင်း-၁၀၀)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"လူရည်ချွန်" (အပိုင်း-၅၀)
၈း၂၀ ရသစုံညွန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာတည်စေသော်"
(အပိုင်း-၂၇)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"နက္ခတ်ပညာရှင်
(ဂျန်းယောလ်ရှီးလ်)"
(အပိုင်း-၂၁)
၉း၅၅ အနုပညာမိုးကောင်းကင်
၁၀း၁၅ MRTV-4 Stage
၁၀း၄၀ World of Knowledge
(Ultimate Survival Alaska-In
To Void)

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏
ပရိတ်တရားတော်
၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
၈း၃၅ ဥပဒေရေးရာအဖြာဖြာ
(အားလည်း နာတယ်
ခင်လည်းခင်တယ်)
၉း၃၅ မြန်မာ့ရုပ်မြင်သံကြား
လူငယ်အစီအအစဉ်
၁၀း၃၅ မြန်မာ့ရုပ်မြင်သံကြား
ပညာရေး အစီအစဉ်
၁၁း၃၅ မျက်မှောက်ရေးရာသုံးသပ်စရာ
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ"
(အပိုင်း-၁၈)
၁း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ"
(အပိုင်း-၄၄)
၂း၁၀ ဆိုကြမယ်၊ ပျော်ကြမယ်
၃း၃၅ လူမှုစီးပွားမြင်ကွင်းများ
၄း၁၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်
"ကျွန်တော်၊ကျွန်မ၊ ယောကျာ်း၊
ဗိုက်ကြီးသယ်"
၄း၃၅ Football Magazine
(ဧရာဝတီယူနိုက်တက်အသင်း)
၅း၁၅ Catch Asia News(48)
၅း၃၅ မြန်မာ့ငွေကြေး
စျေးကွက်ဆိုင်ရာ
စကားဝိုင်း (Present And
Future Of Myanmar's
Finance Sector)
(အပိုင်း-၁)
၆း၃၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါ ဂင်ချီ"
(အပိုင်း-၄၅)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ
သတင်း၊မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း၊
- နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ"
(အပိုင်း-၁၉)
- နိုင်ငံခြားဇာတ်လမ်းတွဲ
"အချစ်တဲ့လား"
(အပိုင်း-၄)
- Yes or No Talk
Show(Season -2, Part-2)
- တမ်းတမ်းတတဖြစ်ခဲ့ရသော
ရုပ်ရှင်တေးများ(အပိုင်း-၁၄)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# Miss Goldenland Bago Region 2016 ရွေးချယ်ပွဲ ကျင်းပ

**ပဲခူး ဇွန် ၂၀**

ပဲခူးမြို့ မြို့တော်ခန်းမ၌ Miss Goldenland Bago Region 2016 ရွေးချယ်ပွဲကို ဇွန် ၁၉ ရက် ညနေ ၆ နာရီက ကျင်းပသည်။

ရှေးဦးစွာ အဆိုတော် ဟဲလေးနှင့် တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး Miss Goldenland Bago Region 2016 ပြိုင်ပွဲဝင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အလှမယ် ၁၆ ဦးတို့က အားကစားဝတ်စုံ၊ မြန်မာဝတ်စုံ၊ ပွဲတက်ဝတ်စုံများဖြင့် အလှပြယှဉ်ပြိုင်ကြသည်။



ထို့နောက် ဒိုင်လူကြီးများက ပြိုင်ပွဲဝင် ၁၆ ဦးအနက် ရှစ်ဦးကို ရွေးချယ်ပြီး ငါးဦးကို ပြန်လည်ရွေးချယ်သည်။ ရွေးချယ်ခံရသည့် ပြိုင်ပွဲဝင်ငါးဦးအား ဒိုင်လူကြီးများက မေးခွန်းများ မေးမြန်းကာ ၎င်းတို့ထဲမှ Miss Bago Region ဆုကို ခါးနံပါတ်(၁၁) မြလေးသွယ်က လည်းကောင်း၊ 1st Runner Up ဆုကို ခါးနံပါတ်(၃) ဆုပြည့်အလင်္ကာက လည်းကောင်း၊ 2nd Runner Up ဆုကို ခါးနံပါတ်(၈) ခြူးပွင့်ဖြူက လည်းကောင်း၊ 3rd Runner Up ဆုကို ခါးနံပါတ်(၁၄) ညိုလွင်ထွန်းက လည်းကောင်း၊ 4th Runner Up ဆုကို ခါးနံပါတ်(၁၅) ဖူးသဥ္ဇာကိုက လည်းကောင်း အသီးသီး ရရှိကြသည်။

ယင်းပြိုင်ပွဲအား မြန်မာတစ်နိုင်ငံလုံးတွင်ရှိသော ရွက်ပုန်းသီးအမျိုးသမီးငယ်လေးများကို မြန်မာ့ဂုဏ်ဆောင် အလှမယ်တစ်ဦးအနေဖြင့် နိုင်ငံတကာစင်မြင့်ထက်အထိ ရောက်ရှိအောင်ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပြီး ရွေးချယ်ခံရသည့် Miss Goldenland Bago Region 2016 အနေဖြင့် ရန်ကုန်တွင် တစ်လကြာ လေ့ကျင့်ရမည်ဖြစ်ရာ လာမည့် ဩဂုတ်တွင် ကျင်းပမည့်ပြိုင်ပွဲ၌ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု အလှမယ်အနေဖြင့် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**(၅၈၈)**

■

# (၁၉)ကြိမ်မြောက် ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဘောလိဝုဒ်ဇာတ်ကား Thithi ဆုသုံးဆု ဆွတ်ခူး

တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဘောလိဝုဒ်ဇာတ်ကား Thithi က ဆုသုံးဆုဆွတ်ခူးခဲ့ကြောင်း သိရသည်။

ဒရမ်မာဇာတ်မြူးကား တစ်ကားဖြစ်သည့် ယင်းဇာတ်ကားသည် အကောင်းဆုံးဇာတ်ကားဆု၊ အကောင်းဆုံးဇာတ်ညွှန်းဆုနှင့် Asia New Talent Awards တို့ကိုဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

အိန္ဒိယဒါရိုက်တာ Raam Reddy ရိုက်ကူးပုံဖော်ထားသည့် ယင်းဇာတ်ကားသည် မကြာမီက ကျင်းပပြီးစီးခဲ့သည့် ရှန်ဟိုင်းရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသရန်ရွေးချယ်ခံခဲ့ရသည့် တစ်ခုတည်းသော ဘောလိဝုဒ်ဇာတ်ကား တစ်ကားဖြစ်ကာ တရုတ်ပရိသတ်များ၏ တစ်ခဲနက် အားပေးမှုရရှိခဲ့သည့်အတွက် လွန်စွာကျေနပ်မိကြောင်း Raam Reddy က ဆိုသည်။

"ဒီဇာတ်ကား စတင်ထွက်ရှိပြီးကတည်းက အိန္ဒိယနိုင်ငံပြီးရင် တရုတ်နိုင်ငံဟာ ပထမဆုံး ပြသခဲ့တဲ့ နိုင်ငံပါ။ တရုတ်နိုင်ငံက ပရိသတ်တွေကိုလည်း အာရှရဲ့နေရာတစ်ခုရဲ့ အဖြစ်အပျက်လေးတွေကို ပြောပြချင်တာလည်းပါပါတယ်။ တရုတ်၊ ဂျပန်နဲ့ ကိုရီးယားက အကဲဖြတ်ဒိုင်တွေအနေနဲ့လည်း ဒီဇာတ်ကားလေးကို သဘောကျလို့ ကျေနပ်ပါတယ်"ဟု အိန္ဒိယဒါရိုက်တာ Reddy က ပြောသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ကျေးရွာလေးတစ်ရွာကို အခြေပြုရိုက်ကူးထားသည့် ယင်းဇာတ်ကား၏ ဇာတ်ညွှန်းပိုင်းဆိုင်ရာများကိုလည်း ဒါရိုက်တာ Reddy ကပင် ရေးသားထားပြီး ယင်းကျေးရွာလေးသည် Reddy ၏ ဇာတိမွေးရပ်မြေတစ်ခုဖြစ်ကာ ယဉ်ကျေးမှုထွန်းကားသည့်နယ်မြေတစ်ခုလည်းဖြစ်ကြောင်းသိရသည်။

(၁၉)ကြိမ်မြောက် ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် Thithi ဇာတ်ကားနှင့်အတူ ဆန်ခါတင်ရွေးချယ်ခံရသော ဇာတ်ကားများမှာ တရုတ်ဇာတ်ကား One Night Only နှင့် Detective Chinatown၊ ဂျပန်ရုပ်ရှင် Hana's Miso Soup နှင့် အစ္စရေးရုပ်ရှင် Land of the Little People တို့ဖြစ်ကြသည်။

# ဟောင်ကောင် ဒါရိုက်တာနှင့် အနုပညာလုပ်ငန်းများ လက်တွဲဆောင်ရွက်မည့် ဟာဂျီဝန်



မင်းသမီး ဟာဂျီဝန်က ဟောင်ကောင်ဒါရိုက်တာဂျွန်ဝူး ပုံဖော်ရိုက်ကူးမည့် Manhunt ဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မ ဒါရိုက်တာဂျွန်ဝူးနဲ့ အလုပ်အတူတွဲလုပ်ဖို့ဆုံးဖြတ်လိုက်တာပါ။ သူနဲ့ ဇာတ်ကားတွေ အတူတွဲရိုက်ဖို့ ကျွန်မငယ်ငယ်လေးထဲက ဖြစ်ချင်ခဲ့တာပါ" ဟု မကြာမီက ကျင်းပပြီးစီးခဲ့သည့် (၁၉)ကြိမ်မြောက် ရှန်ဟိုင်း နိုင်ငံတကာရုပ်ရှင်ပွဲတော်၏ ညစာစားပွဲအခမ်းအနားတစ်ခုတွင် ဟာဂျီဝန်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ Manhunt ဇာတ်ကားတွင် ဟာဂျီဝန်အနေဖြင့် အလွန်ချောမောလှပပြီး လုပ်ကြံမှုကြီးများကို သေသပ်စွာကျူးလွန်တတ်သူမိန်းမပျိုတစ်ဦးအဖြစ် ဂျပန်မင်းသား Masaharu Fukuyama၊ တရုတ်မင်းသား Zhang Hanyu နှင့် မင်းသမီး Stephy Qi Wei တို့နှင့်အတူ ပါဝင်သရုပ်ဆောင်ထားသည်။

ယင်းဇာတ်ကားသည် ၁၉၇၈ ခုနှစ်က ထွက်ရှိခဲ့သည့် လူကြိုက်များခဲ့သည့် ဂျပန်ရုပ်ရှင်ဇာတ်ကား Crossing Your River of Wrath ကို ပြန်လည်ခြယ်မှုန်းထားခြင်းဖြစ်ကြောင်း သိရသည်။

သမိုင်းမှတ်တမ်းဇာတ်ကားများကို အများစုရိုက်ကူးလေ့ရှိသည့် ဟောင်ကောင်ဒါရိုက်တာဂျွန်ဝူး၏ အဆိုပါ ဇာတ်ကားသစ်ကို ၂၀၁၇ ခုနှစ်တွင် စတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးစန္ဒာမောင် - စုစည်းသည်**




# ရွိုင်းဟော့ဂ်ဆန်အား အင်္ဂလန်နည်းပြအဖြစ် ဆက်ရှိစေချင်ဟု ရွန်းနီပြောကြား


လက်ရှိ ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ယူရို ၂၀၁၆ ပြိုင်ပွဲပြီးဆုံးချိန်တွင်လည်း နည်းပြရွိုင်းဟော့ဂ်ဆန်အား အင်္ဂလန်အသင်းနည်းပြအဖြစ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုပေးစေလိုကြောင်း အင်္ဂလန်အသင်းခေါင်းဆောင် ရွန်းနီက ပြောကြားလိုက်သည်။

အသက်(၆၈)နှစ်အရွယ်ရှိ အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်သည် အင်္ဂလန်အသင်းနည်းပြအဖြစ် လေးနှစ်တာဝန်ထမ်းဆောင်ရန် စာချုပ်ချုပ်ဆိုခဲ့သူဖြစ်ပြီး လက်ရှိရွိုင်းဟော့ဂ်ဆန်၏ စာချုပ်သက်တမ်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲပြီးဆုံးချိန်တွင် ကုန်ဆုံးမည်ဖြစ်သည်။

ထို့ကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂရက်ဒိုက်ခ်က ယူရိုပြိုင်ပွဲပြီးဆုံးချိန်တွင် နည်းပြ ရွိုင်းဟော့ဂ်ဆန်၏ စာချုပ်သက်တမ်းတိုးခြင်း၊ မတိုးခြင်းနှင့်ပတ်သက်၍ ဆွေးနွေးမည်ဖြစ်သော်လည်း အင်္ဂလန်အသင်း၏ ယူရိုပြိုင်ပွဲရလဒ်ကောင်းမှသာလျှင် နည်းပြရွိုင်းဟော့ဂ်ဆန်အား စာချုပ်သက်တမ်းတိုးလိမ့်မည်ဟု ပြောကြားခဲ့သည်။

အင်္ဂလန်အသင်းသည် ၂၀၀၁ ခုနှစ်မှ လက်ရှိအချိန်အထိ နည်းပြအပြောင်းအလဲလေးကြိမ်အထိပြုလုပ်ခဲ့သည်။ ယင်းနည်းပြလေးဦးမှာ ဇန်ဂိုရန်အဲရစ်ဆန်၊ မက္ကလာရင်၊ ကာပယ်လိုနှင့် ရွိုင်းဟော့ဂ်ဆန်တို့ဖြစ်ပြီး အဆိုပါနည်းပြ လေးဦးတွင် ကာပယ်လိုသည်အင်္ဂလန်အသင်းအတွက် အောင်မြင်မှုအများဆုံးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ကာပယ်လိုပြီးပါက အောင်မြင်မှုဒုတိယအများဆုံးနည်းပြမှာ ရွိုင်းဟော့ဂ်ဆန်ဖြစ်သည်။

နည်းပြရွိုင်းဟော့ဂ်ဆန်သည် အင်္ဂလန်အသင်းအား အသင်းကောင်းတစ်သင်းဖြစ်လာရေးအတွက် စပါးကစားသမားများဖြစ်ကြသည့် အယ်လ်လီ၊ ဟယ်ရီကိန်း၊ အဲဗာတန်ကစားသမားများဖြစ်ကြသည့် ဂျွန်စတုန်း၊ ဘာကလေအပါအဝင် မန်စီးတီးအသင်းတိုက်စစ်မှူး စတာလင်တို့ကို ခေါ်ယူကာ လူငယ်ခြေတက်ကစားသမားများဖြင့် ထပ်မံဖြည့်တင်းထားခဲ့သည်။ **(ငွေကြယ်)**




# ဆွစ်ဇာလန်နှင့် ပြင်သစ် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ပြီး နှစ်သင်းစလုံး ယူရိုပြိုင်ပွဲ၏ ၁၆ သင်းအဆင့် တက်လှမ်း

ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အုပ်စု(A)နောက်ဆုံးပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ ဆွစ်ဇာလန်အသင်းနှင့် ပြင်သစ်အသင်းတို့၏ ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ခြင်းကြောင့် အိမ်ရှင်ပြင်သစ်အသင်းသည် အုပ်စုပထမနှင့် ၁၆ သင်းဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ဆွစ်ဇာလန်အသင်းသည်လည်း အုပ်စုဒုတိယနေရာဖြင့် နောက်တစ်ဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ပြင်သစ်အသင်းသည် အုပ်စုအဆင့်တွင် ရမှတ်ခုနစ်မှတ်ရရှိကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ပြီး ဆွစ်ဇာလန်အသင်းမှာ အုပ်စုအဆင့်တွင် ရမှတ်ငါးမှတ်ဖြင့် နောက်တစ်ဆင့်တက်လှမ်းခဲ့ခြင်းဖြစ်သည်။ အဆိုပါအုပ်စုတွင် အုပ်စုအဆင့်မှ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည့် ဆွစ်ဇာလန်အသင်းသည် ၎င်းတို့၏ သမိုင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ်အဖြစ် ယူရိုပြိုင်ပွဲအုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ပြင်သစ်အသင်း၏ ယူရို ၂၀၁၆ ပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် တွေ့ဆုံမည့် ပြိုင်ဘက်အသင်းသည် အိုင်ယာလန်အသင်းနှင့် မြောက်အိုင်ယာလန်အသင်းတို့ ဖြစ်လာနိုင်ဖွယ်ရှိပြီး ဆွစ်ဇာလန်အသင်း၏ ၁၆ သင်းအဆင့်ပြိုင်ဘက်သည် လက်ရှိအနေအထားအရ ပိုလန်အသင်းဖြစ်လာနိုင်သော်လည်း အုပ်စု(C)၏ ထွက်ပေါ်လာမည့်ရလဒ်ပိုင်းအရ ဂျာမနီအသင်း သို့မဟုတ် မြောက်အိုင်ယာလန်အသင်းဖြစ်လာနိုင်ဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားသည်။ **(အလင်းသစ်)**

■

## ဇွန် ၂၁ ရက်ညကစားမည့် ယူရို ၂၀၁၆ အုပ်စုပွဲများ

# ခရိုအေးရှားကို အနိုင်ရယူနိုင်ဖို့ ခက်ခဲနိုင်တဲ့ စပိန်

**ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့ အုပ်စု(C)နဲ့ အုပ်စု(D)တို့ရဲ့နောက်ဆုံးပွဲစဉ်တွေကို ဇွန် ၂၁ ရက်ညမှာ ဆက်လက်ကျင်းပသွားမှာပါ။ အုပ်စု(C)မှာတော့ ဂျာမနီ၊ ပိုလန်၊ မြောက်အိုင်ယာလန်တို့သုံးသင်းက နောက်တစ်ဆင့်တက်နိုင်ဖို့ မသေချာသေးသလို အုပ်စု(D) မှာလည်း ခရိုအေးရှားနဲ့ချက်တို့ နောက်တစ်ဆင့်တက်နိုင်ဖို့ မသေချာသေးတာကြောင့် အဆိုပါအုပ်စု(C)နဲ့ အုပ်စု(D)တို့ရဲ့နောက်ဆုံးပွဲစဉ်တွေဟာ စိတ်ဝင်စားဖို့ကောင်းနေပြီး အကြိတ် အနယ်ရှိလာမှာ သေချာနေပါတယ်။**

### ယူကရိန်း - ပိုလန်

၂၁-၆-၁၆ ည ၁၀း၃၀

ယူကရိန်းဟာ အုပ်စုတွင်းနှစ်ပွဲ ကစားခဲ့ပြီးရာမှာ နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့ရမှုနဲ့အတူ နောက်တစ်ဆင့်တက်နိုင်ဖို့ အခွင့်အရေးမရှိတော့ပါဘူး။ ယူကရိန်းအနေနဲ့ ဒီပွဲစဉ်မှာ အနိုင်ရပြီး မြောက်အိုင်ယာလန်ကလည်း ဂျာမနီကို ရှုံးနိမ့်ခဲ့မယ်ဆိုရင်တောင်မှ မြောက်အိုင်ယာလန်နဲ့ အမှတ်သာတူနိုင်ပြီး ထိပ်တိုက်ဆုံတွေ့မှုအနေအထားအရ ယူကရိန်းဟာ တတိယနေရာတောင်ရယူနိုင်ဖို့ အခွင့်အရေး မရှိနိုင်ပါဘူး။ ပိုလန်ကတော့ ဒီပွဲမှာရှုံးပွဲကြုံခဲ့ပြီး မြောက်အိုင်ယာလန်က ဂျာမနီကို အနိုင်ရခဲ့ရင် နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ အခက်တွေ့သွားနိုင်တာကြောင့် ဂရုတစိုက် ကစားလာဖို့ရှိနေပါတယ်။ အထူးသဖြင့် ဒီပွဲမှာအနိုင်ရပါမှ ပိုလန်ဟာ အုပ်စုပထမနေရာကိုပါ မျှော်လင့်နိုင်မှာဖြစ်တာကြောင့် ပိုလန်တို့ နိုင်ပွဲရယူနိုင်ဖို့အတွက်ပါ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ပိုလန်တိုက်စစ်က အဆုံးသတ်အားနည်းတယ်ဆိုပေမယ့်လည်း နှစ်ပွဲမှာ လေးဂိုးအထိပေးထားရတဲ့ ယူကရိန်းခံစစ်ကလည်း အားပျော့လွန်းသလို ပိုလန်ရဲ့ကွင်းလယ်ကစားပုံနဲ့ ခံစစ်ပိုင်းကလည်း ကစားပုံကောင်းမွန်နေလို့ ဒီပွဲမှာ ပိုလန်ကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### မြောက်အိုင်ယာလန် - ဂျာမနီ

၂၁-၆-၁၆ ည ၁၀း၃၀

မြောက်အိုင်ယာလန်ဟာ လက်ရှိအချိန်မှာ နှစ်ပွဲကစားပြီး သုံးမှတ်သာရရှိထားတယ်ဆိုပေမယ့် ဂျာမနီ၊ ပိုလန်တို့ထက် တစ်မှတ်သာလျော့နည်းတာကြောင့် ဒီပွဲအနိုင်ရခဲ့ရင် နောက်တစ်ဆင့်တက်နိုင်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် မြောက်အိုင်ယာလန်ဟာ ဒီပွဲမှာ သရေသာကစားနိုင်ခဲ့မယ်ဆိုရင် ပိုလန်က ယူကရိန်းကို ရှုံးနိမ့်ခဲ့မယ်ဆိုရင်တောင်မှ အမှတ်တူအခြေအနေမှာ ထိပ်တိုက်ဆုံတွေ့မှုအရ မြောက်အိုင်ယာလန်တို့ အုပ်စုတတိယနေရာသာရယူနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း မြောက်အိုင်ယာလန်အနေနဲ့ ဒီပွဲစဉ်မှာ ဂျာမနီကို အနိုင်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ဂျာမနီကလည်း နောက်တစ်ဆင့်တက်နိုင်ဖို့အပြင် အုပ်စုပထမနေရာအတွက် ပိုလန်နဲ့ အားပြိုင်နေရတာကြောင့် ဒီပွဲမှာ အနိုင်ရယူနိုင်ဖို့အပြင် သွင်းဂိုးများများရယူနိုင်ဖို့အတွက်ပါ အားစိုက်လာမှာသေချာနေပါတယ်။ ဒါကြောင့်လည်း ပွဲက အကြိတ်အနယ်ရှိနိုင်ပြီး လက်ရှိအခြေအနေအရတော့ မြောက်အိုင်ယာလန်အနေနဲ့ ဂျာမနီကိုယှဉ်ကစားနိုင်ဖို့ ခက်ပါလိမ့်မယ်။ မြောက်အိုင်ယာလန်ဟာ အသင်းလိုက်ကစားပုံကောင်းပေမယ့် ကွင်းလယ်ကစားပုံမှာတော့ ဂျာမနီကို ယှဉ်နိုင်ဖို့ခက်ပါလိမ့်မယ်။ ဂျာမနီမှာ ခီဒီယာ၊ အိုလ်ဇေး၊ တိုနီခရူးတို့လို ကွင်းလယ်ကစားသမားကောင်းတွေရှိနေသလို ခံစစ်ပိုင်းမှာလည်း ဟမ်မဲ၊ ဘိုတန်တို့လို ခံစစ်မှူးကောင်းတွေလည်းရှိနေပါတယ်။ ဒါကြောင့်လည်း မြောက်အိုင်ယာလန်အနေနဲ့ ဂျာမနီရဲ့ဖိအားပေးမှုကိုခံရနိုင်ကာ တုံ့ပြန်ထိုးဖောက်နိုင်ဖို့အတွက်ပါ ရှန်းကန်ရနိုင်ပါတယ်။ ဂျာမနီပဲ ဒီပွဲမှာ အနိုင်ရသွားနိုင်ပါတယ်။

### ခရိုအေးရှား - စပိန်

၂၂-၆-၁၆ နံနက် ၁း၃၀

စပိန်ဟာ နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအနိုင်ရခဲ့တာကြောင့် နောက်တစ်ဆင့်တက်နိုင်ဖို့သေချာသွားခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် စပိန်ဟာလက်ရှိအချိန်မှာ ခြောက်မှတ်သာရယူထားနိုင်သေးတာကြောင့်လည်း ဒီအုပ်စုတွင်းမှာ လေးမှတ်ရယူထားနိုင်တဲ့ ခရိုအေးရှားကိုသာ ဒီပွဲစဉ်မှာရှုံးနိမ့်မယ်ဆိုရင် အုပ်စုဒုတိယနေရာရောက်သွားနိုင်ပါတယ်။ ဒါကြောင့်လည်း စပိန်တို့ အုပ်စုပထမရယူနိုင်ဖို့ အနိမ့်ဆုံးသရေတစ်မှတ်ရယူနိုင်ဖို့ လိုအပ်နေပါသေးတယ်။ ဒါကြောင့်လည်းစပိန်တို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ စပိန်ဟာ တူရကီနဲ့ပွဲမှာ ဂိုးပြတ်အနိုင်ရခဲ့သလို မိုရာတာ၊ နိုလီတိုတို့ခြေစွမ်းပြနိုင်ခဲ့ပေမယ့် ခရိုအေးရှားကိုတော့ အသာရယူနိုင်ဖို့ မလွယ်ပါဘူး။ ခရိုအေးရှားဟာ ပီရီဆစ်၊ မိုဒရစ်၊ ရာကီတစ်တို့လို ကွင်းလယ်ကစားသမားကောင်းတွေရှိနေကာ ကွင်းလယ်ကစားပုံကောင်းတာကြောင့်လည်း စပိန်တို့ဒီပွဲမှာကစားရခက်နိုင်ပါတယ်။ စပိန်မှာ အင်နီယေစတာ၊ ဖာဘရီဂတ်စ်၊ ဘတ်စကွက်တို့လို ကွင်းလယ်ကစားသမားကောင်းတွေ ရှိနေသလို ရာမို့၊ ပီကေးတို့လို ခံစစ်မှူးကောင်းတွေလည်းရှိနေကာ ခရိုအေးရှားရဲ့တိုက်စစ်မှူး မန်ဇူကစ်ကလည်းအဆုံးသတ်ပိုင်းအားနည်းတဲ့အတွက် စပိန်တို့ ဒီပွဲမှာ ရှုံးနိမ့်မှုတော့မကြုံနိုင်ပါဘူး။ ဒါပေမယ့်လည်း ခရိုအေးရှားရဲ့ခံကစားအားကြောင့် သရေလောက်ပဲရမယ်။

### ချက် - တူရကီ


၂၂-၆-၁၆ နံနက် ၁း၃၀

ချက်ဟာနှစ်ပွဲကစားပြီးချိန်မှာ တစ်မှတ်သာရယူထားနိုင်တယ်ဆိုပေမယ့်လည်း ဒီပွဲမှာ ဂိုးပြတ်အနိုင်ရပြီး ခရိုအေးရှားကလည်း စပိန်ကိုအရေးနိမ့်ခဲ့မယ်ဆိုရင် ချက်တို့နောက်တစ်ဆင့်ကို တိုက်ရိုက်တက်ရောက်နိုင်ခွင့်ရှိနေပါသေးတယ်။ ဒါကြောင့်လည်း ချက်အနေနဲ့ ဒီပွဲစဉ်မှာ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့် တူရကီကိုတော့ချက်တို့လွယ်လွယ်အနိုင်မရနိုင်ပါဘူး။ တူရကီဟာ အုပ်စုတွင်းမှာ နှစ်ပွဲကစားပြီး နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့ရပေမယ့် ခြေစွမ်းပိုင်းမာကျောမှုရှိပါတယ်။ တူရန်၊ ကာဟာနိုဂလူးတို့ရှိနေတဲ့ ကွင်းလယ်ပိုင်းကလည်း စုစည်းမှုရှိပြီး ယိဒ်မာဦးဆောင်တဲ့ တိုက်စစ်ပိုင်းကလည်း ထိုးဖောက်အား ကောင်းမွန်ပါတယ်။ ချက်ကတော့ ခရိုအေးရှားကို သရေကစားနိုင်ခဲ့ပေမယ့် ရိုဆစ္စကီဦးဆောင်တဲ့ ကွင်းလယ်ပိုင်းက ကစားပုံသာမန်သာရှိသလို တိုက်စစ်ကလည်း အဆုံးသတ်ပိုင်းအားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း ချက်အနေနဲ့ တူရကီကို ကွင်းလယ်ကစားပုံ အသာနဲ့ကစားနိုင်ဖို့ခက်ခဲနေသလို တူရကီရဲ့တုံ့ပြန်ထိုးဖောက်မှုတွေကြောင့် ရှုံးပွဲတောင်ကြုံသွားနိုင်ပါတယ်။

ရှိုင်းမင်းမင်း

**ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)**

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## တကယ်ချစ်ရင် ဒါကို အမြန်ဆုံးပြင်

ဆူဒိုနင်

### ပထမဦးဆုံးအတွေ့အကြုံ

လွန်ခဲ့တဲ့ နှစ် ၂၀ လောက်ကပေါ့ဗျာ။ မျက်နှာဖြူသံရုံးတစ်ရုံးမှာ ကျွန်တော် အမှုထမ်းနေခိုက်ပေါ့။ တစ်နေ့မှာအုပ်ချုပ်ရေပိုင်းပထမအတွင်းဝန်ရဲ့ ဇနီးက ကျွန်တော့်ရုံးခန်းထဲရောက်လာတယ်။ ပုံမှန်အားဖြင့် သူတို့တွေ အဲလိုလာလေ့လာထမရှိတော့ နည်းနည်းထူးနေတယ်။

ဘယ်ဟုတ်မတုံး။ မအေတစ်ယောက်အနေနဲ့ သူ့သားကိစ္စအတွက် လာတာ။ သူ့သားကသူတို့အခေါ် အထက်တန်းအောက်ဆင့်၊ မြန်မာလိုဆိုရင်တော့ အလယ်တန်းကျောင်းသားလေး။ ကျောင်းပိတ်ရက်မှာ မိဘတွေရှိရာ မြန်မာပြည်ကိုအလည်လိုက်လာတာ။ အဲလိုလာမယ်ဆိုတာ သူ့ကျောင်းကဆရာကသိတော့ ကလေးကိုမှာလိုက်တယ်။ မြန်မာပြည်သွားမယ်ဆိုရင် အလကားမနေနဲ့၊ အိမ်စာပေးလိုက်မယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာ့နိုင်ငံရေးဆိုတဲ့ စာတမ်းငယ်တစ်စောင်ရေးရမယ်တဲ့။

သူတို့ရဲ့ အထက်တန်းအောက်ဆင့်ဆိုတာ ၉ တန်းနဲ့ ၁၀ တန်းကိုခေါ်တာပါ။ အထက်ဆင့်ဆိုတာက ၁၁ တန်းနဲ့ ၁၂ တန်း။ သူတို့ဆီမှာ ၁၂ တန်းအောင်မှ တက္ကသိုလ်တက်ခွင့်ရတယ်။ အသက်အားဖြင့် ၁၇၊ ၁၈ မှပေါ့။ အထက်တန်းအောက်ဆင့်ဆို အသက်က ၁၃-၄-၅ နှစ်ပေါ့။ အဲဒီအရွယ်လေးကိုခိုင်းထည့်လိုက်တဲ့အလုပ်က ခေါင်းစဉ်အကြီးကြီးနဲ့ စာတမ်းရေးခိုင်းလိုက်တာ။

မောင်မင်းကြီးသားလေးကလည်းမခေဘူး။ သူ့စာတမ်းလေးအတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ချင်ပါတယ်တဲ့။ အဲဒါ ကျွန်တော်ကဆက်သွယ်စီစဉ်ပေးဖို့အကြောင်း သူ့အမေကလာမေတ္တာရပ်ခံတာပါ။ ဒါတင်မကသေးဘူး။ ကျွန်တော်နဲ့လည်းသူ့သားကလေးကတွေ့ဆုံမေးမြန်းလိုပါသတဲ့။

အဲဒီတုန်းက ကျွန်တော့် အလုပ်က မြန်မာ့နိုင်ငံရေးကိုစူးစမ်းရ၊ ဆန်းစစ်ရတဲ့ အလုပ်ဆိုပါတော့ဗျာ။ အဲတော့လည်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဲဒီအချိန်ကတက်ကြွလှုပ်ရှားသူတွေနဲ့လည်းဆက်သွယ်ရင်းနှီးနေတော့တာပေါ့။ ဒါကိုသိထားတာမို့ ကျွန်တော့်ဆီ ကလေးအမေက တကူးတကရောက်လာတာပါ။

ကျွန်တော်လည်းဒေါ်အောင်ဆန်းစုကြည်ကို အကျိုးအကြောင်းပြောပြပြီး ခွင့်တောင်းလိုက်တော့ ကြည်ကြည်ဖြူဖြူ ခွင့်ပြုပေးခဲ့ပါတယ်။ တွေ့နိုင်မယ့်ရက်နဲ့ အချိန်လည်းပေးလိုက်တာနဲ့ အဲဒီမောင်မင်းကြီးသားလေးဟာ သူ့အစီအစဉ်နဲ့သူ ဒေါ်အောင်ဆန်းစုကြည်ကို တစ်ယောက်တည်းသွား" တွေ့ပါတော့တယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ မတွေ့ခင်မှာ ကျွန်တော့်ကိုလည်းလာတွေ့ပြီး စစ်စစ်ပေါက်ပေါက်တွေ လျှောက်မေးသွားသေးတယ်။ ကောင်လေးက အဲတုန်းက ၁၄-၅ နှစ် လောက်ပဲရှိဦးမယ်။ ဒါပေမယ့် သူ့ကိုယ်ရည်ကိုယ်သွေးကို ကျွန်တော် သဘောကျနေတယ်။ မရွံ့မရဲမဟုတ်ဘူး။ သူ့ကိုယ်သူ ယုံကြည်မှု

**"နိုင်ငံကို တကယ်ချစ်တယ်ဆိုရင်၊ နိုင်ငံအတွက် လိုအပ်နေတာကိုတကယ် လုပ်ပေးချင်တယ်ဆိုရင်တော့ နိုင်ငံရဲ့ အနာဂတ်အတွက် အရေးကြီးဆုံးရင်းနှီး မြှုပ်နှံမှုဖြစ်လေတဲ့ အတွေးသတ်နေတဲ့ ပညာရေးကိုအမြန်ဆုံးအမြစ်ကလှန်ပြီး ပြုပြင်ပြောင်းလဲကြရပါလိမ့်မယ်။"**

အပြည့်နဲ့။ မေးတာ လည်း တော်တော်ကိုမေးတတ်တယ်။ မှတ်စုတွေလည်း မှတ်လို့။ အကုန်လုံး စနစ်တကျ။

၄-၅-၆ လလောက်ကြာတော့ သူ့အမေ ကျွန်တော့်ဆီရောက်လာပြန်တယ်။ သည်တစ်ခါတော့ သူ့သားရေးထားတဲ့ စာတမ်းလေးကိုလာပြတာ။ သိပ်ရှည်ရှည်လျားလျားမဟုတ်ပါဘူး။ စုစုပေါင်းမှ ၁၀ မျက်နှာလောက်ပဲရှိမယ်။ ခေတ်ပုံတွေ သုံး၊ လေးပုံလည်းပါတယ်။ ဖတ်ကြည့်လိုက်တော့ သူနဲ့ပြောခဲ့ဆိုခဲ့တာတွေကို ကိုးကားတန်တာကိုးကားပြီး မြန်မာ့နိုင်ငံရေးနဲ့ပတ်သက်တဲ့ သူ့အမြင်ကိုရေးထားတာ။

### ဒုတိယအတွေ့အကြုံ

အဲဒီနောက် ဆယ်နှစ်လောက်အကြာမှာတော့ ကျွန်တော်လည်းစာပေနယ်မှာနေရာလေးတစ်နေရာရလာတယ်ပေါ့ဗျာ။ သည်အခါကျပြန်တော့ ငွေကြေးတတ်နိုင်သူများသာထားနိုင်တဲ့ ရန်ကုန်ရှိ နိုင်ငံတကာကျောင်းကြီး တစ်ကျောင်းက အဲသလိုအထက်တန်းအောက်ဆင့် ကျောင်းသားလေးတစ်ယောက်၊ အထက်တန်းအထက်ဆင့် ကျောင်းသူလေးတစ်ယောက်တို့ ကျွန်တော့်ဆီကို ရှေ့ဆင့်နောက်ဆင့်ရောက်လာကြဖူးပြန်တယ်။

သူတို့ကကျတော့ ကျွန်တော်ဆိုတဲ့ မြန်မာစာရေးသူတစ်ယောက်အကြောင်းကို ဟိုကလေးလိုပဲ စာတမ်းငယ်ရေးဖို့ ကျွန်တော့်ကိုမေးကြ၊ မြန်းကြပြန်တာပါ။ ပြီးတောသူတို့ရေးထားတဲ့ စာတမ်းလေးတွေကို ပြန်လာပြကြပါတယ်။ ဟိုကလေးနဲ့မနီးရိုးစွဲပါပဲ။ သူတို့ကိုယ်ပိုင်အမြင်နဲ့ လူတစ်ယောက်ရဲ့ ကောက်ကြောင်းကို သုံးသပ်ရေးသားထားတာပါပဲ။ အကောင်းတွေချည်းမဟုတ်ဘဲ မြင်တဲ့အတိုင်း ပွင့်ပွင့်လင်းလင်းရေးထားတာတွေကို ဖတ်ရပါတယ်။

### တတိယအတွေ့အကြုံ

သည်တစ်ခါကျတော့ မူလတန်းကျောင်းသားလေး။ ဖွံ့ဖြိုးပြီးအာရှနိုင်ငံတစ်နိုင်ငံကကလေး။ သူ့အဖေက မြန်မာပြည်မှာ တာဝန်ထမ်းဆောင်နေတာမို့ သူတို့ မိသားစုက မြန်မာပြည်ရောက်နေတာ။ သူလည်းရန်ကုန်က နိုင်ငံတကာကျောင်းကြီးမှာပဲတက်နေတာ။ အသက်က ၁၀ နှစ်၊ ၁၁ နှစ်ပဲရှိဦးမယ်။

သူ့အမေကသူ့သားကို အင်္ဂလိပ်စာသင်ပေးဖို့ ကျွန်တော့်ဆီအပ်တာ။ ဟာ- မသင်ရဲပါဘူးဗျာ။ အင်္ဂလိပ်စကားကို မိခင်ဘာသာစကားအဖြစ် ပြောဆိုသုံးစွဲနေတဲ့ ဆရာ၊ ဆရာမတွေရဲ့ကျောင်းမှာ တက်နေတဲ့ကလေးကို ငါးပိသံနဲ့ ကျွန်တော်ကသင်စရာလား။ ငြင်းတာပေါ့။ မရဘူးဗျ။ သူ့အမေကလည်းဇွတ်။ မသင်ရင် မသင်ပါနဲ့။ ဒါပေမယ့် သူ့သားလေးကိုတော့ ကူပေးပါတဲ့။

ကျွန်တော်လည်းအားနာတာနဲ့ ကလေးနဲ့ တွေ့ကြည့်တော့မှ ရှင်းသွားတယ်။ တကယ်လိုအပ်နေတာက စာသင်ဖို့မဟုတ်ပါဘူး။ သူနဲ့အတူဝတ္ထုကူဖတ်ပေး၊ ဆွေးနွေးပေးဖို့ပါ။

ဖြစ်ပုံကသည်လို။

ကျောင်းပိတ်ရက်မှာ သူ့အတန်းဆရာက ကလေးလက်ထဲကို သူတို့ကျောင်းစာကြည့်တိုက်မှာရှိတဲ့ ဝတ္ထုစာအုပ် အုပ်ရေ ၄၊ ၅၊ ၆၀ လောက်ပါတဲ့ စာရင်းထည့်ပေးလိုက်တယ်။ ဝတ္ထုအမည်၊ ရေးသူအမည်၊ (စွန့်စားခန်း၊ သရဲတစ္ဆေ၊ စုံထောက်၊ သံယောဇဉ် စသဖြင့်) ဝတ္ထုအမျိုးအစား၊ ပြီးတော့ ရေးထားတဲ့ အင်္ဂလိပ်စာအဆင့်ကိုဖော်ပြထားတယ်။ ဖော်ပြထားပုံလေးကလည်းသင်းတယ်။ သည်စာအုပ်ကဖြင့်ရင် ငါးတန်းကျောင်းသားအတော်စား၊ ခြောက်တန်းကျောင်းသား ပုံမှန်၊ ခုနစ်တန်းကျောင်းသား အညံ့စားလောက်ဆိုဖတ်နိုင်မယ့် အင်္ဂလိပ်စာ ဆိုတာမျိုးခင်ဗျ။

အဲဒီကလေးကိုကျောင်းပိတ်ရက်အတွက်ပေးလိုက်တဲ့ အိမ်စာက အဲဒီဝတ္ထုစာရင်းထဲပါ စာအုပ်ထဲက နှစ်သက်ရာ နှစ်အုပ်ကို ဇာတ်လမ်းအကျဉ်းနဲ့ တကွ သုံးသပ်ချက် ပြန်ရေးခိုင်းလိုက်ပါတယ်။

### လယ်ပြင်ကဆင်

ပြီးခဲ့တဲ့ အပတ်က အခြေခံပညာအထက်တန်းအောင်စာရင်းတွေ ထွက်လာတယ်။ ခြောက်ဘာသာဂုဏ်ထူးရှင်တွေမှ အောကိုတိုက်လို့။ ထွက်လာတဲ့ အမှတ်တွေ ကြည့်လိုက်တော့လည်း မယုံနိုင်စရာ။ ခြောက်ဘာသာအတွက် စုစုပေါင်းအမှတ်ကလေးမှ ၆၀၀ ရှိတာကိုပဲ တချို့ဆို ၅၆၀ ကျော်တွေ ဘာတွေရလို့။

အဲဒီကလေးတွေရဲ့ ပညာရည်နဲ့ အထက်ကပြောခဲ့တဲ့ နိုင်ငံတကာကျောင်းကကလေးတွေရဲ့ ပညာရည်နဲ့ကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဘယ်သင်းက လူတန်းစေ့မယ်ဆိုတာ တန်းခနဲ မြင်နိုင်ကြမယ် ထင်ပါတယ်။

များများမဟုတ်ပါဘူးဗျာ။ ကနေ့ ခြောက်ဘာသာဂုဏ်ထူးရှင်၊ အမှတ်ပေါင်း ၅၀၀ ကျော်ရတဲ့ ကလေးအပါအဝင် မြန်မာ့ပညာရေးက ကလေးတွေ ဟိုမူလတန်းကျောင်းသားလေးလို ဝတ္ထုစာအုပ်စာရင်းကို ဆရာကပေးလိုက်လို့ ကျောင်းစာကြည့်တိုက်ထဲဝင်၊ဝတ္ထုတွေ ဖတ်၊ ပြီးတော့ ဇာတ်လမ်းအကျဉ်းနဲ့ သုံးသပ်ချက် ပြန်ရေးတာမျိုးလုပ်ဖူးသလားဆိုတာလေးနဲ့ ချိန်ထိုးလိုက်ရင်ကို ကျွန်တော်တို့ပညာရေး အလွဲကြီးလွဲနေတာကို အားလုံးမြင်နိုင်ကြလိမ့်မယ် ထင်ပါတယ်။

### ဘာတွေ ကွာနေသလဲ

နိုင်ငံတကာပညာရေးနဲ့ ကျွန်တော်တို့ ပညာရေးကြားမှာ အကွာကြီးကွာနေတာ ဘာလဲဆိုရင်တော့ ကျွန်တော့်အဖြေကရှင်းပါတယ်။ တွေးတတ်အောင်ပျိုးထောင်တဲ့ ပညာရေးနဲ့ အတွေးသတ်တဲ့ ပညာရေးဆိုပြီး ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာပါပဲ။

တစ်နေ့ကရန်ကုန်မှာ ဖွင့်ခါစထိပ်ခေါင်တင်ကျောင်းကြီးတစ်ကျောင်းကို ခဏရောက်သွားတယ်။ ကျိုကျိုတက်တွေမှ အနားကပ်နိုင်မယ့် ကျောင်းမျိုးကြီးပါ။ အဲဒီကျောင်းက လောလောဆယ် မူကြိုမှသည် မူလတန်းအထက်ဆင့် (၁၂နှစ်အရွယ်လောက်)အထိ ကျောင်းသားတွေနဲ့။

ဘာတွေ သင်ပေးလဲလို့ မေးတဲ့အခါ လူမှုဆက်ဆံရေး၊ ဘာသာစကား၊ အနုသုခုမ၊ အားကစားအစရှိတာတွေကို အလေးအနက်ထားပြီး ထည့်ပြောတာကြားရတယ်။ ကလေးတွေဟာ ကျောင်းသင် ဘာသာရပ်တွေထဲမှာ ပိတ်မိမနေကြဘူး။

အတန်းတွေကိုဝင်ကြည့်တော့ မူကြိုကလေးတွေဆိုပျော်ပျော်ပါးပါး ကစားလို့ရယ်။ ဆရာမရဲ့ ကြီးကြပ်မှုအောက်မှာ ကစားနေကြတာပါ။ အတန်းကြီးလေးတွေလည်း အဖွဲ့လိုက် ကစားသူက ကစား၊ ပြဇာတ်တိုက်သူက တိုက်၊ စာအုပ်ဖတ်သူ့ဖတ်နဲ့။ အဲဒီကျောင်းကနေအထက်တန်း အထက်ဆင့်ပြီးသွားတဲ့အခါ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ကြီးတွေကို ဝင်ခွင့်ရဖို့ ပြင်ဆင်လေ့ကျင့်သင်ကြားပေးနေတာပါတဲ့။

ကျွန်တော်ကတော့ အဲလိုမမြင်ဘူး။ အကြောင်းတစ်ခုခုကြောင့် အဲဒီကလေးတွေ ပညာရေးဆုံးခန်းတိုင် မသွားတောင် ငတုံးလေးတွေ ဖြစ်မကုန်အောင်၊ လူတောထဲဝင်ဆံ့အောင်၊ ကိုယ်ရည်ကိုယ်သွေး မြင့်မားအောင်၊ တွေးတတ်၊ ဆင်ခြင်တတ်အောင် ပျိုးထောင်ပေးတဲ့ သင်ကြားမှုပုံစံအဖြစ်သာ မြင်မိပါတယ်။

### လက်တွေ့ကြုံနေရတဲ့ ပြဿနာ

၁၉၆၄ ခုနှစ်ကစတင်လိုက်တဲ့ ပညာရေးစနစ်သစ်ဆိုတာကြီးက တိုင်းပြည်ကိုမြောင်းထဲသာမက အဝီစိရောက်အောင် တွန်းပို့ခဲ့ပါတယ်။ ဆိုရှယ်လစ်စနစ်ကြီးသာ ဗုန်းဗုန်းလဲပျောက်ကွယ်သွားတယ်၊ ပညာရေးစနစ်ကတော့ ဒုံရင်းထက်တောင် ပိုဆိုးလာတယ်။

ကျောင်းသားကို အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုလို့ မမြင်နိုင်ဘဲ မိမိတို့ကုလားထိုင် လှုပ်အောင်လုပ်နေကြတဲ့ ရန်သူများအဖြစ် ရှုမြင်တဲ့ အစိုးရအဆက်ဆက်ဟာ ပညာရေးကို ပြုပြင်ပြောင်းလဲဖို့ နည်းနည်းမှ စိတ်မကူးခဲ့ကြပါဘူး။

အခုတော့ အားလုံးမျှော်လင့်နေတဲ့ အရပ်သားအများစုနဲ့ ဖွဲ့စည်းထားတဲ့ အစိုးရသစ်တရပ် ပေါ်ထွန်းလာခဲ့ပါပြီ။ သည်အစိုးရဟာ နိုင်ငံကိုတကယ်ချစ်တဲ့ အစိုးရ၊ နိုင်ငံအတွက်လိုအပ်တာကို တကယ်လုပ်ပေးချင်တဲ့ အစိုးရလို့ နားလည်မျှော်လင့်ထားမိပါတယ်။

နိုင်ငံကိုတကယ်ချစ်တယ်ဆိုရင်၊ နိုင်ငံအတွက် လိုအပ်နေတာကိုတကယ်လုပ်ပေးချင်တယ်ဆိုရင်တော့ နိုင်ငံရဲ့ အနာဂတ်အတွက် အရေးကြီးဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်လေတဲ့ အတွေးသတ်နေတဲ့ ပညာရေးကို အမြန်ဆုံးအမြစ်ကလှန်ပြီး ပြုပြင်ပြောင်းလဲကြရပါလိမ့်မယ်။ ကနေ့စပြောင်းနိုင်မှ နောင်နှစ်ပေါင်းအစိတ်၊ သုံးဆယ်ကြာတဲ့အခါမှာ နိုင်ငံဟာ လူလူသူသူ ပြန်ထူလာနိုင်မှာပါ။ တစ်ရက်နောက်ကျတာနဲ့ နိုင်ငံပြန်ထူနိုင်မယ့်အရေးဟာ တစ်ရက်ဆိုင်းသွားမှာမလွဲဘူးဆိုတာကို မပြောရဲပြောရဲနဲ့ပဲ ဇွတ်ပြောချလိုက်ရပြန်ပါပြီ။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာရသွားလိမ့်မယ်လို့ မျှော်လင့်မိပါတယ် ခင်ဗျား။

## လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်မှု(၁/၂၀၁၆)သင်တန်းဆင်း

**အောင်လံ ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်မှုသင်တန်း (၁/၂၀၁၆) သင်တန်းဆင်းပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၀) စက်မှုလယ်ယာစခန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းဆင်းပွဲတွင် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတိုးသီလက အမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

သင်တန်းသို့ သင်တန်းသား၃၃ ဦး တက်ရောက်အောင်မြင်ခဲ့ကြပြီး သင်တန်းကာလမှာ ဇွန် ၆ ရက်မှ ၁၇ ရက်အထိ ၁၂ ရက်ကြာမြင့်ခဲ့ကာ ထွန်စက်ကြီး၊ လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ကောက်စိုက်စက်တို့၏ အခြေခံ သဘောတရားများကို စာတွေ့လက်တွေ့သင်ကြားပို့ချခဲ့ခြင်းဖြစ်သည်။

**သိန်းလွင်(အောင်လံ)**

## မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ကလေး ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အထက (၃) စိန်မေရီ ကျောင်းသားကျောင်းသူများအား ကလေးခရိုင် MANA အဖွဲ့က ဦးဆောင်၍ ကလေးမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ကလေးမြို့နယ် မူးယစ်တပ်ဖွဲ့မှ တာဝန်ရှိသူများက မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးတို့ကို ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် အထက (၃) ကျောင်းခန်းမ၌ ဟောပြောပွဲကျင်းပရာ ကျောင်းသူ ကျောင်းသား ၅၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းဟောပြောပွဲတွင်ကလေးမြို့ မူးယစ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးလှထွေးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၏ အန္တရာယ်ကိုလည်းကောင်း၊ ကလေးမြို့အခြေစိုက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးမောင်မောင်မြင့်နှင့် ရဲတပ်ကြပ်ကြီးဝီခါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍လည်းကောင်း၊ ခရိုင် MANA ဥက္ကဋ္ဌဦးဝင်းက ကလေးဒေသနှင့် မူးယစ်ဆေးဝါးအခြေအနေကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

**ပန်းသဇင်(ကလေး)**

■

# အမျိုးသမီးများနှင့် ဓာတုပစ္စည်းအန္တရာယ်

à xGt mif(Sywfef;CGsef ma&;)





နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားများနည်းတူ အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၌ ပါဝင်ဆောင်ရွက်နေကြသဖြင့် အဆိုပါ အမျိုးသမီးထုတစ်ရပ်လုံးအနေဖြင့် ကျန်းမာရေးကောင်းမွန်၍ ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝများကို တည်ဆောက်နိုင်ကြရန် အရေးကြီးပါသည်။ အမျိုးသမီးများသည် အစဉ်အလာအရ မိမိတို့အိမ်တွင် စားဝတ်နေရေးအတွက် စီမံခန့်ခွဲသူ အိမ်ရှင်မများအဖြစ် တာဝန်ယူနေကြသလို တစ်ဖက်ကလည်း အခြေခံ ကျန်းမာရေးစောင့်ရှောက်သူများ၊ ပညာရေးဝန်ထမ်းများ၊ စက်ရုံဝန်ထမ်းများ၊ တောင်သူ လယ်သမားများ စသည်ဖြင့် လုပ်ငန်းခွင်နယ်ပယ်ကဏ္ဍအသီးသီး၌ တာဝန်ယူနေကြရသည်ကိုလည်း တွေ့ရပါသည်။ ထို့ပြင် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများတွင်လည်း အဆင့်မြင့်ရာထူးတာဝန်ကြီးများကို ထမ်းဆောင်နေကြသူများလည်း ရှိနေပါသည်။

အမျိုးသမီးအများစုသည် ဓာတုပစ္စည်းများကို မိမိတို့အိမ်တွင်းနှင့် လုပ်ငန်းခွင်များအတွင်းတွင် မလွှဲသာမရှောင်သာ ထိတွေ့ကိုင်တွယ် အသုံးပြုနေကြရပါသည်။ ဓာတုပစ္စည်းများကို စည်းကမ်းမဲ့၊ လက်လွတ်စပယ် ပေါ့ဆစွာ ကိုင်တွယ်အသုံးပြုပါက ကျန်းမာရေးထိခိုက်မှု အန္တရာယ်ဖြစ်စေနိုင်ကြောင်း အမျိုးသမီးများ ကြိုတင်သိရှိထားခြင်းဖြင့် ဓာတုပစ္စည်းများကြောင့် ဖြစ်စေနိုင်သော ရောဂါဘယများ၊ ကျန်းမာရေးပြဿနာများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါသည်။

အမျိုးသမီးများသည် အမျိုးသားများထက် ဓာတုပစ္စည်းများ၏ ကျန်းမာရေးထိခိုက်မှုအန္တရာယ်များကို ပိုမိုခံစားကြရခြင်း၊ အဆိုပါအန္တရာယ်သည် အမျိုးသမီးများကိုသာမက၊ ၎င်းတို့၏ သန္ဓေသား၊ ရင်သွေးငယ် မျိုးဆက်သစ်များတိုင်အောင် ထိခိုက်မှုခံစားရခြင်းတို့ကြောင့် အမျိုးသမီးများအနေဖြင့် ဓာတုပစ္စည်းများနှင့်ပတ်သက်၍ အထိုက်အလျောက်သိရှိထားရန် လိုအပ်ပါသည်။

မြို့ပြနှင့် ကျေးလက်ဒေသများမှ လုပ်ငန်းခွင်ကဏ္ဍအသီးသီးရှိ အမျိုးသမီးများသာမက နေအိမ်တွင်းတွင် မိမိတို့၏ မိသားစုများ စားဝတ်နေရေးအတွက် နားရက်မရှိ မညည်းမညူ တာဝန်ယူလုပ်ကိုင်နေကြရသည့် အိမ်ရှင်မများပါ မိမိတို့နေ့စဉ် ထိတွေ့ကိုင်တွယ် အသုံးပြုနေကြရသော ဓာတုပစ္စည်းအမျိုးမျိုးတို့နှင့် ဆက်နွှယ်ကြုံတွေ့ရနိုင်သော ကျန်းမာရေးထိခိုက်မှု အန္တရာယ်များကို ကြိုတင်သိရှိထားခြင်းဖြင့် ဓာတုပစ္စည်းများကြောင့် မလိုလားအပ်သော ရောဂါဘယများ၊ ကျန်းမာရေးဆိုင်ရာပြဿနာများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါသည်။

ဓာတုဗေဒနည်းပညာ၊ ဓာတ်ပြုခြင်းနည်းအမျိုးမျိုးတို့ဖြင့် ထုတ်ယူရရှိထားသော၊ ထွက်ရှိလာသော အစိုင်အခဲ၊ အရည်၊ အငွေ့၊ အမှုန်အမွှားစသည်တို့အားလုံးကို ဓာတုပစ္စည်းများဟု သတ်မှတ်နိုင်ပါသည်။ ၎င်းတို့တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာများ၊ စက်မှုလက်မှု လုပ်ငန်းခွင်နှင့် ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းအမျိုးမျိုး၊ အိမ်သုံးနှင့် ဆေးရုံ၊ ဆေးခန်းသုံး ဆေးဝါးများ၊ အစားအသောက်များတွင်ပါဝင်သော အရောင်ဆိုးဆေး၊ တာရှည်ခံဆေးများ၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာရည်၊ ချေးချွတ်ဆေးရည်၊ ခြင်ဆေးခွေစသော အိမ်သုံးပစ္စည်းများ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းများတွင်ပါဝင်သော ဓာတုပစ္စည်းများစသည်တို့ပါဝင်ပါသည်။

ဓာတုပစ္စည်းများသည် ကိုယ်ခန္ဓာအတွင်းရှိ ဦးနှောက်၊ အာရုံကြော၊ အဆုတ်၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အရေပြားတို့ကို အဓိကထိခိုက်ပျက်စီးစေနိုင်ပါသည်။ သွေးကလက်စည်းများနှင့် မျိုးပွားမှုဆိုင်ရာအင်္ဂါများကို ထိခိုက်ပျက်စီးစေနိုင်ပြီး ကင်ဆာရောဂါအမျိုးမျိုးကိုလည်း ဖြစ်စေနိုင်ပါသည်။

အမျိုးသမီးနှင့် အမျိုးသားများသည် ယေဘုယျအားဖြင့် ကိုယ်ခန္ဓာဖွဲ့စည်းပုံနှင့် ဇီဝကမ္မဆိုင်ရာအချက်များဖြစ်သည့် ခန္ဓာကိုယ်တွင်း ရေဓာတ်ပါဝင်မှုပမာဏ၊ အင်ဇိုင်းဖွဲ့စည်းပုံများ၊ ပရိုတိန်းဓာတ်အခြေအနေ စသော ကွဲပြားခြားနားမှုများ ရှိပါသည်။

အမျိုးသမီးများအနေဖြင့် မိခင်ဝမ်းတွင်းတွင် သန္ဓေသားဘဝ၊ မွေးကင်းစအရွယ်၊ ကလေးသူငယ်အရွယ်၊ အပျိုဖော်ဝင်စအရွယ်၊ မီးကောင်ပေါက်အရွယ် (ဆယ်ကျော်သက်အရွယ်)၊ ကိုယ်ဝန်ဆောင်စဉ်နှင့် မိမိကလေးအား နို့ချိုတိုက်ကျွေးချိန်၊ လူကြီးအရွယ်၊ သက်ကြီးရွယ်အိုစသည်ဖြင့် အသက်အရွယ်ကိုလိုက်၍ မည်သို့သောဓာတုပစ္စည်းများနှင့် မည်မျှကြာအောင်ထိတွေ့ရသည် စသည့် အချက်များပေါ်တွင်မူတည်ကာ ဓာတုပစ္စည်းများ၏ ကျန်းမာရေးထိခိုက်မှုအန္တရာယ်ကို ကြုံတွေ့ရနိုင်ပါသည်။

၁၉၅၀-၆၀ ပြည့်ခုနှစ် ဝန်းကျင်တွင် သာလီဒိုမိုက် (ကိုယ်ဝန်ဆောင်များအတွက် ဆေးဝါးအဖြစ် အသုံးပြုခဲ့သည့်ဓာတုပစ္စည်း) ကြောင့် ခြေ၊ လက်မပါသော ကလေးများ မွေးဖွားခဲ့သည့်ဖြစ်စဉ် သာဓကရှိခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။

ဘက်ထရီလုပ်ငန်း၊ ခဲကြိုလုပ်ငန်းနှင့် စဥ့်လုပ်ငန်းများတွင် အများဆုံးအသုံးပြုကြသည့် ခဲသတ္တုနှင့် ဓာတ်ဆီနှင့် ပိုးသတ်ဆေးများတွင်ပါဝင်သော ဘင်ဇင်းဓာတုပစ္စည်းတို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများတွင် သွေးအားနည်းခြင်းကို ပိုမိုဆိုးရွားစေပါသည်။

ကိုယ်ဝန်ရှိစဉ် ပထမသုံးလအတွင်း ဓာတုပစ္စည်းများ မိခင်လောင်း၏ ကိုယ်ခန္ဓာအတွင်းသို့ဝင်ရောက်ပါက သန္ဓေသားတွင် ကိုယ်ခန္ဓာချို့ယွင်းမှု ဖြစ်ပေါ်စေနိုင်ပါသည်။ ကိုယ်ဝန်ဆောင်စဉ် ဒုတိယသုံးလနှင့် တတိယသုံးလအတွင်း ဓာတုပစ္စည်းများနှင့်ထိတွေ့မှုကြောင့် သန္ဓေသား၏ ဖွံ့ဖြိုးမှု နှေးကွေးတုံ့ဆိုင်းနိုင်ကြောင်း တွေ့ရှိရပါသည်။ ကိုယ်ဝန်ဆောင်စဉ် အဝတ်အထည်ဆိုးဆေး၊ ယွန်းထည်လုပ်ငန်းဆိုးဆေး၊ သုတ်ဆေးများ၊ သင်နာ စသည့် ဓာတုပစ္စည်းများကို ထိတွေ့ကိုင်တွယ်မှုကြောင့် သန္ဓေသားတွင် မွေးရာပါနှလုံးရောဂါ ဖြစ်ပွားစေနိုင်ပါသည်။

အမျိုးသမီးများ အသုံးပြုသည့် ဒိုင်အီသိုင်းစတီဘက်စထရော ဟော်မုန်းတစ်မျိုးကို အလွန်အကျွံအသုံးပြုသောမိခင်များမှ မွေးဖွားလာသော မိန်းကလေးများ၌ နောင်တစ်ချိန်တွင် မျိုးပွားမှုဆိုင်ရာ အင်္ဂါတွင် ကင်ဆာဖြစ်တတ်သော အထောက်အထားများကို တွေ့ရှိရပါသည်။

ဓာတုပစ္စည်းများကို ထိတွေ့ကိုင်တွယ်ရမှုကြောင့် ဖြစ်ပွားနိုင်သည့် မမျိုးပွားအင်္ဂါဆိုင်ရာ ဝေဒနာများမှာ မီးယပ်သွေးဆိုင်ရာ ဖောက်ပြန်မှုများ၊ မြုံခြင်း၊ သားပျက်သားလျောခြင်း၊ မျိုးရိုးဗီဇပြောင်းလဲခြင်း၊ သန္ဓေသားတွင် မွေးရာပါကိုယ်အင်္ဂါချို့ယွင်းမှုများ၊ သန္ဓေသားကြီးထွားဖွံ့ဖြိုးမှု နှောင့်နှေးခြင်း၊ သန္ဓေသား သေဆုံးခြင်း၊ မွေးကင်းစကလေးသေဆုံးခြင်း၊ ကင်ဆာဖြစ်ခြင်း၊ လိင်စိတ် ကုန်ခမ်းခြင်း စသည်တို့ဖြစ်ပါသည်။

ဓာတုပစ္စည်းများသည် ဓာတ်ငွေ့၊ အငွေ့၊ အမှုန်အသွင်အမျိုးမျိုးဖြင့် အသက်ရှူရာမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်နိုင်ပါသည်။ ဆေးလိပ်ငွေ့များမှတစ်ဆင့်လည်း အဆုတ်အတွင်းသို့ ဝင်ရောက်နိုင်ပါသည်။ သို့ဖြစ်၍ ဓာတုပစ္စည်းများကို ထိတွေ့ကိုင်တွယ်အသုံးပြုရသည့် မည်သည့်လုပ်ငန်းခွင်မဆို လုပ်ငန်းခွင်အတွင်း၌ စားသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကို လုံးဝရှောင်ကြဉ်သင့်ပါသည်။ လုပ်ငန်းခွင်အတွင်း စားသောက်ပါက အဆိပ်အတောက်ရှိသော ဓာတုပစ္စည်းများသည် လူ၏အစာအိမ်နှင့် အူလမ်းကြောင်းအတွင်းသို့ ဝင်ရောက်နိုင်ပါသည်။

ဓာတုပစ္စည်းများသည် လူ၏အရေပြားနှင့် ထိတွေ့သောအခါ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်နိုင်ပြီး အရေပြားရောင်ခြင်း၊ ယားယံခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ဓာတုပစ္စည်းတစ်မျိုးတည်းကို ထပ်ခါတလဲလဲ ကြိမ်ဖန်များစွာ ထိတွေ့ကိုင်တွယ်ခြင်းကြောင့် ယင်းဓာတုပစ္စည်းများနှင့် မတည့်သည့်ယားယံခြင်းလက္ခဏာ ပေါ်ပေါက်စေနိုင်ပါသည်။ ထိုအခါ မိမိ၏ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဓာတုပစ္စည်းအစား အခြားတစ်မျိုးကို အစားထိုးအသုံးပြုရမည်ဖြစ်ပါသည်။ (ဥပမာ- ယားယံစေသော ဆပ်ပြာမှုန့်အစား အခြားတံဆိပ် ဆပ်ပြာမှုန့်ကို ပြောင်းလဲ၍ အသုံးပြုခြင်း)

ဓာတုပစ္စည်းအရည်များ၊ ဓာတ်ငွေ့များ မျက်စိအတွင်းသို့ဝင်ပါက ကျိန်းစပ်ခြင်း၊ နာကျင်ခြင်းများ ဖြစ်စေနိုင်ပါသည်။ မျက်စိမှတစ်ဆင့်လည်း သွေးကြောများအတွင်းသို့ ရောက်ရှိသွားပြီး ခန္ဓာကိုယ် အင်္ဂါအစိတ်အပိုင်းများသို့ ချက်ချင်းလျင်မြန်စွာ ပျံ့နှံ့စေနိုင်ပါသည်။

ဤဆောင်းပါးတွင် အမျိုးသမီးများ အများဆုံး ထိတွေ့ကိုင်တွယ်နေရသော ဓာတုပစ္စည်းများနှင့်ပတ်သက်၍ ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာထိခိုက်မှုများ၊ အန္တရာယ်များကို အနည်းငယ်စီအကျဉ်းမျှ ဖော်ပြသွားမည်ဖြစ်ပါသည်။

### ပိုးသတ်ဆေး

လူ၊ သတ္တဝါ၊ သီးနှံပင်များ၊ လူ့အသုံးအဆောင်ပစ္စည်းများအတွက် မလိုလားအပ်သည့် ကြွက်၊ ခြင်၊ ယင်၊ ပိုးမွှား စသည်တို့၏ ဘေးအန္တရာယ်မှ ကာကွယ်ရန်၊ မှို၊ ပေါင်းမြက်စသည်တို့ကိုနှိမ်နင်းရန်၊ အပင်ကြီးထွားစေရန်နှင့် အသီးအရွက်အပွင့်များ အားကောင်းစေရန်၊ အချိန်မတိုင်မီ ကြွေကျခြင်းမှ ကာကွယ်ရန်တို့အတွက် ပိုးသတ်ဆေးများကို အသုံးပြုနေကြပါသည်။ ၎င်းပိုးသတ်ဆေးများတွင် ဓာတုပစ္စည်းများစွာ ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် ဆေးရုံတက်ရောက် ကုသမှုခံယူကြရသည့် လတ်တလောအဆိပ်သင့်လူနာများအနက် သေဆုံးကြရသူအများစုမှာ ပိုးသတ်ဆေးအဆိပ်သင့်မှုကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

လုပ်ငန်းခွင်တွင် ပိုးသတ်ဆေးအဆိပ်သင့်မှုကြောင့် ယေဘုယျအားဖြင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများအပြင် အရေပြား၊ မျက်စိ၊ အစာအိမ်လမ်းကြောင်း၊ ဦးနှောက်နှင့်အာရုံကြော အဖွဲ့အစည်း၊ အသက်ရှူလမ်းကြောင်း အစရှိသည်တို့ကို ထိခိုက်စေနိုင်ပါသည်။ ပိုးသတ်ဆေးများကို လုပ်ငန်းခွင်အတွက် အသုံးပြုချိန်မှအပ အခြားအချိန်များတွင် အလွယ်တကူ လက်လှမ်းမီရရှိနိုင်ခြင်းမရှိစေရန် စနစ်တကျစီမံထားသင့်ပါသည်။ ပိုးသတ်ဆေးထည့်သည့် စည်၊ ဘူး၊ အိတ်၊ ပုလင်းခွံ စသည်တို့ကို စွန့်ပစ်ရာတွင်လည်း စနစ်တကျစွန့်ပစ်ရမည်ဖြစ်ပါသည်။ ပိုးသတ်ဆေးများကို စနစ်တကျ တင်သွင်း၊ ထုပ်ပိုး၊ ဖြန့်ဖြူး၊ အသုံးပြုရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၌ ပြဋ္ဌာန်းထားပြီးဖြစ်သော ပိုးသတ်ဆေးဥပဒေကို တိတိကျကျ လိုက်နာခြင်းဖြင့် ပိုးသတ်ဆေးအဆိပ်သင့်မှုအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

### အိမ်သုံးဆေးဝါးများ

ယခုအခါ နိုင်ငံအနှံ့အပြား၌ အိမ်သုံးဆေးအရောင်းဆိုင်များ လွန်စွာပေါ်များနေသဖြင့် မည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို ဆေးဝါးများကို အလွယ်တကူ ဝယ်ယူရရှိနေပါသည်။ ဆေးဝါးများကို အလွယ်တကူ ဝယ်ယူရရှိနေခြင်းသည် တစ်ဖက်က ကောင်းကျိုးရှိသလို၊ တစ်ဖက်တွင်လည်း ဆိုးပြစ်များရှိနေပါသည်။ မည်သည့်ဆေးမဆို မိမိသဘောနှင့် မိမိသုံးစွဲခြင်း မပြုသင့်ပါ။ တတ်ကျွမ်းသူဆေးပညာရှင်များ၏ ညွှန်ပြမှုဖြင့်သာ သုံးစွဲသင့်ပါသည်။

အိမ်သုံးဆေးဝါးများသည် ရောဂါဝေဒနာလက္ခဏာများကို ခေတ္တခဏမျှသာ သက်သာမှုရရှိစေနိုင်ပါသည်။ စနစ်တကျသုံးစွဲခြင်း မရှိပါက ရောဂါဇစ်မြစ်ကို ဖုံးကွယ်ထားသဖြင့် ရောဂါလွန်မှသာ အခြေအနေမှန်ကို သိရှိနိုင်မည်ဖြစ်ပါသည်။ အိမ်သုံးဆေးဝါးများကို အညွှန်းထက်ပိုမို၍လည်းကောင်း၊ အချိန်ကာလတာရှည်စွာလည်းကောင်း သုံးစွဲခြင်း မပြုသင့်ပါ။ (ဥပမာ - ပါရာစီတမောလ်နှင့် ဝမ်းနုတ်ဆေးကဲ့သို့သော အိမ်သုံးဆေးများ)။ ရောဂါလက္ခဏာများ ဆက်လက်ရှိနေလျှင်လည်းကောင်း၊ ရောဂါလက္ခဏာအသစ်များ ထပ်မံ ပေါ်ပေါက်လာလျှင်လည်းကောင်း တတ်ကျွမ်းသူ ဆေးပညာရှင် ဆရာဝန်များနှင့် ပြသသင့်ပါသည်။

ဆေးထည့်သော ကတ်၊ ဘူး၊ ပုလင်းပေါ်တွင် ရေးသားထားသော အညွှန်းများ၊ အချက်အလက်များကို သေချာစွာဖတ်ရှုပြီးမှသာ သုံးစွဲသင့်ပါသည်။ သက်တမ်းလွန်ရက်စွဲများကို သေချာစွာ ဖတ်ရှုစစ်ဆေးပြီး ရက်လွန်ခြင်း၊ ပျက်စီးနေခြင်းရှိပါက စနစ်တကျဖျက်ဆီးပစ်ရပါမည်။ ဆေးဝါးများ အားလုံးကို ကလေးများ လက်လှမ်းမမီသောနေရာတွင် လုံခြုံစွာသိမ်းဆည်းရပါမည်။

အမျိုးသမီးများအနေဖြင့် ကိုယ်ဝန်ရှိနေစဉ် (သို့မဟုတ်) ကလေးနို့တိုက်နေစဉ် ကာလများတွင် ဆေးဝါးသုံးစွဲရန်ရှိပါက ကျွမ်းကျင်သူ ဆရာဝန်များနှင့် တိုင်ပင်သင့်ပါသည်။ မိမိသဘောနှင့်မသုံးစွဲဘဲ ဆရာဝန်ညွှန်ကြားသည့်အတိုင်းသာ တိတိကျကျသုံးစွဲရမည်ဖြစ်ပါသည်။ ထို့ပြင် ဆေးဝါးများကို လိုင်စင်ရရှိထားသော တရားဝင်ဆေးဆိုင်များမှသာ ဝယ်ယူသုံးစွဲသင့်ပြီး မိမိဝယ်ယူမည့် ဆေးဝါးများသည် မြန်မာနိုင်ငံ၌ တရားဝင်မှတ်ပုံတင်ထားသော ဆေးဝါးများ ဟုတ်၊ မဟုတ်ကိုလည်း စိစစ်ဝယ်ယူသင့်ပါသည်။

### အိမ်တွင်းအစားအသောက်များ

အစားအသောက်များကို တာရှည်ခံစေရန်၊ စားချင်စဖွယ် အရောင်အဆင်းရှိစေရန်နှင့် အရသာ ပိုမိုကောင်းမွန်စေရန်တို့အတွက် ဓာတုပစ္စည်းများကို တွင်ကျယ်စွာ အသုံးပြုနေကြပါသည်။ ဥပမာအားဖြင့် အရောင်ဆိုးထားသော မှုန့်များ၊ ငါးများ၊ ပုစွန်များ၊ ငရုတ်သီးမှုန့်များစသည်တို့အပြင် ကြက်သားကို ဆေးထိုးသည်၊ ဖရဲသီး၊ ပိန္နဲသီးကိုဆေးထိုးသည်၊ ငှက်ပျောသီးကို အမြန်မှည့်စေရန် ဆေးတို့၍ အုပ်သည်စသဖြင့် ယခင်အခါက မကြားဘူး မမြင်ဘူးတာတွေကို ယခုအခါ ကြားသိမြင်တွေ့နေရပါသည်။

ထိုကဲ့သို့ အသုံးပြုကြသည့် ဓာတုပစ္စည်းများအနေဖြင့် သတ်မှတ်ခွင့်ပြုထားသော အမျိုးအစား၊ ပမာဏအတိုင်း စနစ်တကျ ထည့်သွင်းအသုံးပြုမှသာလျှင် စားသုံးသူများ ကျန်းမာရေးထိခိုက်မှုအန္တရာယ်မှ ကင်းဝေးမည်ဖြစ်ပါသည်။ သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စသည့် ဓာတုပစ္စည်းများပါဝင်သော ဟင်းသီးဟင်းရွက်၊ အသီးအနှံများကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်ရစ်နာ၍ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်း၊ ဦးနှောက်နှင့်အာရုံကြော ထိခိုက်ခြင်း၊ မျိုးပွားနိုင်စွမ်းလျော့နည်းခြင်း၊ သန္ဓေသားချို့ယွင်းမှုဖြစ်ခြင်း၊ နှင်းခူရောဂါဖြစ်ခြင်း၊ ကင်ဆာရောဂါများဖြစ်ပွားတတ်ခြင်း စသည်တို့ဖြစ်စေနိုင်ပါသည်။ အမျိုးသမီးများအနေဖြင့် အဆိုပါအချက်များကို သိရှိထားရန်လိုအပ်ပါသည်။ ဓာတုပစ္စည်းများ အသုံးပြုမထားသော အစားအသောက်များကိုသာ တတ်နိုင်သ၍ ရွေးချယ် ဝယ်ယူစားသုံးသင့်ပါသည်။ ယမ်းစိမ်းထည့်ထားသော အစားအစာများ၊ အရောင်ဆိုးဆေးများဆိုးထားသော စားသောက်ကုန်များ၊ အချိုမှုန့်များသည် အိမ်ရှင်မများအတွက် အမြင်တင့်တယ်သော်လည်း လက်တွေ့တွင် မိမိနှင့်မိသားစုကိုပါ အကြီးအကျယ်ဒုက္ခပေးမည့်အရာများ ဖြစ်သည်ကို သတိပြုသင့်ပါသည်။

### အိမ်သုံးဓာတုပစ္စည်းများ

အမျိုးသမီးတိုင်းသည် ကြီးကြီးငယ်ငယ် အရွယ်မရွေး အလှအပကို နှစ်သက်သဘောကျတတ်ပါသည်။ အမျိုးသမီးများရှိသော အိမ်တိုင်းတွင် အလှကုန်ပစ္စည်းများလည်း ရှိနေပါသည်။ အလှကုန်ပစ္စည်းများဖြစ်သော မျက်နှာလိမ်းမိတ်ကပ်၊ ပေါင်ဒါ၊ နှုတ်ခမ်းဆိုးဆေး၊ ပါးဆိုးဆေး၊ မျက်ခွံဆိုးဆေး၊ လက်သည်းခြေသည်းဆိုးဆေး၊ မျက်နှာလိမ်းခရင်မ်၊ အလှဆီ၊ ကိုယ်လိမ်းပေါင်ဒါ စသည်တို့တွင် ခဲသတ္တုဓာတ်နှင့် မာကျူရီ(ပြဒါး)တို့ ပါဝင်ပါက ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ဆံပင်အလှပြင်ဆေး၊ ဆံပင်ဆိုးဆေးများတွင် ပါဝင်သော ဓာတုပစ္စည်းများကြောင့် လတ်တလော အဆိပ်သင့်မှုဖြစ်စေနိုင်ပါသည်။ ဆံပင်အရောင်ချွတ်ဆေးကို မတော်တဆမျိုချမိပါက အစာအိမ်ကို လောင်စားစေတတ်ပါသည်။

ထို့ပြင် ဆံပင်ဖျန်းဆေး၌ လေဖိအားဖြင့် ထည့်ထားသော ဓာတုပစ္စည်းများကို မတော်တဆရှူရှိုက်မိပါက နှလုံးခုန်ရပ်ခြင်း၊ ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်စေနိုင်ပါသည်။ ရေလောင်းရေဆွဲအိမ်သာများ၊ ကိုယ်လက်သန့်စင်ခန်း၊ ရေချိုးခန်းသုံး ချေးချွတ်ဆေးမှုန့်နှင့် ဆေးရည်တို့တွင်ပါဝင်သော ဓာတုပစ္စည်းများ အဆိပ်သင့်ခြင်းကြောင့် ပြင်းထန်သော ဝေဒနာများ ခံစားရတတ်ကြောင်း ကိုလည်း သတိပြုသင့်ပါသည်။

### သောက်သုံးရေများ

ရေကောင်းရေသန့်တွင် အရောင်အဆင်း၊ အနံ့အရသာ ကင်းစင်သည်ဟု ငယ်စဉ်အခါက ကျောင်းသင်ခန်းစာများတွင် သင်ကြားခဲ့ရပါသည်။ ရေတွင်သံဓာတ်၊ ခဲဓာတ်၊ ဖလိုရိုဒ်ဓာတ်၊ ထုံး၊ သွပ်၊ ကြေးနီတို့ အနည်းငယ်စီပါဝင်နေတတ်ပါသည်။ သတ်မှတ်စံနှုန်းထက် မကျော်လွန်ပါက မည်သည့် ကျန်းမာရေးထိခိုက်မှုမှ မရှိနိုင်ပါ။ သို့သော် သောက်သုံးရေတွင် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး၊ ကြွက်သတ်ဆေး၊ အပင်သန်ဆေး စသည်တို့၏ အကြွင်းအကျန်ဓာတ်ကြွင်းများ၊ စက်ရုံ၊ အလုပ်ရုံ၊ သတ္တုတွင်းများမှ စွန့်ထုတ်သော ဓာတုပစ္စည်းများ၊ စွန့်ပစ်ရေများ ပါဝင်နေပါက သောက်သုံးရန် မသင့်ပါ။ ထို့အပြင် ဘက်တီးရီးယားပိုးမွှားများ၊ ဗိုင်းရပ်စ်ပိုးများ၊ ကပ်ပါးပိုးများ၊ သန်ကောင်များ ပါဝင်နေပါကလည်း လူတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။

ရေကိုကျိုချက်၍ သောက်သုံးခြင်းက အကောင်းဆုံးဖြစ်ပါသည်။ ရေခဲရေသည် ကျန်းမာရေးကို ထိခိုက်စေသဖြင့် မသောက်သုံးသင့်ပါ။ ယခုအခါ၌ ရေသန့်ဘူးဆိုသည်များကိုသောက်၍ ကျန်းမာရေးပြဿနာ ဖြစ်ပေါ်ခဲ့ရသည့် သာဓကများ မကြာခဏဆိုသလို သတင်းမီဒီယာများတွင် တွေ့မြင်နေရသဖြင့် ရေသန့်ဆိုတိုင်းလည်း စိတ်မချရကြောင်း သတိပြုသင့်ပါသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် စစ်ဆေးခံ၍ တရားဝင်မှတ်ပုံတင်ထားသော ရေသန့်များကိုသာ ယုံကြည်စိတ်ချသင့်ပါသည်။

### အသေးစားနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ ဓာတုပစ္စည်းများ

အသေးစားနှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများတွင် ဓာတ်သတ္တုများ၊ ပျော်ရည်များ၊ အက်ဆစ်၊ အယ်လ်ကာလီများ၊ သုတ်ဆေး၊ မှုတ်ဆေး၊ ဆိုးဆေးများသည် အများဆုံးအသုံးပြုကြသော ဓာတုပစ္စည်းများဖြစ်ကြပါသည်။ အဆိုပါလုပ်ငန်းများတွင် အများဆုံးတွေ့ကြုံရသည့် ကျန်းမာရေးပြဿနာများမှာ ခဲဆိပ်သင့်ခြင်း၊ ပိုးသတ်ဆေးအဆိပ်သင့်ခြင်း၊ ရေနံထွက်ဓာတုပစ္စည်းများကြောင့် ဦးနှောက်နှင့်အာရုံကြောထိခိုက်ခြင်း၊ ဆီလီကွန်ဒိုင်အောက်ဆိုဒ်ကြောင့် ဆီလီကိုးဆစ် (ခေါ်) အဆုတ် ကျောက်မှုန့်စွဲရောဂါဖြစ်ပွားခြင်း စသည်တို့ဖြစ်သဖြင့် အမျိုးသမီးများအနေဖြင့် သတိထားဆင်ခြင် သင့်ပါသည်။

### ခဲဆိပ်သင့်မှုအန္တရာယ်

အချို့သောအိမ်များ၌ ဘက်ထရီအိုးလုပ်ငန်းများကို မိမိတို့အိမ်ခြံဝင်းအတွင်းတွင် တစ်နိုင်တစ်ပိုင် မိသားစုစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။ အဆိုပါလုပ်ငန်းလုပ်ကိုင်သော မိသားစုများမှလည်းကောင်း၊ အနီးပတ်ဝန်းကျင်ရှိ မိသားစုများမှလည်းကောင်း အမျိုးသမီးနှင့်ကလေးငယ်များတွင် ခဲဆိပ်သင့်မှု ဖြစ်ပွားကြသည်ကို မကြာခဏတွေ့ရှိနေရပါသည်။

ခဲသတ္တုနှင့်ထိတွေ့ကိုင်တွယ် လုပ်ကိုင်ကြရသူများတွင် ခဲဆိပ်သင့်မှုအန္တရာယ် ဖြစ်ပွားနိုင်ပါသည်။ အထူးသဖြင့် ဘက်ထရီနှင့် ခဲကျိုချက်လုပ်ငန်း၊ စဥ့်အိုးလုပ်ငန်းလုပ်ကိုင်သူများ၊ ခဲလုပ်ငန်း အမျိုးမျိုး၏ အနီးပတ်ဝန်းကျင်တွင်နေထိုင်သူများ၊ ကိုယ်ဝန်ဆောင် မိခင်လောင်းများ၊ နို့တိုက်မိခင်၊ အိမ်ထောင်သားမွေးပြုနိုင်သည့်အရွယ် အမျိုးသမီးများ၊ သန္ဓေသားကလေးမှသည် အသက်(၁၂)နှစ် အောက်ကလေးငယ်များစသည်တို့တွင် ခဲဆိပ်သင့်မှုအန္တရာယ် ပိုမိုဆိုးရွားစွာ ဖြစ်စေနိုင်ပါသည်။

အမျိုးသမီးများ၌ ခန္ဓာကိုယ်တွင်းသို့ ခဲသတ္တုဝင်ရောက်မှုပမာဏ အဆမတန်များနေချိန်တွင် ကိုယ်ဝန်ဆောင်လျှင် မိခင်ရောသန္ဓေသားပါ ကျန်းမာရေးထိခိုက်မှု ဖြစ်စေပါသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၏ ခန္ဓာကိုယ်တွင်း ခဲပမာဏများနေပါက ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးအသေမွေးခြင်း၊ သေးကွေးသောကလေး၊ လူစဉ်မမီ၊ မွေးရာပါကိုယ်အင်္ဂါချို့ယွင်းသော ကလေးများ မွေးခြင်းတို့ဖြစ်ပေါ်စေနိုင်ပါသည်။

ထို့ပြင် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၌ ခဲဆိပ်သင့်မှုရှိလျှင် သွေးအတွင်းရှိခဲဆိပ်သည် သန္ဓေသားကလေးငယ်ထံသို့ ရောက်ရှိစေပါသည်။ ကလေးငယ်များ အူမှ ခဲဆိပ်ကို စုပ်ယူနှုန်းသည် လူကြီးများထက် ပိုမိုများပြားသည့်အတွက် အဆိုပါကလေးငယ်များသည် အသိဉာဏ်နှေးကွေးခြင်း၊ ကျောင်းစာမလိုက်နိုင်ခြင်း၊ ခန္ဓာကိုယ်ကြီးထွားနှုန်း လွန်စွာလျော့ကျခြင်း၊ သွေးအားနည်းခြင်း၊ မကြာခဏဗိုက်အလွန်အမင်းအောင့်ခြင်းတို့ ဖြစ်စေပါသည်။

### အိမ်တွင်းလေထုညစ်ညမ်းမှုများ

အိမ်အတွင်းရှိ မီးဖိုများတွင် ထင်း၊ မီးသွေး အစရှိသည့် လောင်စာများသုံးစွဲခြင်း၊ အိမ်အတွင်း ဆေးလိပ်သောက်ခြင်း၊ ခြင်ဆေးခွေများ၊ အမွှေးတိုင်များ ထွန်းညှိခြင်း၊ အိမ်အနီးပတ်ဝန်းကျင်တွင် ကြက်၊ ဝက် စသော မွေးမြူရေးခြံများ ကပ်လျက်တည်ရှိနေခြင်းတို့ကြောင့် ကာဗွန်မိုနောက်ဆိုဒ်၊ နိုက်ထရပ် အောက်ဆိုဒ်၊ ဆာလ်ဖာဒိုင် အောက်ဆိုဒ်၊ ဖော်မောဒီဟိုက်၊ ဘင်ဇိုပိုင်ရင်း၊ အမိုးနီးယား အစရှိသည့် ဓာတုပစ္စည်းများ ထွက်ရှိပါသည်။

ယင်းတို့ကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များတွင် နာတာရှည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ နားရောဂါဝေဒနာများ၊ မျက်စိအတွင်းတိမ်ဖြစ်ပွားခြင်းများ ဖြစ်နိုင်ပါသည်။ အမျိုးသမီးများသည် အိမ်နှင့် မီးဖိုခန်းတွင် အခြားသူများထက် ပိုမိုကြာရှည်စွာ နေထိုင်ကြရသည့်အတွက် အိမ်တွင်းလေထုညစ်ညမ်းမှုကြောင့် ရောဂါဝေဒနာများ မဖြစ်ပွားမခံစားရစေရန် မီးခိုးမထွက်သော လောင်စာ၊ မီးဖိုများကို အသုံးပြုခြင်း၊ မီးဖိုခန်း အပါအဝင် အိမ်ခန်းများကို လေဝင် လေထွက်ကောင်းမွန်စေရန် ပြုပြင်တည်ဆောက်ခြင်း၊ ခြင်ဆေးခွေနှင့်အမွှေးတိုင်များကို လေဝင်လေထွက်မကောင်းသော လေလုံခန်းများတွင် ထွန်းညှိခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။

ချုပ်၍ဆိုရသော် လုပ်ငန်းခွင်ကဏ္ဍအသီးသီးနှင့် နေအိမ်များတွင် ဓာတုပစ္စည်း အမျိုးမျိုးတို့ကို စည်းကမ်းမဲ့ လက်လွတ်စပယ် ပေါ့ဆစွာ ကိုင်တွယ်အသုံးပြုပါက အမျိုးသမီးများတွင် အရေပြားထိခိုက်မှုကြောင့် အရေပြား လောင်ကျွမ်းခြင်း၊ ယားယံခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း၊ အဆုတ်အတွင်း ကျောက်မှုန့်စွဲရောဂါ၊ အဆုတ်အမြှေးပါးထူရောဂါ၊ အဆုတ်ကင်ဆာ၊ ရင်ကြပ်ပန်းနာ၊ နာတာရှည် အဆုတ်ရောင်ရောဂါ၊ အမျိုးသမီးမျိုးပွားအင်္ဂါဆိုင်ရာရောဂါများ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါများ၊ သွေးအားနည်းခြင်းရောဂါဝေဒနာများ၊ စိတ်ပိုင်းဆိုင်ရာရောဂါများ စသည်ဖြင့် ဖြစ်ပွားစေနိုင်ပါသည်။

နေအိမ်တွင်ဖြစ်စေ၊ လုပ်ငန်းခွင်တွင်ဖြစ်စေ ဓာတုပစ္စည်းအမျိုးမျိုးနှင့် မတော်တဆသော်လည်းကောင်း၊ စည်းကမ်းမဲ့အထိန်းအကွပ်မရှိ လက်လွတ်စပယ် သော်လည်းကောင်း ထိတွေ့ကိုင်တွယ် သုံးစွဲမိခြင်းကြောင့် လတ်တလော (သို့မဟုတ်) နာတာရှည် အဆိပ်သင့်ခြင်းများနှင့် ကြုံတွေ့ရပါက အဆိပ်သင့်လူနာသည် အဆိပ်သင့်မှုဖြစ်ပွားသည့်နေရာနှင့် အနီးဆုံး ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီရောက်ရှိမှသာ ထိရောက်သော ကုသမှုများကို ရရှိနိုင်မည်ဖြစ်သဖြင့် အမြန်ဆုံး ပို့ဆောင်ပေးရန် လိုအပ်ပါသည်။

သို့ပါ၍ မလိုလားအပ်သော ကျန်းမာရေးပြဿနာများ မဖြစ်ပွားမပေါ်ပေါက်စေရန်အတွက် မိမိတို့အိမ်တွင်း၌ နေ့စဉ်နေထိုင်စားသောက်မှုပုံစံများကို ကျန်းမာရေးညီညွတ်စေရန် စနစ်တကျပြုမူနေထိုင်စားသောက်ခြင်း၊ လုပ်ငန်းခွင် အသီးသီး၌ အလုပ်သမားများအား အလုပ်မဝင်မီ ကျန်းမာရေး စစ်ဆေးခြင်းနှင့် ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်းများကို သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဆိုင်ရာပြဿနာများရှိပါက အချိန်မီဆေးကုသမှုပေးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ပြည့်စုံသော လုပ်ငန်းခွင်ဝန်းကျင်ဖြစ်နေစေရန် လုပ်ငန်းပိုင်ရှင်များနှင့် စီမံခန့်ခွဲသူများက တာဝန်ယူ ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ရန် လိုအပ်ပါသည်။ သို့မှသာ အမျိုးသမီးများအနေဖြင့် အိမ်နှင့် အိမ်ပတ်ဝန်းကျင်အပါအဝင်အလုပ်ခွင်အသီးသီးတို့တွင် ကျန်းမာရေးနှင့် ညီညွတ်ပြည့်စုံကာ ပျော်ရွှင်ကျန်းမာသော လုပ်ငန်းခွင်နှင့် မိသားစုဘဝများကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။





## သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**မိတ္ထီလာ ဇွန် ၂၀**
မိတ္ထီလာမြို့နယ်၌ ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၉ ရက် နံနက် ၈ နာရီက ဧရိယာ ၅၁၂ ဧကရှိ မုန်တိုင်သစ်တောကြိုးဝိုင်းအတွင်း၌ စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲတော်သို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မဈ္ဈိမမေတ္တာလူငယ်အဖွဲ့များ၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဇော်မျိုးနှင့်ဝန်ထမ်းများ၊ ပညာရေးကောလိပ်မှ ဆရာ၊ ဆရာမများ၊ သူနာပြုသင်တန်းကျောင်းမှ ဆရာမများက စုပေါင်း၍ ကျွန်းပင် ၂၀၊ ဖျောက်ဆိပ် ၃၇ ပင်၊ ကုက္ကိုပင် ၄၀၊ တမာ ၄၃၅ ပင်နှင့် မဈ္ဈိမမေတ္တာလူငယ်အဖွဲ့များမှ ပေးအပ်လှူဒါန်းသည့် မန်ကျည်းရှားပင် ၁၀၀ တို့အား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် မြို့ပေါ်အမှိုက်သိမ်းစနစ်များ ကောင်းမွန်ရေး အမှိုက်သိမ်းယာဉ်များ ထပ်မံဖြည့်ဆည်းပေးမည်

**မုံရွာ ဇွန် ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်စည်ပင်သာယာရေးနယ်မြေများအတွင်း အမှိုက်သိမ်းစနစ်များ ပိုမိုကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် မုံရွာမြို့ ဈေးကော်မတီတို့ပူးပေါင်းပြီး အမှိုက်သိမ်းယာဉ် အစီး ၅၀ အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဝယ်ယူဖြည့်တင်းပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ဖွံ့ဖြိုးတိုးတက်လာသောမြို့များတွင် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးတွင် အဓိကအတားအဆီးဖြစ်သော အမှိုက်များကို အချိန်မီသိမ်းဆည်းရန်အတွက် ယခုလက်ရှိအသုံးပြုလျက်ရှိသော အမှိုက်သိမ်းယာဉ်များဖြင့် လုံလောက်မှုမရှိ၍ ထပ်မံဝယ်ယူဖြည့်တင်းခြင်းဖြစ်ကြောင်း သိရသည်။

"စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာရှိတဲ့ ပြည်သူတွေအသုံးပြုပြီး စွန့်ပစ်အမှိုက်တွေကို လက်ရှိယာဉ်တွေနဲ့ သိမ်းဆည်းတဲ့အခါမှာ လုံလောက်မှုမရှိလို့ ထပ်မံဝယ်ယူမှာပါ။ ထူးခြားချက်အနေနဲ့က မုံရွာမြို့ ဈေးကော်မတီကဝယ်တဲ့ အမှိုက်သိမ်းယာဉ်ငါးစီးပါတယ်။ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့က ငါးစီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၃ စီး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတွေက ၁၇ စီး စုစုပေါင်း အစီး ၅၀ ဝယ်ယူမယ်လို့ စီစဉ်ထားတယ်။ အခုလောလောဆယ် တိုင်းဒေသကြီး စည်ပင်ယာရေးအဖွဲ့ရဲ့ ငါးစီးနဲ့ မုံရွာမြို့ ဈေးကော်မတီတွေဝယ်တဲ့ ငါးစီး စုစုပေါင်း ၁၀ စီးရောက်ပြီ။ ရောက်တဲ့အမှိုက်သိမ်းကာတွေကို မုံရွာမြို့ကို ရှစ်စီး၊ ရွှေဘိုမြို့ကိုတစ်စီး၊ စစ်ကိုင်းမြို့ကိုတစ်စီး ဖြန့်ခွဲပေးထားပါတယ်။ နောက်ထပ်ရောက်လာမဲ့အမှိုက်သိမ်းယာဉ်တွေကိုလည်း တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စည်ပင်သာယာရေးနယ်နိမိတ်တွေကို ဖြန့်ခွဲပေးသွားမှာပါ" ဟု တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ၃၇ ခု၊ မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့ ခုနစ်ခုရှိပြီး ယခုလက်ရှိတွင် အမှိုက်သိမ်းယာဉ် ၁၁၃ စီးရှိရာ လုံလောက်မှုမရှိသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မုံရွာမြို့ ဈေးကော်မတီတို့ပူးပေါင်းပြီး တစ်စီးလျှင် ငွေကျပ် သိန်း ၁၆၀ တန်ဖိုးရှိ လီဖန်းအမျိုးအစား အမှိုက်သိမ်းယာဉ် အစီး ၅၀ အား စုစုပေါင်းငွေကျပ် သိန်း ၈၀၀၀ ဖြင့် ထပ်မံဝယ်ယူဖြည့်တင်းပေးခြင်းဖြစ်ကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လှူဒါန်းသောဆန်များအားအချိုးကျခွဲဝေ

**ကောလင်း ဇွန် ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ဇွန် ၉ ရက်က ရေကြီးရေလျှံမှုဖြစ်ခဲ့သော မြို့ပေါ် ၆ ရပ်ကွက်နှင့် ကျေးရွာ ၁၄ ရွာအား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လှူဒါန်းသော ရေဘေးကူညီထောက်ပံ့ရေဆန်များအား ဇွန် ၁၉ ရက်က သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအလိုက် အချိုးကျခွဲဝေပေးကြောင်း သိရသည်။

" လူ၊ ကယ်၊ ပြန်ကလှူဒါန်းတဲ့ ရေဘေးကူညီထောက်ပံ့တဲ့ဆန်များကို ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနဲ့ပူးပေါင်းပြီး ရေကြီးစဉ်ကာလမှာအမှန်တကယ်နေထိုင်တဲ့ လူဦးရေစာရင်း (မြေပြင်ရှိ) ကို ကွင်းဆင်းကောက်ခံပြီး အချိုးကျလူတစ်ဦးလျှင် ဆန်နို့ဆီဘူး ခြောက်ဘူးနှုန်းနဲ့ ခွဲဝေပေးပါတယ်။ ဒါ့အပြင် အဝတ်အစား၊ ပန်းကန်ပြား၊ သောက်ရေခွက်၊ ခြင်ထောင်တွေပါတဲ့ ကယ်ဆယ်ရေးပစ္စည်းအထုပ်တွေကိုလည်း နယ်မြေအလိုက် အချိုးကျခွဲဝေပေးပြီး အိမ်ထောင်စုအလိုက် မဲစနစ်နဲ့ ပွင့်လင်းမြင်သာစွာ ခွဲဝေပေးပါတယ်" ဟု ကျော်ဇေယျာရပ်ကွက် ဥက္ကဋ္ဌ ဦးကျော်က ရှင်းပြသည်။

အဆိုပါရေဘေးကူညီရေးထောက်ပံ့ရေးဆန်များအား ကျော်ဇေယျာ၊ မြောက်အင်း၊ ဈေးရုံ၊ ဗိုလ်တဲ၊ စက်ရုံ၊ လယ်ပြင်၊ မြို့ကုန်းမြို့မ၊ ပြင်ဦးလွင်ရပ်ကွက်နှင့် ဝါးရုံးတုံး၊ တဲကြီးကုန်း၊ မင်းချမ်း၊ တဲကြီးကုန်း၊ ရွာမ၊ ကျောက်ကာ၊ မင်းကုန်း၊ ဆိုင်ထူးဆေးမှင်းခုံ၊ ကွန်းလှခုံ၊ ငပွေးလေး၊ နတ်ကြီးခုံ၊ မရိုးခုံ၊ ကွန်းခုံ၊ လက်ပံကွေ့ကျေးရွာ စသည့်ရပ်ကွက်၊ ကျေးရွာများရှိ အိမ်ခြေ ၅၅၂၈၊ လူဦးရေ ၂၅၂၄၂ ဦးတို့အား အချိုးကျပေးဝေခဲ့ကြောင်း သိရသည်။ **ဝဝဝ**

## ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာ ၂၅၂ ရွာ လျှပ်စစ်မီးရရှိရေး လုပ်ဆောင်သွားမည်

**မုံရွာ ဇွန် ၂၀**
ကျေးလက်ဒေသနေပြည်သူများ လျှပ်စစ်မီးလင်းရေးနှင့် မြို့ပေါ်ရပ်ကွက်များ လျှပ်စစ်ဓာတ်အား ပိုမိုကောင်းမွန်စေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရုံးမှ သိရသည်။

ကျေးလက်ဒေသနေပြည်သူများ မြို့ပြများနည်းတူ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရာတွင် လျှပ်စစ်မီးလင်းရေးကဏ္ဍသည် အဓိကဖြစ်ရာ ကျေးလက်ဒေသနေပြည်သူများ လျှပ်စစ်မီးအသုံးပြုနိုင်ရေးနှင့် မြို့ပေါ်ရပ်ကွက်များ ဓာတ်အားစနစ်များ ပိုမိုကောင်းမွန်လာစေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေများဖြင့် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးလင်းရေးဟာလည်း အဓိကကျတဲ့လုပ်ငန်းတစ်ခုဖြစ်တဲ့အတွက် နှစ်စဉ်လုပ်ဆောင်ပေးတာပါ။ အခုဘဏ္ဍာနှစ်မှာလည်း ကျေးလက်ဒေသတွေမီးလင်းဖို့နဲ့ လျှပ်စစ်မီးရပြီးသားရပ်ကွက်တွေမှာ လျှပ်စစ်ဓာတ်အာပေးစနစ်တွေ ပိုမိုကောင်းမွန်ရေးတို့ကိုလည်း ထပ်ပြီးလုပ်ဆောင်ပေးတာပါ" ဟု လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးမျိုးသန့်ထွန်းက ပြောသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း လုပ်ငန်းပေါင်း ၁၅၈ ခုအတွက် တိုင်းဒေသကြီးအစိုးရရန်ပုံငွေကျပ် ၅၄၈၆ ဒသမ ၃၇၃ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၂၅၂ ရွာ လျှပ်စစ်မီးလင်းရေးနှင့် မြို့ပေါ်ရပ်ကွက်များ ဓာတ်အားစနစ်ပိုမိုကောင်းမွန်ရေးအတွက် လုပ်ငန်းပေါင်း ၁၉၂ ခုအတွက် တိုင်းဒေသကြီးအစိုးရရန်ပုံငွေကျပ် ၉၂၈၂ ဒသမ ၅၄၈ သန်းဖြင့် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

## ဖုံး၊ သွန်၊ လဲ၊ စစ် နှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ကွင်းဆင်းဆောင်ရွက်

**မောက်မယ် ဇွန် ၂၀**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်းရှိ တိုင်းရင်းသားလုပ်သားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်၍ ယခုမိုးဦးကာလတွင် ဒေသခံတိုင်းရင်းသားများနှင့် ကျောင်းသားလူငယ်များတို့ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းကိုက်ဝမ်းလျှောရောဂါများ၊ နှာစီးချောင်းဆိုးရောဂါများ အများစုဖြစ်နေသည့်အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ကျန်းမာရေး ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့မှ မွေတော်ရပ်ကွက်အတွင်းရှိ အိမ်ခြံဝန်းအတွင်း၌ ဇွန် ၁၈ ရက် နံနက် ၈ နာရီက စတင်ပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ယင်းသို့ဆောင်ရွက်ရာတွင် အိမ်ခြံအတွင်းရှိ အမှိုက်များနှင့် ချုံနွယ်ပင်များရှင်းလင်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပိုးလောက်လန်းသေ အဘိတ်ဆေးခတ်ခြင်း၊ ရေမြောင်းတူးဖော်ဆောင်ရွက်ကြရေး လက်ကမ်းစာစောင်များဖြန့်ဝေပြီး ကျန်းမာရေး ဝန်ထမ်းများက အသိပညာပေးဟောပြောပြီး သရုပ်ပြကွင်းဆင်းစစ်ဆေးကာ ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## ကျန်းမာရေးဌာနကို ကူညီဆောင်ရွက်ပေးနေသူများအား အသည်းရောင်အသားဝါ(ဘီပိုး) ကာကွယ်ဆေး ထိုးနှံပေး

**ကျောင်းကုန်း ဇွန် ၂၀**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် အသည်းရောင်အသားဝါ(ဘီပိုး) ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဇွန် ၁၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသည်းရောင်အသားဝါ(ဘီပိုး) ရောဂါကာကွယ်ဆေးကို မိခင်နှင့်ကလေးကျန်းမာရေးမြှင့်တင်သူ (MCHP) များ၊ အရန်သားဖွားဆရာမများ၊ လူထုကျန်းမာရေးလုပ်သားများ၊ သွေးလှူရှင်များအား ထိုးနှံပေးခဲ့ခြင်းဖြစ်ပြီး ဇွန်လတွင် ပထမအကြိမ်၊ ဇူလိုင်လတွင် ဒုတိယအကြိမ်၊ ဩဂုတ်လတွင် တတိယအကြိမ် ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း ကျန်းမာရေးဌာနမှ သိရသည်။

မိခင်နှင့်ကလေးကျန်းမာရေးမြှင့်တင်သူ (MCHP)များသည် ကျောင်းကုန်းမြို့နယ်တွင်သာ ဖွဲ့စည်းတည်ရှိသော အဖွဲ့ဖြစ်ပြီး ကျန်းမာရေးဌာနကို ကူညီဆောင်ရွက်ပေးနေသောအဖွဲ့လည်းဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေး တစ်ဖက်ဆည်ကန်တူးဖော်

**ငါန်းဇွန် ဇွန် ၂၀**
မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် တမာပင်ကြီးကျေးရွာ အရှေ့မြောက်ထောင့်၌ ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် မန္တလေးမြို့နေ ဦးမြမောင်နှင့် ဇနီး ဒေါ်တိုးတိုးကြွယ်၊ (ညီ) ဦးဖိုးစပ်နှင့် ဇနီး ဒေါ်အေးချိုမိသားစုတို့က အလျားပေ ၃၀၀၊ အနံပေ ၂၀၀ ခန့်ရှိ တစ်ဖက်ဆည်ကန်အား စက်ယန္တရားများဖြင့် ဇွန်လအတွင်းအပြီး တူးဖော်ဆောင်ရွက်ခဲ့ရာ ငွေကျပ် ၄၃၁ သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။

အဆိုပါသောက်သုံးရေကန်တွင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာခုနစ်ရွာမှ ပြည်သူများ လွယ်ကူစွာခပ်ယူသုံးစွဲသွားနိုင်ကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**



# မြန်အောင်မြို့နယ်တွင် ကျေးရွာအချို့ရှိလမ်းများ ရေနစ်မြုပ်နေ၍ သွားလာရေးခက်ခဲနေ

**မြန်အောင် ဇွန် ၂၀**
ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျွဲတဲကုန်းကျေးရွာအုပ်စုပိုင် ဒေါင့်ကြီးကျေးရွာနှင့် ရေကူးစုကျေးရွာတို့တွင် ဇွန် ၁၀ ရက်မှစပြီး နေ့စဉ် မပြတ်ရွာသောမိုးနှင့် ရွာ၏ အထက်ပိုင်းမြင့်သောနေရာများမှ ရေများဝင်ရောက်လာမှုကြောင့် ယင်းရွာများယနေ့အထိ ရေနစ်မြုပ်လျက်ရှိနေကြောင်း သိရသည်။

ယမန်နှစ်ကလည်း ရွာအတွင်း ရေများဝင်ရောက်သော်လည်း ယခုလိုမိုးရာသီအစောပိုင်းတွင် ဝင်ရောက်ခြင်းမဟုတ်ဘဲ မိုးလယ်ပိုင်းမှ ဝင်ရောက်ခြင်းဖြစ်သဖြင့် ပြင်ဆင်ချိန်ရကြောင်း၊ ယခုနှစ်တွင် မထင်မှတ်ဘဲ မိုးဦးတွင်ရေဝင်ရောက်လာသဖြင့် အခက်အခဲရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

စားသောက်ကုန်ပစ္စည်းများ သယ်ယူရာလမ်းကြောင်းမှာလည်း ရေနစ်မြုပ်လျက်ရှိကြောင်း၊ ရွာများရှိ ကျောင်းသား၊ ကျောင်းသူလေးများမှာလည်း တစ်မိုင်ခွဲခန့်ဝေးသော အ. ထ. က(ခွဲ) သခွတ်ကွင်းသို့သွားရာ အင်ပင်-ကနောင်ကားလမ်းမှာလည်း ရေနစ်မြုပ်နေကြောင်း၊ လမ်းများရေနစ်မြုပ်နေသဖြင့် ကျောင်းသား၊ ကျောင်းသူလေးများကို ဝါးပိုးဝါးဖောင်ဖြင့် ကျောင်းပို့နေရကြောင်း ရွာသားတစ်ဦးက ပြောသည်။

အလားတူ လေးတူးကျေးရွာမှ ကျောင်းသားလေးများမှာလည်း အ. ထ. က(ခွဲ) သခွတ်ကွင်းသို့ ရေကျော်နေသောလမ်းမှ စက်ဘီးများကိုတွန်းတစ်လှည့်၊ စီးတစ်လှည့်ဖြင့် သွားနေရသဖြင့် အန္တရာယ်များလျက်ရှိကြောင်း လေးတူးကျေးရွာတွင်နေထိုင်သူတစ်ဦးက ပြောသည်။

မြန်အောင်မြို့နယ် ကျွဲတဲကုန်းအုပ်စုရှိ ဒေါင့်ကြီးကျေးရွာနှင့် ရေကူးစုကျေးရွာ၊ လေးတူးအုပ်စုရှိ လေးတူးကျေးရွာတို့မှာ ရေနစ်မြုပ်နေပြီး အကူအညီများလိုအပ်လျက်ရှိကြောင်း၊ လူမှုရေးအဖွဲ့များမှ လာရောက်လှူဒါန်းခြင်းများရှိနေကြောင်း၊ ကနောင်-အင်ပင်လမ်းမှာလည်း ရေနစ်မြုပ်လျက်ရှိကြောင်း ကနောင်တွင်နေထိုင်သူတစ်ဦးထံမှ သိရသည်။

**နေဝင်းဇော်(မြန်အောင်)**



## ရက် ၁၀၀ စီမံချက်အရ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးနှင့် ဝင်ငွေတိုးတက်ရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်



**ဝန်းသို ဇွန် ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်း ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးနှင့် ဝင်ငွေတိုးတက်ရေးအတွက် တရားမဝင်ဓာတ်အားသုံးစွဲမှုအား ရက် ၁၀၀ စီမံချက်အနေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လျာထားအကောင်အထည်ဖော်မည့်လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ဇေယျထံမှ သိရသည်။

ဝန်းသိုမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးငွေလုံး၊ ငွေရင်းရန်ပုံငွေဖြင့် ကံကုန်း၊ သင်တော၊ မာလကာတော၊ မင်းကုန်းကျေးရွာများမှ အိမ်ခြေစုစုပေါင်း ၂၂၃ အိမ်ရှိပြီး ဓာတ်အားရရှိရန် ၁၁ ကေဗွီလိုင်းသုံးမိုင်အား ခွင့်ပြုငွေ ကျပ် ၄၈ သန်းဖြင့်လည်းကောင်း၊ သနကျင်း၊ သဲချောင်း၊ အင်္ဂါ၊ ဘုရားတောင်ကျေးရွာများရှိ အိမ်ခြေ ၂၈၀ ကို ဓာတ်အားရရှိရန် ၁၁ ကေဗွီလေးမိုင်အား ခွင့်ပြုငွေကျပ် ၆၄ သန်းဖြင့်လည်းကောင်း၊ ကျီကုန်းကျေးရွာရှိ အိမ်ခြေ ၈၃ အိမ်အား ဓာတ်အားလိုင်းရရှိရန် ၁၁ ကေဗွီလိုင်းတစ်မိုင်အား ခွင့်ပြုငွေကျပ် ၁၆ သန်းဖြင့်လည်းကောင်း၊ ဖီလေးအုပ်စု၊ ကံကံကုန်းကျေးရွာရှိ အိမ်ခြေ ၁၃၈ အိမ်ကို ဓာတ်အားရရှိရန် ၁၁ ကေဗွီလိုင်းတစ်မိုင်အား ခွင့်ပြုငွေကျပ် ၁၆ သန်းဖြင့်လည်းကောင်း ဝန်းသိုမြို့ မြို့သစ် (၂)ရပ်ကွက်တွင် ဗို့အားကျဆင်းသဖြင့် ဝန်အားမျှသုံးစွဲနိုင်ရန်အတွက် ထရန်စဖော်မာ ၁၆၀ ကေဗွီအေ တည်ဆောက်ခြင်းအတွက် ကျပ်သန်း ၂၀ ဒသမ ၁၂ လျာထားလျက်ရှိကြောင်း မြို့နယ်အင်ဂျင်နီယာ ဦးကျော်ဇေယျက ပြောပြသည်။

ဝန်းသိုမြို့နယ်တွင် ကျေးရွာများအား လျှပ်စစ်ဓာတ်အားရရှိရေးနှင့်ပတ်သက်၍ NEP National Electrical Plan အမျိုးသားဓာတ်အားရရှိရေး စီမံချက်အစီအစဉ်ဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်း နှစ်မိုင်အတွင်းရှိ ကျေးရွာပေါင်း ၃၅ ရွာကို လျှပ်စစ်ဓာတ်အားရရှိရန်အတွက် လျာထားလျက်ရှိကြောင်း ယခုအခါ မြို့နယ်အတွင်း၌ လျှပ်စစ်ဓာတ်အားကို အိမ်သုံးမီတာ ၅၂၉၂ လုံး၊ လုပ်ငန်းသုံးမီတာ ၂၅ လုံးအား ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**စိုင်းလှမင်း(မီဒီယာ)**

## မသန်စွမ်းသူများ၏ ဘဝမြှင့်တင်နိုင်ရေးအတွက် မုံရွာပရဟိတ မသန်စွမ်းဘက်စုံဖွံ့ဖြိုးရေး သင်တန်းကျောင်း (အောင်ဆုထွန်းတောက်)တွင် အကူအညီများလိုအပ်နေ

**မုံရွာ ဇွန် ၂၀**
မသန်စွမ်းသူများ၏ ဘဝမြှင့်တင်နိုင်ရေးအတွက် ဆရာတော်၏ ဦးဆောင်မှုဖြင့် ပရဟိတမသန်စွမ်းဘက်စုံဖွံ့ဖြိုးရေးကျောင်း (အောင်ဆုထွန်းတောက်)အား စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက စတင်ဖွင့်လှစ်ခဲ့ရာ လတ်တလောကာလတွင် ဘက်စုံအကူအညီများ လိုအပ်လျက်ရှိကြောင်း အဆိုပါကျောင်းမှ တာဝန်ခံကျောင်းအုပ် ဦးသိုက်ထွန်းထံမှ သိရသည်။

"ဒီကျောင်းမှာကတော့ မသန်စွမ်းသူတွေ ဘဝမြှင့်တင်ပေးဖို့အတွက် သင်တန်းတွေလည်း ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါတယ်။ အဲဒီလို ဖွင့်လှစ်သင်ကြားတဲ့နေရာမှာ သင်တန်းခန်းမရယ်လို့လည်း သီးသန့်မရှိသေးပါဘူး။ လက်ရှိဆောက်လုပ်ထားတဲ့ အမျိုးသမီးအိပ်ဆောင်က အခန်းလေးထဲမှာပဲ သူတို့တစ်တွေကို သင်ကြားပေးနေရပါတယ်။ နောက်တစ်ခုက အဲဒီလို အသက်မွေးဝမ်းကျောင်းပညာရပ်တွေ သင်ကြားပေးဖို့အတွက် သင်ထောက်ကူပစ္စည်းတွေ လိုအပ်လျက်ရှိပါတယ်။ ဥပမာ ကွန်ပျူတာအခြေခံသင်တန်းမှာဆိုရင် တစ်ကျောင်းလုံးမှာ ကွန်ပျူတာတစ်လုံးပဲရှိတဲ့အတွက် တချို့သင်ကြားရေးအပိုင်းတွေမှာ အခက်အခဲတွေရှိပါတယ်" ဟု ပြောပြသည်။

မသန်စွမ်းသူများသည်လည်း သန်စွမ်းသူများကဲ့သို့ တန်းတူအခွင့်ရေးရရန်လိုကြောင်းလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

မသန်စွမ်းကျောင်းသားတစ်ဦးဖြစ်သူ မောင်အောင်နိုင်လင်းကလည်း "နေ့စဉ်ဘဝရပ်တည်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်တွေ သင်ကြားဖို့အတွက် ဒီကျောင်းကို ရောက်ရှိနေခြင်း ဖြစ်ပါတယ်။ မသန်စွမ်းသူတွေရဲ့ နေ့စဉ် ဘဝမှာ သန်စွမ်းသူတွေထက် အခက်အခဲတွေရှိပါတယ်။ ဝါသနာပါတဲ့ အသက်မွေးအတတ်ပညာတွေကို သင်ယူရင်း ဘဝတူမသန်စွမ်းတွေကို ကိုယ်တတ်ထားတဲ့ ပညာတွေ ပြန်လည်မျှဝေပေးမယ်လို့ စိတ်ကူးထားတယ်။ ကျွန်တော်တို့မှာ သင်ယူချင်စိတ်တွေ၊ တတ်မြောက်ချင်စိတ်တွေ အများကြီးရှိပါတယ်။ ကျောင်းမှာက နည်းပြအင်အားနှင့် သင်ထောက်ကူပစ္စည်းတွေ အားနည်းနေသလို အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပညာရပ်တွေ လာရောက်ပို့ချပေးမယ့် ပရဟိတနည်းပြတွေလည်း ထပ်မံလိုအပ်နေပါတယ်။ နောက်တစ်ခုက ပြင်ပမှာဖြစ်ပျက်နေတဲ့ သုတ၊ ရသအကြောင်းအရာတွေကို သန်စွမ်းသူတွေနည်းတူ တွေ့မြင်၊ ကြားသိချင်ပါတယ်။ ကျောင်းမှာက စာအုပ်အနည်းငယ်သာရှိပြီး သတင်းအချက်အလက်တွေ အချိန်နဲ့တစ်ပြေးညီ သိဖို့ကြည့်ဖို့နဲ့ ကြားမြင်ဗဟုသုတတွေ တိုးပွားဖို့အတွက် ကျောင်းမှာ TV တို့ Sky Net တို့ တပ်ဆင်ပေးနိုင်ရင် အလွန်ကောင်းမယ်" ဟု ပြောသည်။

သို့ဖြစ်ရာ အဆိုပါ မုံရွာပရဟိတ မသန်စွမ်းဘက်စုံဖွံ့ဖြိုးရေးသင်တန်းကျောင်း (အောင်ဆုထွန်းတောက်) ရှိ မသန်စွမ်းသူများအတွက် အနယ်နယ်အရပ်ရပ်မှ ထောက်ပံ့ကူညီလိုသူများအနေဖြင့် ပရဟိတ မသန်စွမ်းလက်စုံဖွံ့ဖြိုးရေးကျောင်း သီတာအေးလမ်းနှင့် (၁၂)လမ်းကြား လမ်းသွယ် (၁) နှင့် (၂) ကြား ချမ်းမြဝတီရပ်ကွက် မုံရွာမြို့။ ဖုန်း ၀၉-၇၈၅၇၅၃၆၉၆ နှင့် ၀၉-၄၄၀၆၇၇၃၇၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဇွန် ၁၉ ရက် နံနက် ၇ နာရီက ကသာခရိုင် ထီးချိုင့်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာများစုပေါင်း၍ ထီးချိုင့်-ကျောင်းကုန်းလမ်းပိုင်း ခုတင် ၅၀ ဆေးရုံရှေ့တွင် သစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

**ဇွဲမာန်(ထီးချိုင့်)**

## သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆေးခန်း၌ အလှူရှင်များက အာဟာရတိုက်ကျွေး

**ကျွန်းလှ ဇွန် ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသော သက်ကြီးအဘိုးအဘွား စောင့်ရှောက်ရေးဆေးခန်းတွင် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဆေးကုသပေးခြင်းနှင့် အာဟာရတိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

ထိုသက်ကြီးအဘိုးအဘွားများအားတစ်လတွင် ပထမသုံးပတ် တနင်္ဂနွေနေ့တိုင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပြင်ပဆေးခန်းဆရာဝန်များက ဆေးကုသပေးကြကြောင်း၊ နောက်ဆုံးအပတ်တွင် တိုင်းရင်းဆေးဦးစီးဌာနမှကုသပေးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းသက်ကြီး အဘိုးအဘွားစောင့်ရှောက်ရေးဆေးခန်းတွင် ဆေးကုသမှုခံယူကြသည့်သက်ကြီးအဘိုးအဘွား ၄၀ ကျော်တို့ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသန်းလွင်၏ လမ်းညွှန်မှုဖြင့် အလှူရှင်များပူးပေါင်းပြီး အပတ်စဉ် အာဟာရတိုက်ကျွေးကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# လိုင်စင်မဲ့ဆိုင်ကယ်ပြဿနာ

ခဲ ရွှေလင်းပြည့်စုံ

လိုင်စင်မဲ့ဆိုင်ကယ်များ လိုင်စင်ရရှိရေးဆောင်ရွက်လိုပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အချက်ခြောက်ချက်အရ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ့ဂုဏ်သိက္ခာကျဆင်းလာမည့် တရားမဝင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား သတ်မှတ်အခွန်အခများ ပေးဆောင်စေ၍ တရားဝင်လိုင်စင် ကိုးကြိမ်ပြုလုပ်ခဲ့ကြောင်း၊ တရားမဝင်မော်တော်ဆိုင်ကယ်များကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူပေးရန် နိုင်ငံတော်သမ္မတရုံး၏ (၇-၂-၂၀၁၄) ရက်စွဲပါ စာအမှတ် ၁၀၇(၂)/၈/သမ္မတရုံးဖြင့် နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့ပြီးဖြစ်သည်။

ပထမအကြိမ် ဒီမိုကရေစီသက်တမ်းကာလတွင် လိုင်စင်မဲ့ဆိုင်ကယ်များအား One Stop Service စနစ်ဖြင့် ၁၉၉၉ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဇူလိုင်လထိ မှတ်ပုံတင်ကိုးကြိမ် ပြုလုပ်ရာတွင် မော်တော်ဆိုင်ကယ် ၃၂၈၄၉၁၇ စီးပြုလုပ်ပြီး ၂၀၁၆ ခုနှစ် မေ ၃၀ ရက်ထိ တစ်နိုင်ငံလုံးမှတ်ပုံတင်ဆိုင်ကယ် ၄၆၆၇၈၀၁၂ စီးကို တရားဝင်မှတ်ပုံတင်နိုင်ခဲ့ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှသိရသည်။

'ပြောင်းလဲချိန်တန်ပြီ' ဟူ၍ သန်း ၅၀ ကျော်သောပြည်သူတို့က တစ်ခဲနက်ကြွေးကြော်သံနှင့်အတူ ၂၀၁၆ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်လာကြမည့် မြန်မာ့လူမှုရေးမျက်နှာစာတွင် ပြည်သူအားလုံး ပူးပေါင်းပါဝင်သော တရားမဝင်မော်တော်ဆိုင်ကယ်ပြဿနာကို တိတိပပအကောင်အထည်ဖော်ဆောင်ဖို့လိုပါသည်။

လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ လိုင်စင်ချမပေးခြင်းသည် မှန်ကန်သောလုပ်ရပ် ဖြစ်သည်။တရားဝင်လိုင်စင်ရှိသူများက ယာဉ်ကြောပိတ်ဆို့မှုဖြင့် မကြာခဏအခက်အခဲကြုံရသည်။ ယာဉ်မတော်တဆတိုက်မှုတွင် လိုင်စင်မဲ့ဆိုင်ကယ်စီးသူများက စည်းကမ်းမဲ့စီးနင်း၍ တိုက်မှုကများသည်။ ယာဉ်ကြော ယာဉ်စည်းကမ်းကိုမသိဘဲ ငွေနှစ်သိန်းသုံးသိန်းရှိလျှင်ပင် လိုင်စင်မဲ့ဆိုင်ကယ် ပေါချောင်ကောင်းကို ဝယ်စီးပြီး ဆိုင်ကယ်ပေါ် လူရောက်သွားသည်နှင့် သွေးနားထင်ရောက်သွားပြီး မြင်းစိုင်းသကဲ့သို့ မိမိကိုယ်မိမိ တိုက်လေယာဉ်ပျံမောင်းနေသည့်ပမာ ဆိုင်ကယ်လီဗာဆွဲတိုင်းပြေးသည်ဟူပြီး တရကြမ်းမောင်းနှင်ကြသည်။

မြင်းကောင်ရေများစွာရှိသော စွမ်းအားရှိယာဉ်တစ်စီးကို ဖင်ထိုင်၍စီးနေခြင်းအား မသိကျိုးကျွံပြုပြီး ဥပဒေမဲ့စီးနင်းခြင်း၊ ဆိုင်ကယ်အိတ်ဇောဖြုတ်၍ အသံကုန်ထွက်အောင်ဖန်တီးပြီး ပတ်ဝန်းကျင်မှလူသားများကို အသံဖြင့်နှိပ်စက်ခြင်းများ ပြုလုပ်နေကြသည်။

နိုင်ငံကြီးသားမပီသသောလုပ်ရပ်များကို မြို့ပြဝန်းကျင်တွင် အော့နှလုံးနာရအောင် နိစ္စဓူဝ ရင်ဆိုင်ကြုံတွေ့နေရပါသည်။ဆိုင်ကယ်က ဆိုင်ကယ်ချင်းတိုက်မှု၊ ဆိုင်ကယ်က လူကိုတိုက်မှု၊ ကားကိုတိုက်မှုများသာမက တိရစ္ဆာန် ခွေး၊ ဝက်၊ နွားများကိုတိုက်မှုများပါ မှုခင်းစုံဖြင့် ဆိုင်ကယ်စီးနင်းသူများ ကျိုးကြ၊ ကန်းကြ၊ ဒုက္ခိတဖြစ်ကြ၊ မသန်မစွမ်းဖြစ်ကြ၊ သေကြ၊ ကျေကြရသည်မှာလည်း မရေတွက်နိုင်တော့ပါ။

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးဒေသများတွင် လိုင်စင်မဲ့ စည်းကမ်းမဲ့ဆိုင်ကယ်များ ရမ်းကားစွာမောင်းနှင်နေမှုကြောင့် အန္တရာယ်ကြုံတွေ့ရသောသတင်းဖြစ်ရပ်၊ ဆေးရုံရောက်သတင်း၊ အချင်းချင်းညှိနှိုင်းပြီး အလျော်အစားများဖြင့် ကျေအေးလိုက်သောသတင်းမှုခင်းမျိုးစုံကို ကြားသိနေရသည်။ ထို့ပြင် ကျေးရွာများမှ မြို့ပေါ်သို့တက်လာ၍ ဈေးအရောင်းအဝယ်ပြုလုပ်ကြသူများကလည်း ဆိုင်ကယ်နောက်ထိုင်ခုံတွင် ရောင်းချမည့် ပစ္စည်းများထည့်သွင်းရန် ၅ ပေခန့်အရှည်ရှိ ဝါးလုံးကိုတန်းထိုး၍ ဘယ်ညာခြင်းနှစ်လုံးချိတ်၍ ကုန်ပစ္စည်းများထည့်ပြီး ဈေးရောင်းချရန် ကုန်ပစ္စည်းသယ်ပို့နေမှုက လမ်းသွားလမ်းလာများသာမက ယာဉ်အန္တရာယ်ကို ဖိတ်ခေါ်နေကြသည်။ ယင်းဈေးသည်များ လမ်းကျဉ်းတစ်ခု၊ ဈေးလမ်းတစ်ခုတွင်း ဝင်ရောက်မောင်းနှင်သွားပါ တစ်လမ်းလုံးပြည့်သွားပြီး ကျန်ယာဉ်များမဆိုထားဘိ လမ်းသွားလမ်းလာများပင် ယာဉ်တိုက်မှုမဖြစ်အောင် ရှောင်တိမ်းသွားလာကြရသည်။

လမ်းလျှောက်နေသူကို အရက်မူးပြီး ဆိုင်ကယ်မောင်းနှင်သူက ဝင်တိုက်၍ အလျော်အစားပြုလုပ်ကာ ဆေးကုသခံလိုက်ရသောသတင်း၊ အမောင်းရမ်း၍ အရှိန်မထိန်းနိုင်ဘဲ ဓာတ်တိုင်ကိုဝင်တိုက်သောသတင်း၊ ဆိုင်ကယ်စီးကြမ်းပြီး လက်ဖက်ရည်ဆိုင်ဝင်တိုက်သောသတင်း စသည့် စသည့်သတင်းများကို မကြာခဏ ကြားသိနေရသည်။

အကျိုး၊ အကန်း၊ သေကျေဒဏ်ရာရသူတွေ မနည်းတော့။ လိုင်စင်မဲ့ဆိုင်ကယ်ကို စည်းမဲ့ကမ်းမဲ့ ထင်သလိုစီးနင်းမောင်းနှင်နေကြသူတွေကို မိုးလင်းမှမိုးချုပ်သာမက ညဉ့်နက်သန်းခေါင်ချိန်တွေမှာပါ တဝေါဝေါ တပြောပြောစီးနင်းနေကြသူတွေများလှသည်။ လမ်းပေါ်မှ ဆူညံပွက်လောရိုက်နေကြသော ဆိုင်ကယ်သံများကြောင့် အိပ်ရေးပျက်ကြရသူတွေ မနည်းတော့။

လိုင်စင်သက်တမ်းကာလကိုလည်း ကျော်လွန်ခဲ့ပါပြီ။ အရောင်းဆိုင်များမှာလည်း လိုင်စင်မဲ့ဆိုင်ကယ်များ ပြောင်ပြောင်တင်းတင်း ရောင်းချနေကြဆဲပင်။ တရားမဝင်ဆိုင်ကယ်များကို မည်သူကခွင့်ပြုပြီး မည်သူကသယ်ဆောင်၍ မည်သို့မည်ပုံရောင်းချနေကြသနည်းဆိုသည်ကို ဖော်ထုတ်အရေးယူသင့်ပါလျက် မျက်စိမှိတ်၊ ရင်ငုံထားကြသည့်ဖြစ်ရပ်များကိုလည်း ဒီမိုကရေစီလမ်းကြောင်းမှာ မတွေ့ချင်ကြပါ။ ပွင့်လင်းမြင်သာသော အချိန်ကာလအတွင်း ပြည်သူများဘက်မှ စည်းမဲ့ကမ်းမဲ့ဖြစ်နေမှုကို တစ်နိုင်ငံလုံးအတိုင်းအတာအရ ထိန်းကျောင်းကြပ်မတ်သင့်ပါပြီ။

ယာဉ်တိုက်မှုဖြစ်တိုင်း လိုင်စင်မရှိ၊ နံပါတ်မပါသောဆိုင်ကယ်များကသာ အားသာနေသည်။ အတိုက်ခံရသူက ဆိုင်ကယ်နံပါတ်မှတ်ပြီး တိုင်တန်း၍မရ။ ယာဉ်သွားယာဉ်လာရှုပ်ထွေးလွန်းလှသော ကောလင်းစည်ပင်ဈေးပတ်လမ်းတွင်လည်း စည်းကမ်းမဲ့ဆိုင်ကယ်များကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေကြရသည်။ သက်ဆိုင်ရာတာဝန်ရှိ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးများက လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိန်းကျောင်းသင့်ပါသည်။

အများပြည်သူပါဝင်သော စစ်ဆင်ရေးတစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ကြမှ အမြစ်တွယ်နေသော စည်းမဲ့ကမ်းမဲ့မောင်းနှင်မှု၊ လိုင်စင်မဲ့စီးနင်းမှုပြဿနာတို့ကို ဖြေရှင်းနိုင်ပါမည်။

လိုင်စင်မဲ့ဆိုင်ကယ်များကို မြို့ဝင်ဂိတ်များကစိစစ်ပြီး ကြပ်မတ်ဆောင်ရွက်သင့်ပါပြီ။ လိုင်စင်မဲ့ဆိုင်ကယ်များကို ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စေရေးအတွက် ထိရောက်စွာအရေးယူဖို့ ဒေသခံ မြို့မိမြို့ဖများက ဆန္ဒရှိနေကြသည်။

မြို့တွင်သတ်မှတ်ထားသော ယာဉ်ရပ်နားစခန်းများ တိကျစွာမရှိခြင်း၊ မြို့တွင်း ယာဉ်သွားယာဉ်လာ ရှုပ်ထွေးသောနေရာများတွင် ယာဉ်များရပ်နားခြင်း၊ ယာဉ်မရပ်ရဆိုင်းဘုတ်များဖြင့် တားမြစ်မှုမရှိခြင်း၊ စည်ပင်ဈေးဧရိယာတွင် ပျံကျဈေးသည်များဖြင့် ပြည့်နှက်ရှုပ်ထွေးနေခြင်း၊ ဆိုင်ခန်းခင်းကျင်းရောင်းချသူများက စည်ပင်သတ်မှတ်ဧရိယာထက် ပိုမိုခင်းကျင်းနေကြခြင်း၊ စက်ဘီးရပ်နားစခန်းအပ်နှံရာဌာနများက သစ်သီးသည်များ၊ ဈေးသည်များကိုနေရာရောင်းစားကာ အပိုဝင်ငွေရှာနေခြင်း၊ လမ်းမပေါ်ထိတက်၍ ဆိုင်ခန်းများ ခင်းကျင်းရောင်းချနေခြင်းများကို နှစ်ရှည်လများခွင့်ပြုထားသောအခါ ကိုယ်ပိုင်နေရာကဲ့သို့ဖြစ်လာခြင်းများကြောင့် စည်ပင်ဈေးပတ်လမ်း၊ ရွှေမင်းဝံလမ်း၊ ၈ လမ်း၊ ၉ လမ်း၊ ၁၀ လမ်းတစ်လျှောက် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်နေရပါသည်။

အကြောင်းအမျိုးမျိုးဖြင့် ခေတ္တရပ်နားနေသောယာဉ်များကြောင့် လမ်းသွားလမ်းလာများ စိတ်ဒုက္ခကြီးစွာရောက်ကြရသည်။ ခရီးသည်တင်ယာဉ်များကလည်း နံနက်ပိုင်းတွင် စည်းကမ်းမဲ့ပြေးဆွဲနေမှု၊ ညပိုင်းတွင် ကုန်တင်ယာဉ်၊ ခရီးသည်တင်ယာဉ်များ စည်းကမ်းမဲ့မောင်းနှင်ရပ်နားမှုများကြောင့် ကောလင်းဘူတာအနီးတစ်ဝိုက် ခရီးသွားပြည်သူများ သွားလာရေး လွန်စွာဒုက္ခရောက်ကြရသည်။

နေ့စဉ် အခွန်အခပေးဆောင်ပြီး ဈေးရောင်းနေရသောသူများအတွက် အခွန်အခပေးဆောင်နေရသော်လည်း လမ်းပိတ်ဆို့ထားမှုကြောင့် ဈေးရောင်းဈေးဝယ်ပျက်ရခြင်း၊ ဈေးဝယ်လာကြသူများ၏ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များ အချင်းချင်းချိတ်မိ၊ ပွတ်တိုက်မိခြင်းများ မကြာခဏဖြစ်ကြရသည်။

ပွင့်လင်းသောနွေရာသီတွင် မီးဘေးအန္တရာယ်အတွက် စိုးရိမ်နေကြရစဉ် မြို့၏ကျက်သရေဆောင် စည်ပင်ဈေးသည် စည်းကမ်းပြည့်ဝစွာဖြင့် ရပ်တည်ရမည့်အစား စည်းမဲ့ကမ်းမဲ့ဖြင့် တရားမဝင်ဆိုင်ကယ်များ၏ဒဏ်ကို နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရပါသဖြင့် တားမြစ်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## လူထုဗဟိုပြုစီမံကိန်းမှထောက်ပံ့ငွေဖြင့်ဆောက်လုပ်သော ကျောက်ရိုးစီသံပေါင်သစ်သားတံတားဖွင့်

**ပင်လည်ဘူး ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စင်လောင်ကျေးရွာအုပ်စု မူလဲကျေးရွာ၊ ပန်ခူးချောင်း ကျောက်ကြီးစီ သံပေါင်သစ်သားတံတားဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၇ နာရီတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း မြို့နယ်စီမံကိန်းတာဝန်ခံ ဦးပြည်စိုးဝင်းကျော်တို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်ရိုးစီ သံပေါင်သစ်သားတံတားကို လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေကျပ် ၁၀၇၉၉၅၀၀ နှင့် ကျေးရွာမှထည့်ဝင်ငွေကျပ် ၂၅၁၇၅၈၀ စုစုပေါင်းကျပ် ၁၃၂၀၅၇၈၀ ကုန်ကျဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ကျောက်ကြီးစီတံတားကို ရွာလေးရွာမှ ပြည်သူများ လွယ်ကူစွာဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး-ပြန်/ဆက်)**

## ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်နှင့် အသိပညာပေးဟောပြောပွဲကျင်းပ

**ဝါးခယ်မ ဇွန် ၂၀**

ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်နှင့် အသိပညာပေးဟောပြောပွဲအား ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် လမ်းသမိုင်ကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တွင် ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာဟောပြောပွဲတွင် မြောင်းမြမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်သန်းထွန်းက ကျောင်းသား၊ ကျောင်းသူများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်တော၊ သစ်ပင်အကြောင်း သိကောင်းစရာများ ဟောပြောပေးကာ ဉာဏ်စမ်းမေးခွန်းများ အမေးအဖြေပြုလုပ်ပြီး ဆုရရှိသူများကို ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မြောင်းမြမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချစ်သန်းထွန်းနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကျွန်းပင် ၂၀၊ မဟော်ဂနီပင် ၁၀၀၊ ယူကလစ်ပင် ၁၀၀ စုစုပေါင်းသစ်ပင်မျိုးစုံ ၂၂၀ ကို ကျောင်းအဝင်လမ်း ဝဲ/ယာနှင့် ကျောင်းဝင်းအတွင်း စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**လွမ်းသီဟ(ဝါးခယ်မ)**

## ရက် ၁၀၀ စီမံချက်ဖြင့် မြို့ရှောင်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**ရေတာရှည် ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင် ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းဖြစ်သည့် ရေတာရှည်-မျက်နှာပြင်လမ်း ဆက်သွယ်ထားသည့် မြို့ရှောင်လမ်းပိုင်းတွင် ကျောက်ခင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက် နံနက်ပိုင်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်အေးတို့က လုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံရှေ့အားကစားလေ့ကျင့်ရေးပစ္စည်းများ ကျိုးပဲ့ပျက်စီး

**နတ်မောက် ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံရှေ့တွင် အများပြည်သူများ ကိုယ်ကာယလေ့ကျင့်ခန်းများပြုလုပ်ခြင်းနှင့် နံနက်စောစောလမ်းလျှောက်သူများ ကိုယ်ကာယလေ့ကျင့်ခန်းများပြုလုပ်နိုင်စေရန်ရည်ရွယ်၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ တပ်ဆင်ပေးထားသော ကိုယ်ကာယလေ့ကျင့်ရေးပစ္စည်းများသည် စည်းကမ်းမဲ့မှုကြောင့် ပျက်စီးခဲ့သည်။

အဆိုပါ ခြေလွှဲ၊ ခါးလှည့်၊ လက်လှည့်နှင့် ခြေသလုံးလှိမ့်များ တပ်ဆင်ပေးခဲ့ရာ အများပြည်သူများ ကိုယ်လက်ကျန်းမာရေးအနေဖြင့် နွေ၊ မိုး၊ ဆောင်း ရာသီဥတုမရွေး အသုံးပြုစေရန်ဖြစ်ပြီး ခါးလှည့်၊ ခြေလွှဲပစ္စည်းများ ပျက်စီးနေခြင်းကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ပြန်လည်ပြုပြင်ပေးစေလိုကြောင်း ဒေသခံများက ပြောသည်။

**လှဝင်း(နတ်မောက်)**

# ရေးကွမ်းသီးများ ယခင်နှစ်ကာလတူထက် စျေးနှုန်းပိုမိုကျဆင်း

**ရေး ဇွန် ၂၀**

မွန်ပြည်နယ် ရေးမြို့နယ်၏အဓိကဒေသထွက်ကုန် စိုက်ပျိုးရေးစီးပွားဖြစ်သော ရေးကွမ်းသီးများမှာ နိုင်ငံတော်အစိုးရ၏ ကွမ်းစားသုံးခြင်းကျဆင်းလာရန် လမ်းညွှန်ပေးလိုက်သည့်အပေါ်တွင် ရေးကွမ်းသီးများ ယခင်နှစ်ကာလတူထက် စျေးနှုန်းများကျဆင်းနေကြောင်း ရေးကွမ်းသီးရောင်းဝယ်ရေးလုပ်ကိုင်နေသူများထံမှ သိရသည်။

"စျေးကွက်မှာ နှစ်စဉ်နှစ်တိုင်း ကျောင်းဖွင့်ရာသီအချိန်မှာ စျေးနှုန်းက ပုံမှန်ကျဆင်းနေပေမယ့် ဒီနှစ်ထူးခြားတာက ကွမ်းစားသုံးမှုနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်အတွက်ရော၊ ကျန်းမာရေးအတွက်ကြောင့်ပါ နိုင်ငံတော်ကလမ်းညွှန်ထားတဲ့အတွက်ကြောင့် ကွမ်းသီးစျေးကွက် ပိုမိုကျဆင်းနေတာဖြစ်နိုင်တယ်"ဟု ရေးကွမ်းသီးအရောင်းအဝယ်လုပ်ကိုင်နေသူ ဦးဝင်းအောင်က ပြောသည်။

သကြံန်လွန်ကာလက ကွမ်းသီးစျေးကွက်မှာ တစ်ပိဿာလျှင် ကျပ် ၄၇၀၀ အထိရရှိကြပြီး ယနေ့လက်ရှိပေါက်စျေးတစ်ပိဿာလျှင် ကျပ် ၄၃၀၀ အထိကျဆင်းလာကာ ကွမ်းသီးကုန်သည်များကလည်း အစိုးရထုတ်ပြန်ထားသည့်အတွက်ကြောင့် ဝယ်လိုအားလည်း ကျဆင်းလာသည့်အပြင် နယ်စပ်ဂိတ်ကိုတင်ပို့ရာတွင်လည်း လမ်းခရီးတွင် မြစ်ရေကြီးခြင်း၊ တံတားပျက်စီးခြင်းကြောင့် အိန္ဒိယနိုင်ငံက ကုန်သည်တွေကပါ အဝယ်နည်းပါးကျဆင်းလာနေကြောင်း ဦးဝင်းအောင်က ဆက်လက်ပြောသည်

ကွမ်းသီးရာသီတစ်နှစ်ပတ်လုံးတွင် ဝယ်လိုအားနှင့် ကွမ်းသီးဝင်ရောက်မှုပေါ်မူတည်ပြီး စျေးနှုန်းနဲ့နှင့်အရောင်းအဝယ်က အချိန်နှင့်အမျှပြောင်းလဲလျက်ရှိကြောင်း သိရသည်။ **ထွဋ်ထွဋ်(ရေး)**



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်ဘုတလင်မြို့နယ်ရှိ အများပြည်သူအသုံးပြုနေသော ကန်မကြီးသန့်ရှင်းသာယာလှပရေးအတွက်ဇွန် ၁၈ ရက် နံနက် ၇ နာရီက ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်သူရပ်ကွက်သားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

သတင်းနှင့်ဓာတ်ပုံ- ခက်နှင်းယု(ဘုတလင်)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး လုပ်ငန်းဆောင်ရွက်

**ဘီးလင်း ဇွန် ၂၀**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ခရိုင်ရုံး(သထုံ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှကြူနှင့်ဝန်ထမ်းများသည် ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဇွန် ၁၈ ရက် နံနက် ၉ နာရီက ဘီးလင်းမြို့နယ် အောင်ဇေယျခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(သထုံ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှကြူက ဟောပြောပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားပြီး ဘီးလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဘီးလင်းမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုတပ်စိတ်(၂)မှ ဒုရဲအုပ် ထွန်းထွန်းဝင်းက ယာဉ်မောင်းနှင်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို နားလည်သိရှိထားရန်လိုအပ်ကြောင်း၊ ယာဉ်မောင်းသူများ ရှောင်ကြဉ်ရမည့်အချက်များ၊ လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်မောင်းစစ်ဆေးရေးမှူး ဦးမြင့်ခိုင်က ယာဉ်မောင်းသူများ သိရှိထားရမည့် (Road Sign) များအကြောင်းကို Power Point ဖြင့် ရှင်းလင်းပြသကာ တက်ရောက်လာကြသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေးမျိုးမျိုးစံ(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ဝါးခယ်မ ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မိမိတို့မြို့နယ်ရှိ ဒေသခံပြည်သူများကို မူးယစ်ဆေးဝါးအန္တရာယ် တာဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြစ်သည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ အခမဲ့ထုတ်ဝေသော ၂၀၁၆ ခုနှစ် ဇွန် ၂၆ ရက် အတွဲ (၁)၊ အမှတ် (၁) သတင်းစကား လက်ကမ်းစာစောင်အား ဖြန့်ဝေမှုကိုဇွန် ၁၇ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်ဖြန့်ဝေမှုကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် ဝန်ထမ်းများက ပြည်သူများ၊ ဌာနဆိုင်ရာများ၊ သံကြိုးတိုင်ရပ်ကွက်ရှိ ဆိုက်ကားဂိတ်၊ ဆိုင်ကယ်ဂိတ်၊ စျေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်၊ ဆိုင်ကယ်ပြင်ဆိုင်နှင့် ခရီးသွားပြည်သူများအား လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ဇန်းမော် ဇွန် ၂၀**

ကျောင်းသား၊ ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ကချင်ပြည်နယ် ဇန်းမော်ခရိုင် ဇန်းမော်မြို့ အမှတ်(၄)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဇွန် ၁၇ ရက်တွင် ဇန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နံရံကပ်ဓာတ်ပုံ၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ထွန်းက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိကောင်းစရာများဟောပြောပြီး ပြန်/ဆက်ဝန်ထမ်းများက လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

အခမ်းအနားအပြီးတွင် ခင်းကျင်းပြသထားသော နံရံကပ်ဓာတ်ပုံ၊ စာအုပ်စာစောင်များကို ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုခဲ့ကြသည်။

**ခရိုင်ပြန်/ဆက်**

## နွားထိုးကြီး–တောင်သာလမ်း ပြုပြင်ပေးရန် ဒေသခံများလိုလား

**နွားထိုးကြီး ဇွန် ၂၀**

နွားထိုးကြီး-တောင်သာ ကျောက်ချောလမ်းမှာ ရေတိုက်စား၍ လမ်းများပျက်စီးနေမှုကို ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက အချိန်မီမပြင်ဆင်နိုင်၍ တောင်သာ-နွားထိုးကြီး-မန္တလေးကားများ မသွားနိုင်ဘဲဖြစ်နေသည်။

တောင်သာမှမန္တလေးသို့ ဖြတ်လမ်းအဖြစ် နွားထိုးကြီးမှသွားနေရာ တောင်သာ-မန္တလေး ၁၃၅ မိုင်မှာ မိုင် ၁၀၀ ဖြင့် ခရီးတို လမ်းတို သွားနိုင်သောနွားထိုးကြီး ဖြတ်လမ်းဖြစ်သည်။ တောင်သာ- နွားထိုးကြီး ၁၉ မိုင် ရှိသော်လည်း အင်ချောင်းရွာချောင်းနှင့် လမ်းအချို့မှာ မိုးရွာ၍ ပျက်စီးနေရာ ကားများမသွားနိုင်ဘဲ ရပ်ထားရကြောင်း တောင်သာမန်းကားအသင်းမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

တောင်သာ-နွားထိုးကြီးလမ်း အမြန်ပြုပြင်ပေးရန် ဒေသခံပြည်သူများက လိုလားနေပြီး မန္တလေးတိုင်းလွှတ်တော်တွင်လည်း နွားထိုးကြီး-တောင်သာလမ်းအတွက် တင်ပြတောင်းခံမှုထားကြောင်း သိရသည်။ **ခင်ဇာမွန်မြင့်**

## နွေစပါးစံကွက်ရိတ်သိမ်းပွဲပြုလုပ်ရာ တစ်ဧက ၁၁၈ တင်းထွက်



**တာချီလိတ် ဇွန် ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါးစိုက်ပျိုးမှု ၄၆၆ ဧကရှိခဲ့ပြီး ဆင်းဧကရီ(၃)၊ ပုလဲသွယ်နှင့် ရွှေရင်အေးစပါးမျိုးများအား မိုင်းကိုးကျေးရွာအုပ်စု၊ ဖန်မင်ကျေးရွာအုပ်စု၊ ဝမ်လုံးကျေးရွာအုပ်စုတို့တွင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ယင်းသို့စိုက်ပျိုးရာတွင် မိုးရာသီ၌သာ စိုက်ပျိုးလေ့ရှိသည့် ဆန်မွှေး(ထိုင်း)စပါးမျိုးအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ခရိုင်မျိုးစေ့ဌာနခွဲတို့ပူးပေါင်း စမ်းသပ်စိုက်ပျိုးခဲ့သည့် ဆန်မွှေး(ထိုင်း) စပါးမျိုး နွေစပါးရိတ်သိမ်းပွဲကို ဇွန် ၁၈ ရက် နံနက် ၈ နာရီက ဝမ်လုံးကျေးရွာအုပ်စု၊ လွန်းကျိုင်းကျေးရွာကွင်း (ကွင်းပြင်)ရှိ တောင်သူ ဦးကျလော၏လယ်မြေ၌ပြုလုပ်ရာ စပါး ၁၁၈ တင်း ထွက်ရှိခဲ့သည်။

နွေစပါးစံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်က သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးအေးကိုက မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း အကျိုးကျေးဇူးကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်မြဉမ္မာက အီးအမ်ဘိုကာရှိ မြေဆွေးပုံပြုလုပ်သုံးစွဲပုံအဆင့်ဆင့်နှင့် အကျိုးကျေးဇူးများကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးပြီး မြန်မာ၊ အာခါ၊ လားဟူဘာသာများဖြင့် ပြုစုထားသည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မတ္တရာမြို့၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုး

**မတ္တရာ ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁) နှစ်ပြည့်မွေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ ရက် နံနက် ၇ နာရီခွဲက မတ္တရာမြို့ ဗိုလ်တေဇပန်းခြံ၌ ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် အသောက ၁၀ ပင်၊ မဟော်ဂနီ ၁၀ ပင်၊ ခရေ ၁၀ ပင်၊ ရေတမာ ၁၁ ပင်၊ မယ်ဇယ် ၁၅ ပင်နှင့် ပိတောက် ၁၅ ပင် စုစုပေါင်း ၇၁ ပင်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးမောင်မောင်အေးနှင့် ဦးမင်းမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းဗိုလ်၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းကျော်၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ပညာရေး၊ ဥပဒေရုံးများမှ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်းအင်အား ၁၇၆ ဦးတို့မှ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ဆက်လက်၍ သစ်ပင်စိုက်ပျိုးပွဲကို အ. ထ. က(၁)တွင် ကျင်းပရာ အဆိုပါ သစ်ပင်စိုက်အဖွဲ့သည် အဝါရောင်လမ်းကလေး ပရဟိတအဖွဲ့နှင့်အတူ ကျွန်းပင်၊ လျှော်ဖြူပင်၊ ဆူးဖြူပင်၊ မယ်ဇယ်ပင်၊ ခရေပင်၊ ရေတမာပင်နှင့် ပိတောက်ပင်စသည့်အပင် ၁၀၀ကို အ. ထ. က(၁) ကျောင်းဝင်းအတွင်း ခြံစည်းရိုးတစ်လျှောက်တွင် စိုက်ပျိုးခဲ့ကြသည်။ **စိုးကျော်သူထွေး(မတ္တရာ)**



## အမှူထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေးပြုလုပ်

**ကျိုက်ထို ဇွန် ၂၀**

ကျိုက်ထိုမြို့နယ်အမှုထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိဒေါ်ဝေဝေလွင်က ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အမှုဆောင်အစီရင်ခံစာ၊ အသင်း၏ အရှုံးအမြတ်စာရင်းများကို အသင်းအမှုဆောင်များကဖတ်ကြား၍ သဘာပတိမှ အတည်ပြုချက်ရယူခဲ့သည်။

ဆက်လက်၍ အသင်းတွင်ငွေအများဆုံးစုနိုင်သော အသင်းသားများကို ဆုများချီးမြှင့်ပေးပြီး တက်ရောက်လာသောအသင်းသား ၁၈၂ဦးအားလက်ဆောင်ထီးတစ်လက်စီပေးအပ်ခဲ့သည်။ **ဝင်းမောင်(ကျိုက်ထို)**

ကိုသန့်ဇင်
CAR RENTAL
ကားမှန်စုံ ခရီးစဉ်အချိန်ပိုင်းငှားသည်၊
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာသင်တန်းများအတွက် ကျောင်းအပ်လက်ခံပြီ။
City and Guilds Level 2/3/4/5 Engineering Diploma
City & Guilds
- Civil Engineering
- Electrical & Electronic Engineering
- Mechanical Engineering
- IT Diploma (Software and System Support)
- Air-Con Diploma and Adv; Diploma
- Electrical Installation
- Plumbing

June Intake
20% Discount



MYANMAR TECH INSTITUTE ၏အားသာချက်-
- စာတွေ့လက်တွေ့စုံလင်စွာဖြင့် ဝါရင့်ဆရာ/မများကိုယ်တိုင်သင်ကြားပေးခြင်း။
- အင်္ဂလိပ်ဘာသာစကားကို တစ်နှစ်ပတ်လုံး အခမဲ့သင်ကြားပေးခြင်း။
- နယ်ကျောင်းသားများအတွက် အဆောင်စီစဉ်ပေးခြင်း။
- AGTI, B.Tech, B.E အောင်မြင်ထားသူများ Level 5 သို့တိုက်ရိုက် တက်ရောက်နိုင်ပါသည်။
- သင်တန်းသားများ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် လက်တွေ့သင်တန်းများကို စနစ်တကျ သင်ကြားပေးခြင်း။

Centre 1 အမှတ်(၁၁)အောင်မြေသာစည်လမ်း၊ ဆင်ရေတွင်းမှတ်တိုင်၊ ကမာရွတ်၊ ဖုန်း - ၀၁ ၅၂၃၅၅၉၊ ၀၉ ၄၅၀၀၅၀၄၅၀၆၊ ၀၉ ၄၃၀၀၃၄၈၀
Centre 2 အမှတ်(၁၉၂)ခ၊ မွေသုခကျောင်းလမ်းနှင့်ရန်ကုန်-အင်းစိန်လမ်းဆောင့်၊ သံလမ်းမှတ်တိုင်အနီး၊ လှိုင်၊ ဖုန်း - ၀၉ ၄၉၃၅၁၅၄၅

မြန်မာ့လက်ဖက်ရည်ရသာစစ်
Royal Myanmar Teamix




မြန်မာတို့ရဲ့ဧည့်ဝတ်ကျေပွန်မှုအတွက်
ဂုဏ်ယူစရာ ရှိုင်ရယ်မြန်မာ...
www.facebook.com/RoyalMyanmarTea



Air Mandalay

အဲမန္တလေး လေကြောင်းလိုင်းမှ အောက်ပါ ခရီးစဉ်များကို စတင်ပြေးဆွဲနေပါပြီ၊


| | | | |
|---|---|---|---|
| ရန်ကုန် | – | မြစ်ကြီးနား | (နေ့စဉ်) နံနက် ၇ နာရီ ၃၀ မိနစ် |
| ရန်ကုန် | – | စစ်တွေ | (နေ့စဉ်) နံနက် ၁၁ နာရီ ၃၅ မိနစ် |
| ရန်ကုန် | – | တာချီလိတ် | မွန်းလွဲ ၂ နာရီ ၃၀ မိနစ် |
| | | | (အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ) |



✓ လက်မှတ်များကို နီးစပ်ရာ လက်မှတ်အရောင်းကိုယ်စားလှယ်များထံတွင် စတင်ဝယ်ယူနိုင်ပါပြီ။
✓ online မှလည်းတိုက်ရိုက်ဝယ်ယူနိုင်ပြီ။

Contact Us :
Tel : +95 1 501 520, 525 488
Email : info@airmandalay.com
f : http//facebook/airmandalay
We accept
VISA MPU
www.airmandalay.com

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING










TPW
No. (31), Room (5), 7 Miles,
Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇ မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

ကြော်ငြာ

## ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ အ-ထ-က(၁)ဒဂုံမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဘာသာစုံဂုဏ်ထူးရှင် မစောယုနန္ဒာစီစဉ်သည်...

၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ ဘဝတစ်သက်တာတွင် အမှတ်တရဂုဏ်ယူနိုင်ရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ဂုဏ်ထူးမှတ်တမ်းစာအုပ်ကို မကြာခင် ထုတ်ဝေဖြန့်ချိပါတော့မည်။ (၁)ဘာသာမှ ဘာသာစုံထိ ဂုဏ်ထူးထွက်ရှိသူ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးဂုဏ်ထူးမှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်နိုင်ရန်အတွက် အမည်၊ မိဘအမည်၊ မွေးသက္ကရာဇ်၊ ခုံအမှတ်၊ ကျောင်းအမည်၊ ဂုဏ်ထူးရဘာသာ၊ ဓာတ်ပုံ(Passport Size) (၃)ပုံတို့အား ၁၀-၇-၂၀၁၆ရက် နောက်ဆုံးထား၍ "ပေါက်စံတည်" စာပေတိုက်သို့ ဆက်သွယ်ပေးပို့ပါရန် မေတ္တာရပ်ခံပါသည်။ စာပေတိုက်သို့ ဆက်သွယ်ပေးပို့ခြင်းမရှိသော ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ များအား ဓာတ်ပုံနှင့်တကွ ဖော်ပြခြင်းရှိနိုင်မည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန် - ပေါက်စံတည် စာပေတိုက်**

**အမှတ် (၃၁)၊ 1(A)၊ မြေညီထပ်၊ ရတနာပုံလမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၈၇၃၆၃၅၀၅၊ ၀၉-၄၅၀၇၁၀၂၄၃**

ဂယာရွှေတိုး
ဗုဒ္ဓဂယာ-သီရိလင်္ကာဘုရားဖူးအဖွဲ့
သီရိလင်္ကာ (ဗုဒ္ဓမြတ်စွယ်တော်လှည့်ပွဲ)
(၁၆-၀၈-၂၀၁၆) မှ (၂၁-၀၈-၂၀၁၆) ထိ
(၅)ညအိပ် (၆)ရက်ခရီးစဉ် ဟိုတယ် (အိပ် + စား) စရိတ်ငြိမ်း
ဒေါ်ဝင်းဝင်း ကိုယ်တိုင် လိုက်ပါပို့ဆောင်ပေးပါမည်။
ရန်ကုန်ရုံးချုပ်-၀၁ ၂၂၁၅၈၆၊ ၀၉ ၇၈၃၇၇၇၁၇၀၊ ၀၉ ၇၉၄၄၃၂၈၂၅
မန္တလေးရုံးခွဲ -၀၉ ၄၀၂၅၇၂၀၄၈၊ ၀၉ ၃၃၂၈၄၈၄၈

သတင်းစကားမှ အလှူရှင်များ
ပိဋကတ်ဆရာတော်ကြီးများအား
Ph:09 450024419
09 790629747

ဗျာဒိတ်သာ ထူးထူးခြားခြားဒါနခရီးစဉ်များ
Ph:09425334456,0949323965,0949578205

KING STAR ဖုန်း- 09 73049700, 09 73047572
ကွန်ပျူတာအတတ်သင် 30000Ks
Internet-10000Ks
i-Office 2010
D.T.P
Graphic Design
A+ Hardware
အခန်းသိုင်းပေးပါသည်။

မြန်မာကော်တွန်-ကူရှင်
* ခန်းဆီးလိုက်ကာပိတ် နှင့် Blinds မျိုးစုံချုပ်လုပ်ခြင်း။
* လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
* Sofa, Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
* မွေ့ရာ အမျိုးမျိုးရောင်းချခြင်းနှင့်ပြုပြင်ခြင်း
* ခန်းဆီးလိုက်ကာ ပိတ်စများကို လက်လီ/လက်ကား ရရှိနိုင်ပါသည်။
အမှတ်-(၁၂၀)၊ မဟာဗန္ဓုလလမ်းနှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph : 291317/202921/09-8627489

လုံးချင်းနှစ်ထပ်တိုက်ငှားမည်
တာမွေ (၁၆၄)လမ်း၊ (၅)လမ်းဆုံအနီး၊ ရန်ကုန်မြို့ မြေညီတွင် ဧည့်ခန်း၊ အိပ်ခန်း၊ အပေါ်ထပ် အိပ်ခန်းပါ ပေ(၄၅×၉၀)၊ ခြံအတွင်း ကား ၂စီးထားနိုင်ပါသည်။
ဖုန်း-၀၉-၂၅၄၀၇၀၆၃၅၊ ၀၉-၄၂၅၀၀၃၆၉၁၊ ၀၉-၇၈၆၆၇၁၈၁၄

MCC Institute
B.Sc (Hons) Business IT (ကွန်ပျူတာသိပ္ပံဘွဲ့)
University of Greenwich (UK)

School of Computing
♦ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကလိုအပ်သော ICT ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် (Myanmar ICT Talent Development Program) ကို MCC နှင့် နိုင်ငံတကာပညာရှင်များပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။
♦ မြန်မာနိုင်ငံ၏ နည်းပညာတက္ကသိုလ်အကြီးဆုံး ICT နည်းပညာများ သင်ကြားပေးနေသော MCC Institute ၏ B.Sc (Hons) Business IT (ကွန်ပျူတာသိပ္ပံဘွဲ့) ကိုတက်ရောက်သင်ကြားအောင်မြင်ပြီးသူများသည် ပြည်တွင်း၊ ပြည်ပကုမ္ပဏီကြီးများတွင် နာမည်ကောင်းဖြင့် အလုပ်အကိုင်ကောင်းများ ရလျက်ရှိနေကြပါသည်။
Enroll Now www.facebook.com/mcc.institute
Yangon Campus Ph - 01-245762, 249152, 395512, 01-246634
Mandalay Campus Ph - 09-402671562, 011-202113, 02-77930, 09-91034062
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-43104966
ဖွင့်ရက်(ဇွန်လ- ၂၇ရက်)
Hot-Line : 01-246634, 01-2304156 (အနယ်နယ်အရပ်ရပ်မှ ကျောင်းသားကျောင်းသူများတက်ရောက်နိုင်ရန် Hostel များစီစဉ်ထားပါသည်။)

CROWN EDUCATION
Award Winning Company
မြန်မာ(၁၀)တန်းအောင်၊ iGCSE ပြီးထားသူများ၊ နိုင်ငံတကာကျောင်းများမှ ကျောင်းသားကျောင်းသူနှင့် မိဘများအတွက်
"တက္ကသိုလ်ပညာရေးလမ်းကြောင်းကို မှန်ကန်စွာရွေးချယ်ခြင်းနည်းလမ်းများ" အကြောင်းဆွေးနွေးပွဲ...
• စင်ကာပူအစိုးရတက္ကသိုလ် (NUS - NTU - SMU) နှင့် ဗိုလ်လိဝင်ခွင့်သိမှတ်ဖွယ်ရာများ
• နိုင်ငံတကာတွင် ဆေးတက္ကသိုလ်တက်လိုသူများ သိထားသင့်သည့်အချက်များ
• ပြည်တွင်းအစိုးရတက္ကသိုလ်တွေကို တက်မယ်ဆို ဘာသာရပ် အရွေးမမှားရအောင် ဘယ်လိုရွေးမလဲ
• ပြည်ပမှာကျောင်းတက်ဖို့ iGCSE,GCE 'A', SAT, ACT တွေကို ဘယ်အချိန်မှာပြင်ဆင်သင့်သလဲ
• ပြည်တွင်းကုန်ကျစရိတ်အတိုင်း ပြည်ပမှာ သင်ယူနိုင်မည့် ကျောင်းနှင့် နိုင်ငံများအကြောင်း
• နိုင်ငံတကာပညာရေးနှင့် ပြည်တွင်းပညာရေး သင်ယူသင်ကြားမှုဆိုင်ရာ ကွဲပြားခြားနားချက်များ
• နိုင်ငံတကာပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ လျှောက်ထားခြင်းအတွက် ပြင်ဆင်သင့်သည့်အချက်များ

FREE SEMINAR အတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ
23th June
10:00 am - 12:00 noon
NOVOTEL HOTEL
(Eureka Room)
ACT
ဆွေးနွေးမည့်သူ - ဦးအောင်ကျော်ဆန်း (Educational Consultant)
British Council Education UK Agents Certificate Distinction
Call Us : 01 527 838, 09 730 40 688, 09 732 732 77

MONSOON PROMOTION 1st May to 30th Jun
အသုံးပြုနိုင်သည့် နည်းလမ်းများ - Hire Purchase • Rental • Lease • Trade-in
KONICA MINOLTA
Authorized Business Partner
GANDAMAR
Business Solutions

Best Seller
bizhub 164
B/W A3
Multifuntion Copier
3 Year Unlimited Onsite Service
~~USD-710~~ USD-667
FREE
MONO LASER PRINTER (1500W)

Best Seller
bizhub C221
Color A3
Multifuntion Copier
3 Year Unlimited Onsite Service
USD 184 / mth
OR
~~USD-2,750~~ USD-2,650

FREE
Page Pro 5650DN
HI-SPEED
MONO LASER
PRINTER
09-253547980, 09-253547981, 01-383932, 01-383934

Don't Worry,Just Speak!

# NELC

* တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ အတွက်

**Communicative English Classes**

- Intro
- Level -1,2,3
- Listening /Speaking -1 & 2
- Grammar
- IELTS Foundation

Enroll Now!

စသည့် English Language အတန်းများကို
NELC တွင်တက်ရောက်နိုင်ပါသည်။




မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572

# မေသူမောင် Travels & Tours

သီရိလင်္ကာ(ဗုဒ္ဓမြတ်စွယ်တော်)လှည့်လည်ပွဲသွားရောက်ဖူးမြော်ကြရအောင်။

**သီရိလင်္ကာ + ဗန်ကောက် ခရီးစဉ်**

( 3.8.2016 မှ 10.8.2016)- Hotel ( ၆ )ညအိပ်
(11.8.2016 မှ 17.8.2016)- Hotel ( ၅ )ညအိပ်

ဆက်သွယ်ရန် - ၀၁ ၂၃၀၅၉၂၈ - ၀၉ ၇၉၆၂၆၆၉၅၅
၀၉ ၄၄၄၀၃၀၂၇၀-၀၉ ၇၉၈၇၂၉၀၅၄

# KMD Institute

LCCI

ဆရာဦးသန့်ဇော်ဦး ကိုယ်တိုင်သင်ကြားသော
LCCI Level I, II, III (စာရင်းကိုင်သင်တန်းများ)

- Level 1 & 2 Book Keeping and accounts Course ကိုသင်ကြားပေးပါမည်။
- မေးခွန်းဟောင်းများကို အခမဲ့ ပြန်လှန်သင်ကြားပေးပြီး Exam အောင်မြင်သည်အထိ တန်းခွဲသစ်များသို့ ပြန်လည်တက်ရောက်သင်ကြားခွင့်ပေးပါမည်။
- Level 3 သင်တန်းပြီးဆုံးပါက KMD တွင် On Job Training ဆင်းနိုင်ပြီး၊ အလုပ်သင် စာရင်းကိုင်အဖြစ် အရည်အချင်းပြည့်မီပါက လုပ်ငန်းခွင်ဝင်နိုင်အောင် လုပ်ဆောင်ပေးပါမည်။

**LCCI - I, II**
Dec Exam Series

ISO

မြေနီကုန်းစင်တာ - LCCI(I,II) 25-JUNE-2016 (7:30AM-10:30AM) (SAT-SUN)
LCCI(III) 25-JUNE-2016 (10:30AM-5:30PM) (SAT-SUN)
၃၃၁၊ပြည်လမ်း၊မဟာမြိုင်ကားမှတ်တိုင်အနီး၊ စမ်းချောင်းမြို့နယ်။ ☎ ၅၂၇၄၃၆၊ ၅၀၂၂၃၃

လှည်းတန်း - LCCI(I,II) 8-JULY-2016 (7:30AM-10:30AM) (THU,FRI)
အမှတ်(၁၅/ခ)၊ စတုတ္ထထပ်၊ ဦးထွန်းလင်းခြံလမ်း၊ ကမာရွတ်။ ☎ ၅၀၂၂၁၀၊ ၅၂၄၄၀၀

# YCTC


Business Institute

Earn A World Recognised

**MBA**

From One of Malaysia's Top University in Myanmar

Management & Science University (MSU) Malaysia
မှတိုက်ရိုက်ပေးအပ်မည့် Program ဖြစ်ပါသည်။



Specialisation in
- Global Marketing
- Organisational Leadership
- Health Care Management

Duration : 18 Months( Weekend Classes Only)

- August Intake
- Enroll Before 15th July to join study Tour to MSU Malaysia
- Flexible Installments

Coventry University (UK) မှ Dual MBA ရယူနိုင်ပါသည်။

အမှတ်(၂၄)၊ ယောမင်းကြီးလမ်း၊ (Park Royal Hotel)အနီး။
Tel : (09) 420 163 316, (09) 254 269 644, www.yctcinstitute.com

# EVER UP HUMAN RESOURCES INSTITUTE
## IQN-Diploma (UK) - 4 Months

EVER UP
Human Resources Institute

IQN International Qualifications Network
REGISTER TRAINING CENTRE

မိမိဘဝတိုးတက်အောင်မြင်ရန်ကြိုးစားနေကြပြီး အချိန်ရှားပါးသော အရာရှိများ၊ မန်နေဂျာများ၊ လုပ်ငန်းရှင်များနှင့် ရာထူးတစ်ခုဖြင့် အလုပ်လုပ်လိုသူများအတွက် အခက်အခဲအနည်းဆုံးဖြင့် ဘာသာရပ်တစ်ခုတည်းကို အချိန်အနည်းငယ်ပေးတက်ရောက်ဖြေဆိုရုံမျှဖြင့် ကုန်ကျစရိတ်အသင့်အတင့်သာရှိသော UK အစိုးရအသိအမှတ်ပြု SCQF အရည်အသွေးအာမခံချက်ရရှိထားသော IQN - Diploma (UK) ကို EVER UP HR Institue တွင်ရယူနိုင်ပါပြီ။
IQN - Diploma သည် (IQN - UK) နှင့် Edinburgh Napier University (UK) တို့မှ အသိအမှတ်ပြုချီးမြှင့်သည့် Diploma ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ အတွင်းရှိ UK ဒီပလိုမာများအနက် တစ်ဘာသာတည်းဖြေဆိုရုံဖြင့် ရယူနိုင်သည့် တစ်ခုတည်းသော UK အစိုးရအသိအမှတ်ပြု Diploma ဖြစ်သည်။

**Diploma in Marketing (SCQF Level 7)**
Starting Date : 2.7.2016 (Saturday)
Time: Saturday 5:00 to 8:00 pm
Lecturer : Daw Saint Htet (MBA - Brunel University London - UK)

**Diploma in Human Resource Management (SCQF Level 7)**
Starting Date : 3-7-2016 (Sunday) Time : Sunday 5:00 to 8:00 pm
Lecturer : U Nyi Nyi Maung, Candidate of M.Sc HRM (The University of London), Master of Development Studies (Y.I.E) , B.B.A. (Curtin University, Australia), Fellow of ABE (U.K.) , Master Trainer of ILO (SIYB Program

***Promotion:***
ပုံမှန်သင်တန်းကြေး ၃၇၀၀၀၀ ကျပ် ၊ ဇွန်လ ၂၆ ရက်နောက်ဆုံးထားကျောင်းအပ်ပါက ၃၅၀၀၀၀ ကျပ်
MSHRM အသင်းဝင်များအတွက် ၃၄၀၀၀၀ ကျပ် ၊ ကျောင်းသားဟောင်းများအတွက် ၃၃၀၀၀၀ ကျပ်
ဒီပလိုမာသင်တန်း ၂ ခုစလုံးတက်ရောက်ပါက စုစုပေါင်း ၆၀၀၀၀၀ ကျပ်
၄+၁ အစီအစဉ်အနေဖြင့် ကုမ္ပဏီတူဝန်ထမ်း ၄ ယောက်တက်လျှင် ၅ ယောက်မြောက်သင်တန်းသား FREE

မှတ်ချက် ။ တနင်္လာနေ့တိုင်း ရုံးပိတ်သည်။

Enroll Now!!!

abe SIYB i2A Advanced Certificate HRM




ကုမ္ပဏီများအတွက် Management Training များကိုသီးသန့်စီစဉ်ပေးပါသည်။

Room 402, MGW Tower, Bo Aung Kyaw Street, Botahtaung Tsp., Yangon, Myanmar.
Facebook : www.facebook.com/everup33.HRI, E-mail : info@everup33.com

01-256523
09 73175137

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်
မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော MEC

# MYANMAR EDUCATION CENTRE
# မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှ ဒသမတန်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် - ကက ၁၃/၀၂/၀၉၃

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ

ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ ဧရာပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ပိတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၇၉၈၁၆၁၈၈၇၊ ၀၉ ၅၀ ၅၅၂၀၁၊ ၀၉ ၄၆၁၇၃၅၅၅၅
မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကို ပိုင်နိုင်စွာ သင်ကြားနိုင်သော အတွေ့အကြုံရှိ ဆရာ၊ ဆရာမများ၊ အလိုရှိသည် ။




ပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ (ငြိမ်း) နှင့် ပါရဂူဆရာကြီးများကိုယ်တိုင် ဦးစီးသင်ကြားသော
UMG COLLEGE မှ ဖွင့်လှစ်သည့် HND (UK) သင်တန်းများ

သင်တန်းပြီးဆုံးသည်နှင့်တစ်ပြိုင်နက် လုပ်ငန်းခွင်လက်တွေ့ Internship Training ပါ ပြုလုပ်ပေးမည့် အခွင့်အရေးကို ရယူဖမ်းဆုပ်လိုက်ပါ။

- Business Management
- Information Technology
- Mechanical Engineering
- Civil Engineering
- Electrical and Electronic Engineering



UK, Australia, Singapore အစရှိသော နိုင်ငံတကာတက္ကသိုလ်များတွင် Top-up Course များကို ဆက်လက် တက်ရောက်နိုင်ပြီး B.A(Hons) (သို့) B.Sc(Hons) ဘွဲ့ကို ရယူနိုင်မည့် အခွင့်အရေး

သီရိမင်္ဂလာဈေးဟောင်း၊ ပထမထပ်(ယာ)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - (၀၁) ၂၁၅၆ ၇၀-၉ (လိုင်းခွဲ - ၂၁၃၊ ၂၁၉)
မိုဘိုင်း - (၀၉) ၉၇၇၀ ၁၅၃၃၆၊ ၉၉၇၇၀၁၃၅၂၁၂၊ ၂၅၆၄ ၅၀၀၅၉

HND edexcel Approved Centre
www.facebook.com/umgcollege
Website: www.umgcollege.com

## Victoria University College

"တက္ကသိုလ်ဝင်စာမေးပွဲ မအောင်မြင်သူများအတွက် အထူးသတင်းကောင်း"

- တက္ကသိုလ်ဝင် စာမေးပွဲမအောင်လို့ စိတ်ဓါတ်ကျစရာ မလိုပါ။
- နိုင်ငံတကာအသိအမှတ်ပြုအထက်တန်းအောင်လက်မှတ် ရရှိမည့် Uniprep တန်းခွဲသစ် စတင်လက်ခံပါပြီ။
- Uniprep သင်ယူပြီးပါက Victoria University College တွင်သာမက နိုင်ငံတကာ တက္ကသိုလ်များတွင်ပါ ဆက်လက် ပညာဆည်းပူးခွင့်ရပါမည်။
- အသေးစိတ် စုံစမ်းဆွေးနွေးပြီးမှ အပ်နှံပါ။

ကျောင်းသားရေးရာဌာန _
အမှတ်(၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၅၄၁၃၈၉၊ ၅၄၁၅၅၀၊ ၅၄၉၅၁၅၊ ၀၉၂၅၉၉၂၇၁၀၉၄။
အမှတ်(၁၅၁)၊ ၂၈ လမ်း၊ ၇၇ နှင့် ၇၆ လမ်းကြား၊ ချမ်းအေးသာစံရပ်ကွက်၊ မန္တလေးမြို့။
ဖုန်း - ၀၂ ၂၃၁၁၅၄၊ ၀၉ ၂၅၄၅၇၄၇၃၈၊ ၀၉၅၀၆၀၇၂၀၊ ၀၉၇၈၅၉၆၀၇၂၀။

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့ လုပ်ငန်း
မြို့ကျင်း / နယ်ဝေးအရောက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားများဖြင့်
အလုပ်သမားစိတ်ချရသည်။
09-450042704
09-250095116
09-420096296

## မိုးသောက်ပန်းအဆင့်မြင့်မုန့်တိုက်
(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)
"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ပန်း ရှိနေမယ်"
နံနက်(၉:၀၀)နာရီမှ (၁:၀၀)နာရီအထိ
ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။
(1) Junction စနေအနီး: Ph-01-571545, 09-5126882, 09-43122883
(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း Ph-01-566592, 09-421008133

## MYANMAR FINANCE INTERNATIONAL LIMITED
### မြန်မာဖိုင်းနန့်အင်တာနေရှင်နယ်လီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်အသစ် ခန့်အပ်ကြောင်း အများပြည်သူသိရှိစေရန်ကြော်ငြာချက်

မြန်မာဖိုင်းနန့်အင်တာနေရှင်နယ်လီမိတက်သည် အောက်ဖော်ပြပါပုဂ္ဂိုလ်အား ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင်အသစ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်ကြောင်း မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့စွဲပါ စာအမှတ်-ငကစ/ကက-၆ (၇၄/၂၀၁၅) အရ အများပြည်သူသိရှိစေရန်နှင့် မြန်မာဖိုင်းနန့်အင်တာနေရှင်နယ်လီမိတက်မှ ငွေကြေးဝန်ဆောင်မှုဆောင်ရွက်ပေးနေသည့်အဖွဲ့ဝင်များ သိရှိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဒါရိုက်တာအဖြစ်ခန့်အပ်ခြင်း**
(၁) ဒေါ်ဝေမာမြင့်မောင်(ဒါရိုက်တာ)

ဒါရိုက်တာအဖွဲ့

MYANMAR SEARCH INT'L
Knowledge . Career . Family

# Global Education Fair 2016

ပညာသင်ဆုနှင့်ပညာသင်ထောက်ပံ့ကြေးများလျှောက်ထားနိုင်မည့်နိုင်ငံတကာပညာရေးပြပွဲကြီး




ဆွေးနွေးမည့်အကြောင်းအရာ
ဆေးပညာ၊ အင်ဂျင်နီယာ၊ စီးပွားစီမံ၊ ဖက်ရှင်နှင့်ဒီဇိုင်း၊ မီဒီယာ၊
အိုင်တီနည်းပညာ၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊
တက္ကသိုလ်အကြို Foundation တန်းဘွဲ့ ရပြီးနောက်ပိုင်း
အလုပ်အကိုင်အခွင့်အလမ်းနှင့်လုပ်ခလစာရအလုပ်သင်
အခွင့်အလမ်းများစသည့် .....

| | | | |
|---|---|---|---|
| ရန်ကုန် | June 24 2016 , Friday | 10:00 am - 1:00 pm | Sule Shangri-La (Bago Room) |
| မန္တလေး | June 25 2016 , Saturday | 2:00 pm - 5:00 pm | Sedona Hotel (Ballroom) |
| တောင်ကြီး | June 26 2016 , Sunday | 1:00 pm - 5:00 pm | Royal Star Hotel (Ballroom) |

MSI Call us: 01-250929 , 09-5103915 , 09-420037616 Free Seminar

★STAR★
ဆိုဖြုသစ် အရောင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းမြို့မြေကွက်များ
ဝယ်လိုသည်။
Ph:09-43088052,
09-73254389,
09-421067330

KO YE
အိမ်၊ခြံ၊မြေ အကျိုးဆောင်
ဒဂုံရွှေပိုင်း၊ တောင်ပိုင်း၊
မြောက်ပိုင်း၊ ဆိပ်ကမ်း၊
မြို့နယ်များရှိမြေကွက်များ
ဝယ်လိုပါသည်။
09 73111472
09 421120927

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေထိုက်ကိုစိုး

MTG
ပဉ္စမအကြိမ်မြောက် မြန်မာ့အပြည်ပြည်ဆိုင်ရာ
ချည်မျှင်နှင့်အထည်အလိပ်ဆိုင်ရာ
စက်ပစ္စည်းပြပွဲကြီး
၂၄.၆.၂၀၁၆ မှ ၂၆.၆.၂၀၁၆ နံနက် ၁၀း၀၀နာရီ မှ ညနေ ၄း၃၀ ထိ
၂၇.၆.၂၀၁၆ နံနက် ၁၀း၀၀နာရီ မှ မွန်းလွဲ ၂း၀၀ ထိ
ရှင်စောပုလမ်း ၊ ရန်ကုန်မြို့ ။
Shin Saw Pu Rd., Yangon, Myanmar
www.myanmar-expo.com/MTG
နိုင်ငံပေါင်း ၂၀ကျော်မှလာရောက်ပြသသော နိုင်ငံတကာသုံး ပစ္စည်းအမျိုးအစားပေါင်း ၃၀၀ကျော်ကိုလာရောက်လေ့လာနိုင်ပါသည်။

ပြပွဲအတွင်းသို့ လွယ်ကူစွာ ဝင်ရောက်လေ့လာနိုင်ခြင်း
အခမဲ့ လက်ဆောင်ပစ္စည်းများ စီစဉ်ထားခြင်း
ပြပွဲလမ်းညွှန်စာအုပ်များ စီစဉ်ထားခြင်း
နိုင်ငံတကာမှ ၇၅% သော စီးပွားရေးလုပ်ငန်းရှင်အသင်းများနှင့် တွေ့ဆုံပြီး လုပ်ကြီးမင်းတို့၏ စီးပွားရေး အခွင့်အလမ်းများကိုရယူလိုက်ပါ။
myokyiphyutun25@gmail.com
01-9010753
01-9010754
Organizer Workers Trade & Marketing Service Co., Ltd.
Co-Organizer Myanmar Garment Manufacturers Association (MGMA)
Official Supporter The Republic of Union of Myanmar Federation of Chambers of Commerce & Industry (U.M.F.C.C.I.)
Event Management Chan Chao International Co., Ltd.

Home Since 1996

မိုးရာသီ အထူး
Special Promotion
GET 1 Box !
3 ကျင်း ဝယ်လျှင်
ပထမဆုံးဝယ်ယူသူ ၃၀ ဦး အထိသာ
လက်ဆောင်
** Selected items only
ကျွန်ုပ်နေသော အစားထိုး 100 % ရေစိမ်ခံ
အခန်းဖွဲ့နှင့် မျက်နှာကျက်ပြား

2 ကျင်း ထပ်
GET 1 Free
အပင်တု အလှဆင်ပန်းပင်
လက်ဆောင် ၂၀ ခု အထိသာ
** Selected items only
Branch Showroom › အမှတ် E 11-A၊ လေး ဒေါင့်ကန်လမ်းမ၊ ဘီအိုစီမှတ်တိုင်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 79 700 7073, 09 79 700 7083

တိုက်ကြီးမြို့အဝင်
မြေကွက်ရောင်းမည်
ပြည်လမ်းမကြီးအနီး စိုက်ပျိုးပြီး နှစ်ပေါက်(၁၅၀)ပင်ပါ ဥယျာဉ်ခြံမြေ (၂.၅)ဧက ပုံစံ(၇) ဈေး(၁၅၀)သိန်း
၀၉-၅၇၅၉၈၈၈၃၉၂၊ ၀၉-၅၇၅၈၈၄၇၇၇၅၀

ခဂုံမြို့သစ်
အငှားပိုင်း
သိပ်ကောင်းပြီးနှယ်
ဆောင်ရိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ်-5J/7997 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

● Diesel Forklift
● Battery Forklift
2 Tons to 25 Tons
ရောင်းရန်/ငှားရန်ရှိသည်

5 KVA to 2815 KVA
Gensets
Aung Thein Than Co.,Ltd
Hot Line: 09799688777
ဆက်သွယ်ရန် - ပီမိုးနင်းလမ်းနှင့် ရန်ကုန် - ပုသိမ်လမ်းဒေါင့်၊ လှိုင်သာယာမြို့နယ်။
Tel: 095004831,09 73100850, 09 73100851,01 527203, 02 76469,067 27029
www.aungtheinthanmyanmar.com
Showe Room -Building:F/S(2) ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊
Tel: 01 530893, 536493, 526186, 525671

## ရောင်းမည်

သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇိုင်(၃)လမ်း၊ (၆)လမ်း၊ (၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (B.C.C ရရှိပြီး)

ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇၊ ၀၉-၅၀၀၂၉၃၁

## ငှားရန်ရှိသည်။

နိုင်ငံခြားသားများနေထိုင်ရန်နှင့် ရုံးခန်းများအတွက် Appartment အခန်းများ ငှားရန်ရှိသည်။
ပတ်ဝန်းကျင်အေးချမ်းလုံခြုံကောင်းမွန်ပြီး Junction Square အနီးရှိ၍ Car Parking ရှိသည်။

**Ph: 09-5109724,09-780006270**

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းအများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ကိုသိလ၏ဇနီး မပြုံးပြုံးမြတ်အောင်(၆/မမန(နိုင်)၁၃၁၅၃၀)သည် အိမ်ထောင်ကျသည့်အချိန်မှစ၍ မယားဝတ္တရား မကျေမှန်သည့်အပြင် စိတ်ဆင်းရဲအောင်အမြဲပြုမူလျက်ရှိပြီး ၎င်းသည် (၁၀-၄-၂၀၁၆)ရက်တွင်မိမိသဘောအလျောက် နေအိမ်မှထွက်ခွာသွားပါသည်။ ယနေ့အထိ အဆက်အသွယ်မပြုပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမှ တာဝန်ယူမည်မဟုတ်ကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

ကိုသိလ၏လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင်လှိုင်(LL.B) စဥ်(၇၇၀၀/၁၀)

ဒေါ်စန္ဒာအောင်(LL.B) စဥ်(၇၆၇၆/၁၀)

(တရားလွှတ်တော်ရှေ့နေများ)

အမှတ်-၆၂၀၊ မဟာဗန္ဓုလလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၈၀၄၉၉၅၄၊ ၀၉-၄၂၀၁၈၁၆၅၅

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ်(၁၀၃)၊ အကျယ်အဝန်းအားဖြင့် စတုရန်းပေ(၄၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက် ဒေါ်မေမေသွင်[၁၂/တမန(နိုင်)၀၄၉၁၇၉]ထံမှ အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးစိုးနိုင်[၇/သဝက(နိုင်)၀၀၀၀၃၇]က ကျွန်ုပ်၏မိတ်ဆွေအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်သဘောတူ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးတစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် (၅)ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၃၄၅၈)**
**အမှတ်-၁၅၊ ရတနာလမ်း၊ ဗျိုင်းရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉၅၀၄၂၂၉၆**

# သမ္မတ ဝါဆိုသင်္ကန်းများ လက်လီ/လက်ကား ဝယ်ယူရရှိနိုင်ပါပြီ ....

- အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ ၀၁-၅၄၅၃၉၄၊ ၀၁-၅၄၅၃၉၆
- အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။ ၀၁-၅၄၃၂၀၂၊ ၀၁-၅၄၃၂၀၆
- အမှတ်-၂၃/ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ ၀၁-၃၈၀၅၇၇
- အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ ၀၉-၇၃၀၁၆၀၃၂
- အမှတ်-၁၂၅၊ သံဈေးရှေ့၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။ ၀၁-၂၂၅၅၀၆
- ရန်ကုန်မန္တလေးကားလမ်း၊ ဆင်ရတနာ၊ မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနား။ ၀၆၇-၂၂၅၉၇
- ၂/၀၃၊နေပြည်တော်လမ်းမကြီး(ယခင်ပျဉ်းမနား-တောင်ညိုလမ်း)၊ ဆင်ရတနာအနီးယောက်သွားအင်းရပ်၊နေပြည်တော်-ပျဉ်းမနားမြို့။ ၀၆၇-၂၅၇၇၇

**သမ္မတဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ / လက်ကား ဝယ်ယူရရှိနိုင်ပါသည်**







## နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)
## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ (၁၀-၇-၂၀၁၆)

နတ်တလင်းမြို့၊ မဟာစည်သန္တိသုခကျောင်းတိုက်ဆရာတော် ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသုဇာတအား ဂုဏ်ပြုချီးကျူး ပူဇော်ပွဲနှင့် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသားများ၊ နယ်သူ၊ နယ်သားများ မပျက်မကွက်တက်ရောက်ကြပါရန် အသိပေးဖိတ်ကြားအပ် ပါသည်။ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းလိုပါက ဒေါ်ဝင်းကြည် (၀၁-၂၉၄၂၈၂)၊ ဦးလှသန်း(၀၁-၅၃၇၈၃၉)၊ ဦးဝင်းအောင် (၀၁-၆၆၃၀၄၁)သို့ ဆက်သွယ်စုံစမ်းပါရန်။

ကျင်းပမည့်နေ့ - ၁၀-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈:၀၀ နာရီမှ ၁၂:၀၀ နာရီထိ
ကျင်းပမည့်နေရာ - နတ်တလင်းအသင်းတိုက်၊ ၁၅၃(၃A) ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်။

(မြကန်သာ "အုန်း" မြန်မာထမင်းဖြင့် ဆွမ်းဆက်ကပ်ဧည့်ခံကျွေးမွေး ပါမည်)

**အမှုဆောင်အဖွဲ့**


MYANMAR ARCHITECT COUNCIL


**ဧရာဝတီ အိမ်ခြံမြေ မှရောင်း/ငှားမည်**

**စက်မှုဇုန် - ရောင်း/ငှား**

| | | |
|---|---|---|
| 1.ရွှေပေါက္ကံစက်မှုဇုန် | (220×100)ဂို(60×120)2ထပ် | 8000L |
| 2.ရွှေပြည်သာစက်မှုဇုန် | (3ဧက) | 1ဧက-5500L |
| 3.ရန်ကုန်စက်မှုဇုန် | (2ဧက) | 1ဧက-5500L |
| 4.အရှေ့ဒဂုံစက်မှုဇုန် | (2.84ဧက) | 1ဧက-3700L |
| 5.မြောင်းတကာစက်မှုဇုန် | (4ဧက) | 1ဧက-800L |
| 6.ရွှေပြည်သာစက်မှုဇုန် | ဂို(140×180)400KVA | 88L |
| 7.မင်္ဂလာဒုံစက်မှုဇုန် | ဂို(120×100) | 50L |
| 8.အရှေ့ဒဂုံစက်မှုဇုန် | ဂို(40×100)315KVA | 45L |
| 9.တ/ဥက္ကလာစက်မှုဇုန် | (50×150)ဂို(45×120)315KVA | 40L |
| 10.လှိုင်သာယာစက်မှုဇုန် | ဂို(50×100)315KVA | 35L |
| 11.မ/ဥက္ကလာစက်မှုဇုန် | (40×150)ဂို(30×100)3ထပ် | 30L |

**Condo၊ တိုက်ခန်း - ရောင်း/ငှား**

| | | |
|---|---|---|
| 1.ယုဇနပလာဇာအနီး၊တာမွေ | (40×80)GF,လှုပ်ငန်းဆောင် | 12000L |
| 2.Twin Centerကွန်ဒို၊စခ | (1750Sqft)M1,S2,ပြင်ဆင်ပြီး | 4000L |
| 3.သီရိရိပ်သာကွန်ဒို၊မရက | (1500Sqft)M1,S2,AC3 | 2500L |
| 4.Royalဆရာစံကွန်ဒို၊ဗဟ | (1550Sqft) | 2500L |
| 5.သစ္စာရိပ်သာကွန်ဒို၊ရက | (1350Sqft)M2,S1 | 1700L |
| 6.မလိခကွန်ဒို၊သဃက | (900Sqft)M1,S1,AC2 | 1550L |
| 7.ရွှေအုန်းပင်အိမ်ရာ၊ရက | (900Sqft)M1,S1,AC3 | 1450L |
| 8.မဟာဗန္ဓုလလမ်း၊ကတတ | (15×60)AC1,ထပ်ခိုး,GF | 18L |
| 9.Diamond Condo၊ကမရ | (1200Sqft)M1,S1,AC3 | 17L |
| 10.မိုးကောင်းလမ်း၊မရက | (17×50)လုပ်ငန်းဆောင်,GF | 10L |
| 11.တက္ကသိုလ်ရိပ်မွန်ကွန်ဒို၊ဗဟ | (1350Sqft)M1,S2,AC3 | 10L |

☎- 0973054542, 0973494343, 0973161672



မင်္ဂလာဒုံစက်မှုဇုန်ရှိ အဆောက်အအုံပါ မြေကွက်များ ဈေးကောင်းပေး၍ အမြန် ဝယ်လိုသည်။

ဖုန်း - ၀၉-၅၁၄၃၄၁၈၊ ၀၉-၉၇၉၂၀၇၇၃၀၊ ၀၁-၆၈၄၁၂၆



**ဒဂုံမြို့သစ်**

အရှေ့ပိုင်း၊ ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-500 5916
09-730 97123



**ကွန်ဒိုငှားမည်**

River View Point Tower ကွန်ဒိုအသစ် (2000Sqft) ကမ်းနားလမ်းနှင့် သစ်တောလမ်းထောင့်၊ အလုံမြို့နယ် (အဆင့်မြင့်ပြင်ဆင်ပြီး)

Ph:01-687638, 09-785019667



**ရောင်းရန်ရှိသည်**

အင်းလေး (HOTEL ZONE) ရှိ မြေကွက်အလွတ် ရောင်းရန်ရှိသည်။

**ဆက်သွယ်ရန်ဖုန်း**-၀၉-၃၁၂၉၄၇၃၃၊ ၀၉-၂၅၄၂၀၃၀၇၉၊ ၀၁-၂၃၁၄၆၇၀

# မဟာသမယအခါတော်နေ့အခမ်းအနား ရွှေတိဂုံစေတီတော်၌ ကျင်းပ



သတင်း - ကိုကိုဇော်၊ ဓာတ်ပုံ - ဇော်မင်းလတ်နှင့်ရဲထွဋ်

**ရန်ကုန် ဇွန် ၂၀**

နယုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက်သာမက ကမ္ဘာ့လူသားများအတွက်ပါ ငြိမ်းချမ်းရေးမှတ်တိုင်ကို စိုက်ထူနိုင်သော နေ့ထူးနေ့မြတ်ကြီးဖြစ်သည်။မြတ်စွာဘုရားသည် ထိုနေ့၌ ကပိလဝတ်ပြည် မဟာဝုန်တောကြီးအတွင်း မဟာသမယသုတ် ဟောကြားတော်မူသည်ကို အကြောင်းပြု၍ နယုန်လပြည့်နေ့၌ မဟာသမယအခါတော်နေ့ကျင်းပရခြင်းဖြစ်သည်။ နယုန်လပြည့်နေ့သည် ရေလုပွဲကြီး ဆင်နွှဲကြသော တောင်သူလယ်သမားတို့ ငြင်းခုန်ခိုက်ရန်ဘေးမှကင်းဝေး၍ ထူးခြားခြင်း၊ ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင် စစ်ခင်းတော့မည့် ဘေးအန္တရာယ်မှ ကင်းဝေးပြီး ငြိမ်းချမ်းရေးရသောနေ့ဖြစ်၍ ထူးခြားခြင်း၊ ဘုရားလက်ထက်တွင် နတ်ပြဟ္မာ၊ အသူရာနှင့် ဂဠုန်၊ နဂါးများ၊ ရဟန်းတော်များ ဤတစ်ကြိမ်သာ စုရုံးသော နေ့ဖြစ်၍ ထူးခြားခြင်း၊ မင်းသားငါးရာ သာသနာ့ဘောင်သို့ ဝင်ရောက်သောနေ့ဖြစ်၍ ထူးခြားခြင်း၊ ရဟန်းတော် ငါးရာလုံး ရဟန္တာချည်းဖြစ်သောနေ့ဖြစ်၍ ထူးခြားခြင်း၊ နိမ္မိတဘုရားက မေး၍ ပကတိဘုရားက ဖြေဆိုသည်ကို နာရသောကြောင့် ထူးခြားခြင်း၊ မဟာသမယကို အကြောင်းပြု၍ ဂဠုန်နှင့်နဂါးတို့ ခိုက်ရန်မဖက် မေတ္တာသက်ဝင်သော နေ့ဖြစ်၍ ထူးခြားခြင်း၊ မဟာသမယဆိုင်ရာ သုတ္တန်ခုနစ်မျိုးကို **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

## နိုင်ငံ့အကျိုးစီးပွားနှင့် နိုင်ငံခြားသားဆရာဝန်များ

စာမျက်နှာ - ၇

## ဆွစ်ဇာလန်နှင့် ပြင်သစ် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ပြီး နှစ်သင်းစလုံး ယူရိုပြိုင်ပွဲ၏ ၁၆ သင်းအဆင့် တက်လှမ်း

စာမျက်နှာ - ၁၃

# ဆူဇူကီးဖလားယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်း ဖွဲ့စည်း

ရှိုင်းထက်ဇော်

**ရန်ကုန် ဇွန် ၂၀**

AYA Bank Cup လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုများရပ်နားထားသည့် မြန်မာ့လက်ရွေးစင်အသင်းသည် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဆူဇူကီးဖလားပြိုင်ပွဲအတွက် ဇွန် ၂၁ ရက်တွင် ပြန်လည်လေ့ကျင့်တော့မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၉ ဦးဖြင့် ဖွဲ့စည်းထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယနေ့စတင်လေ့ကျင့်မည်ဖြစ်သော်လည်း စခန်းဝင်လေ့ကျင့်ခြင်းမဟုတ်သေးဘဲ ကြားရက်များတွင် တစ်ပတ်လျှင် တစ်ရက်နှုန်းဖြင့် လေ့ကျင့်ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် အသင်းကို ကစားသမား ၂၉ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမား ၂၇ ဦး၊ ကစားသမားသစ်နှစ်ဦးပါဝင်လာသည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် ခံစစ်ပိုင်းအားဖြည့်ရန် ရှမ်းယူနိုက်တက်အသင်းမှ နောက်ခံလူ ဇော်လင်းနှင့် ဂိုးသမား မျိုးမင်းလတ်တို့ကို **စာမျက်နှာ ၉ ကော်လံ ၁ သို့** ○



လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ တတိယနေရာလုပွဲတွင် မြန်မာနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

